# ကြေးမုံ

*The Mirror Daily*

၁၉၅၇ ခုနှစ် ဇွန် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**မကောင်းမှုကို ရှောင်ကြဉ်**

အဖော်နည်းသော များသောဥစ္စာရှိသော ကုန်သည်ကြီးသည် ဘေးအန္တရာယ်များသော ခရီးကိုရှောင်ကြဉ်သကဲ့သို့လည်းကောင်း၊ အသက်ရှင်လိုသောသူသည် လတ်တလော သေစေတတ်သော အဆိပ်ကိုရှောင်ကြဉ်သကဲ့သို့လည်းကောင်း ပညာရှိသည် မကောင်းမှုကို ရှောင်ကြဉ်ရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၃)


၁၃၈၀ ပြည့်နှစ် နယုန်လဆန်း ၂ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday 16 May 2018 ၉၂၈၈


# ပြန်လည်စွန့်လွှတ်အပ်နှံသည့် မြေယာများ မူလတောင်သူများသို့ ပြန်လည်လွှဲပြောင်းပေးအပ်ပွဲ ကျင်းပ

## တောင်သူလယ်သမားကြီးများအနေဖြင့် သားစဉ်မြေးဆက် လယ်ယာမြေကို လုပ်ကိုင်ကြရင်း လူမှုစီးပွားဘဝ မြင့်မားလာချိန် ရောက်တော့မည်

မန္တလေး မေ ၁၅

**လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်အတွင်း ကာကွယ်ရေးဝန်ကြီးဌာနမှ ပြန်လည်စွန့်လွှတ်အပ်နှံသည့် စိုက်ပျိုးမြေများအား မူလတောင်သူများထံ ယာယီလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၃) ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။**



မြေယာပြန်လည်လုပ်ပိုင်ခွင့်ရရှိသည့် မူလတောင်သူများအား ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက မိမိတို့ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီဖွဲ့စည်းပြီးနောက် မန္တလေးတိုင်းဒေသကြီးအတွင်း ယခုကျင်းပသည့် အခမ်းအနားအပါအဝင် စွန့်လွှတ်အပ်နှံမြေများကို မူလတောင်သူများထံ လွှဲပြောင်းပေးအပ်ပွဲ ငါးကြိမ်ကျင်းပနိုင်ခဲ့ပြီး

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**

# အလွန်ရှုပ်ထွေးပြီး နိုင်ငံရေးအရ ထိခိုက်လွယ်သည့် ရခိုင်ပြဿနာကို မျှတမှုရှိပြီး အပြုသဘောဆောင်သည့်နည်းလမ်းဖြင့်သာ ဖြေရှင်းနိုင်မည်

## ကုလသမဂ္ဂလုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံများ၏ မြန်မာနိုင်ငံခရီးစဉ်နှင့် ပတ်သက်၍ မြန်မာအမြဲတမ်းကိုယ်စားလှယ် မိန့်ခွန်းပြောကြား

**နေပြည်တော် မေ ၁၅**

၂၀၁၈ ခုနှစ် ဧပြီ ၂၈ ရက်မှ ၃၀ ရက်နံနက်အထိ ဘင်္ဂလားဒေ့ရှ် နိုင်ငံနှင့် ဧပြီ ၃၀ ရက်မှ မေ ၁ ရက်အထိ မြန်မာနိုင်ငံသို့ သွားရောက်ခဲ့သည့် လုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံများ၏ ခရီးစဉ်များနှင့်ပတ်သက်၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ မေ ၁၄ ရက် ညနေ ၃ နာရီတွင် တံခါးဖွင့်ရှင်းလင်းပွဲတစ်ရပ် ကျင်းပရာ လက်ရှိအလှည့်ကျဥက္ကဋ္ဌဖြစ်သည့် ပိုလန်နိုင်ငံက အစည်းအဝေးကို ဦးဆောင်ကျင်းပပြီး ခရီးစဉ်များ ဦးဆောင်စီစဉ်သည့် ကူဝိတ်၊ ပီရူးနှင့် ယူကေတို့က ဘင်္ဂလားဒေ့ရှ်နှင့် မြန်မာနိုင်ငံခရီးစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် တက်ရောက်သည့် လုံခြုံရေးကောင်စီဝင် နိုင်ငံများဖြစ်ကြသော တရုတ်၊ အမေရိကန်၊ ဆွီဒင်၊ ပြင်သစ်၊ ကာဇက်စတန်၊ အီကွေတိုရီးယားဂီနီ၊ ရုရှား၊ နယ်သာလန်၊ ပိုလန် နိုင်ငံတို့က ဆွေးနွေးခဲ့ကြသည်။

**စာမျက်နှာ ၄ ကော်လံ ၁ သို့ ✳**




ကြေးမုံ

# ငြိမ်းချမ်းသာယာရေးကို ဆောင်ကြဉ်း

မြန်မာနိုင်ငံသည် ထွန်းသစ်စနိုင်ငံ၊ ဖွံ့ဖြိုးတိုးတက်စနိုင်ငံ၊ ဒီမိုကရေစီအသွင်ကူးပြောင်းစနိုင်ငံဖြစ်၍ မိမိတို့နိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုများတွင် မြန်မာနိုင်ငံသားများ ညီညီညွတ်ညွတ် လက်တွဲဆောင်ရွက်ကြရမည်ဖြစ်သည်။ တစ်ချိန်တည်းတွင် မြန်မာနိုင်ငံ၏ ဖြစ်စဉ်ဖြစ်ရပ်များအား နိုင်ငံတကာက စောင့်ကြည့်လေ့လာလျက်ရှိသည်ကိုလည်း သတိမူရမည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံဖွံ့ဖြိုးရေး၊ နိုင်ငံတည်ငြိမ်အေးချမ်းရေးလုပ်ငန်းများတွင် အထူးဦးစားပေး ဆောင်ရွက်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံအတွက် လက်ရှိလိုအပ်ချက်မှာ စည်းလုံးညီညွတ်ခြင်းကို ဖော်ညွှန်းသော နိုင်ငံတည်ငြိမ်အေးချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးတို့ပင်ဖြစ်ပြီး ထိုအရေးများ အောင်မြင်ဖြစ်ထွန်းပါကရေခံ၊ မြေခံ၊ အခြေခံကောင်းများ တည်ရှိပြီးသော မြန်မာနိုင်ငံအဖို့ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံဖြစ်လာမည်မှာ အမှန်ဖြစ်သည်။ တစ်နိုင်ငံလုံးတည်ငြိမ်အေးချမ်း ဖွံ့ဖြိုးတိုးတက်ခြင်း၏ ရလဒ်အဖြစ် တိုင်းရင်းသားပြည်သူအားလုံး စိတ်နှလုံးအေးချမ်းစွာဖြင့် ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်နိုင်ကြမည်ဖြစ်သည်။

သို့သော် ထိုအခြေအနေကောင်းများနှင့် မနီးစပ်သေးသည်ကို မြင်တွေ့ကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံမြောက်ပိုင်းတွင် တိုက်ပွဲများဖြစ်ပွားနေပြီး ပြည်သူများ အတိဒုက္ခရောက်နေကြသည်။ ထိုအခါ မြန်မာနိုင်ငံရှိ ပြည်သူလူထုတစ်ရပ်လုံး စိတ်နှလုံး မချမ်းမြေ့ဖွယ်ဖြစ်ကြရသလိုကမ္ဘာ့ပြည်သူများအနေဖြင့်လည်း စစ်ဘေးဒုက္ခရောက်ကြရသော ပြည်သူများအတွက် စိတ်မကောင်း၊ ဝမ်းနည်းဖြစ်ကြပေလိမ့်မည်။ ထိုကဲ့သို့ မငြိမ်းချမ်းသောအဖြစ်များအတွက် ကန့်ကွက်ရှုတ်ချမှုများ ဖြစ်ပေါ်နေသည်ကို နားလည်ကြရပေလိမ့်မည်။

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ဒေသတွင် မကြာသေးမီက ဖြစ်ပွားခဲ့သော တိုက်ပွဲများတွင် အပြစ်မဲ့ပြည်သူများ သေဆုံးခဲ့ရသဖြင့် အင်အားကြီးနိုင်ငံကြီး နှစ်နိုင်ငံဖြစ်သော မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးနှင့် အမေရိကန်သံရုံးတို့က အဆိုပါတိုက်ပွဲများအပေါ် ပြစ်တင်ရှုတ်ချ၊ ဝမ်းနည်းကြေကွဲရကြောင်း ပြောဆိုလာကြသည်ကို ကြားသိရမည် ဖြစ်သည်။

တရုတ်သံရုံး၏ ထုတ်ပြန်ချက်တွင် မြန်မာနိုင်ငံသည် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ တတိယအစည်းအဝေးကျင်းပရန် အာရုံစိုက်ပြင်ဆင်နေကြောင်း၊ တရုတ်နိုင်ငံသည်လည်း မြန်မာနိုင်ငံဘက်မှ လိုအပ်သည်များကို တက်တက်ကြွကြွ ကူညီထောက်ပံ့နေကြောင်း၊ တရုတ်-မြန်မာ နယ်စပ် တည်ငြိမ်အေးချမ်းရေးကို တမင်နှောင့်ယှက်သော အပြုအမူများကို ကျွန်ုပ်တို့အနေဖြင့် ပြတ်ပြတ်သားသား ဆန့်ကျင်ကြောင်း၊ မြန်မာနိုင်ငံအမျိုးသားပြန်လည်သင့်မြတ်ရေးနှင့်ငြိမ်းချမ်းရေး ဖြစ်စဉ်ကို အပြုသဘောဆောင်သည့် အခန်းကဏ္ဍမှ ဆောင်ရွက်ရန် မေတ္တာရပ်ခံပန်ကြားပါကြောင်း စသည်ဖြင့်ဖော်ပြထားသည်။

အမေရိကန်သံရုံး၏ ထုတ်ပြန်ချက်တွင် မကြာသေးမီကဖြစ်ပွားခဲ့သော တိုက်ပွဲများကြောင့် သေကျေဒဏ်ရာရမှုများရှိခဲ့သည့်အတွက် မိမိတို့အနေဖြင့် များစွာစိုးရိမ်ပူပန်မိကြောင်း၊ ယင်းပဋိပက္ခအတွင်း အသက်ဆုံးရှုံးခဲ့ရသူများနှင့် ဒဏ်ရာရရှိခဲ့သူများ၏ မိသားစုများနှင့်ထပ်တူ ဝမ်းနည်းကြေကွဲမိပါကြောင်း၊ ဆယ်စုနှစ်များစွာ ဒုက္ခပေးနေခဲ့သော ပြဿနာကို ငြိမ်းချမ်းစွာဖြေရှင်းရေးအတွက် ညှိနှိုင်းဆောင်ရွက်ကြပါရန် သက်ဆိုင်ရာအဖွဲ့အစည်းများအားလုံးကို တိုက်တွန်းပါကြောင်း စသည်ဖြင့် ဖော်ပြထားသည်။

မူဆယ်ဒေသတွင် ဖြစ်ပွားခဲ့သော တိုက်ပွဲများကြောင့် ပြည်သူများ ထိခိုက်သေကျေခဲ့ရမှုအပေါ် နိုင်ငံကြီးနှစ်နိုင်ငံက အပြုသဘောဆောင် အကောင်းမြင်ပြောကြားသည်မှန်သော်ငြားလည်း မိမိတို့နိုင်ငံအရေးကို မိမိတို့ကိုယ်တိုင်သာ ငြိမ်းချမ်းစွာ အဖြေရှာကြရမည်ဖြစ်သည်။ လက်နက်ကိုင်ဖြေရှင်းခြင်းသည် နိုင်ငံနှင့်လူမျိုးကို ထိခိုက်နစ်နာစေသဖြင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ငြိမ်းချမ်းစွာအဖြေရှာခြင်းဖြင့် ငြိမ်းချမ်းသာယာသော နိုင်ငံဖြစ်စေရေးကို ဖန်တီးကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံတစ်ဝန်းလုံး အေးချမ်းသာယာဝပြောရေးအတွက် ပြည်သူများအားလုံး ညီညီညွတ်ညွတ် ပူးပေါင်းပါဝင် ဆောင်ကြဉ်းပေးကြပါရန် လေးစားစွာဖြင့် မေတ္တာရပ်ခံအပ်ပါသည်။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီအစည်းအဝေး ကျင်းပ

**နေပြည်တော် မေ ၁၅**

အခွန်ဆိုင်ရာ စီမံအုပ်ချုပ်မှုဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးအေးသာအောင်၊ ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီတို့မှ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ တွဲဖက်အတွင်းရေးမှူးများနှင့် ကော်မတီဝင်များ၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။



**သတင်းစဉ်**

# သုတေသနပညာရှင်များ၏ အရည်အသွေးမြှင့်တင်ရေးကို ဦးစားပေးဆောင်ရွက်ကြရန်လို

**နေပြည်တော် မေ ၁၅**

သုတေသန အကြံကောင်းတစ်ချက်သည် နိုင်ငံအကျိုးစီးပွား ဖွံ့ဖြိုးရေးကို ကြီးမားစွာ အထောက်အပံ့ပေးနိုင်သည်ဖြစ်ရာ သုတေသနပညာရှင်များ၏ အရည်အသွေးမြှင့်တင်ရေးကို ဦးစားပေးဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ သုတေသနပညာရှင်များအနေဖြင့် လက်ရှိလုပ်ကိုင်ဆောင်ရွက်လျက်ရှိသော နည်းပညာရပ်ပိုင်းဆိုင်ရာ ချို့ယွင်းအားနည်းချက်များကို ထောက်ပြပေးရန်၊ ပြုပြင်ဆောင်ရွက်သင့်သည့်နည်းလမ်းများကို အကြံပြုရန်နှင့် နည်းပညာသစ်များ ရှာဖွေဖော်ထုတ်ပေးရန် တာဝန်ရှိသူများဖြစ်သည်ဟု ခံယူချက်ကောင်းများ ထားရှိပြီး အားထုတ်ကြိုးပမ်းကြရန် လိုအပ်ကြောင်း မေ ၁၄ ရက် နံနက် ၉ နာရီခွဲက နေပြည်တော် ရေဆင်းစိုက်ပျိုးရေးသုတေသနဦးစီးဌာန တာဝန်ရှိသူများနှင့် တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ဆွေးနွေးပြောကြားသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်း၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာမျိုးကြွယ်၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများ၊ သုတေသနပညာရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန့်လွင်ဦးက စိုက်ပျိုးရေးသုတေသနဦးစီးဌာန ဖြစ်ပေါ်လာပုံနှင့် လက်ရှိဆောင်ရွက်လျက်ရှိသော သုတေသနလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်သွားမည့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးမှာကြားရာ၌ နိုင်ငံတကာ၏ တိုးတက်ပြောင်းလဲနေမှုများကို သုတေသနပညာရှင်များအနေဖြင့် မျက်ခြည်မပြတ် ဆည်းပူးလေ့လာကြရန်လိုအပ်ကြောင်း၊ မိမိတို့တာဝန်ယူဆောင်ရွက်သည့် လုပ်ငန်းကဏ္ဍ၏အရေးပါမှု အကျိုးသက်ရောက်မှုများကို ကောင်းစွာ နားလည်သဘောပေါက် တန်ဖိုးထားကြရန် လိုအပ်ကြောင်း၊ လက်ရှိအခြေအနေကို အကောင်းဆုံး အသုံးချပြီး လိုက်လျောညီထွေမှုရှိသည့် နည်းပညာရပ်များအဖြစ် ပြောင်းလဲအသုံးချဆောင်ရွက်နိုင်ရန် သက်ဆိုင်သူများ အားလုံးက ဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ နောင်မျိုးဆက်သစ်မောင်မယ်များအတွက် ကောင်းမွန်သည့် အလေ့အထကောင်းများ၊ အမွေကောင်းများ ထားရစ်နိုင်ရေး ရည်ရွယ်ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သုတေသနဓာတ်ခွဲခန်းများ၊ မျိုးစေ့ဘဏ်နှင့် မျိုးစေ့နမူနာများကို ကြည့်ရှုခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် မေ ၁၅**

ရန်ကုန်(ရွှေဈေး) ၉၃၉၀၀၀ - ၉၃၉၀၀၀ မန္တလေး(ရွှေဈေး) ၉၃၉၀၀၀ - ၉၃၉၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၆၀/၈၆၅ ကျပ်၊ | ၉၀၅/၉၂၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၆၅/၈၇၅ ကျပ်၊ | ၉၆၅/၉၇၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၈၂၀/၈၃၀ ကျပ်၊ | ၉၁၀/၉၂၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၇၀/၈၈၀ ကျပ်၊ | ၉၁၅/၉၃၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၂၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၂၈/၈၃၀ ကျပ်၊
အောက်တိန်း ၉၂ တစ်လီတာ ၇၈၀/၇၈၇ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၄၂.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၀၁.၈ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၁၁.၇၀ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၂.၀၈၂ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၃၉.၅၇ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၉.၈၆၄ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၂၂၃.၆ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၅.၄၆ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၁၀.၄ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၀၅.၀ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း
**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## မဏ္ဍိုင်ကြီးသုံးရပ် ပူးပေါင်းဆောင်ရွက်

ကျွန်တော်တို့အနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အပ်နှင်းထားတဲ့ အခွင့်အာဏာကို တတ်နိုင်သမျှ ပိုင်းခြားကျင့်သုံးနေကြတဲ့ မဏ္ဍိုင်ကြီးသုံးရပ် အကြားမှာ အပြန်အလှန်လေးစားမှု၊ အပြန်အလှန်နားလည်မှု၊ အပြန်အလှန်ယုံကြည်မှုတွေနဲ့ ပြည်သူတွေအကျိုးအတွက် ပူးပေါင်းဆောင်ရွက်သွားကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။ ဒါ့အပြင် ပြည်သူတွေရဲ့ နားတွေ၊ မျက်စိတွေဖြစ်တဲ့ သတင်းမီဒီယာတွေရဲ့ အခန်းကဏ္ဍကို အလေးအနက်ထားကြဖို့၊ ကျွန်တော်တို့ အလုပ်အကျွေးပြုရမယ့် နိုင်ငံသူ နိုင်ငံသားတွေရဲ့ ပြည်သူ့မဏ္ဍိုင်ကို အလေးအမြတ်ပြုကြဖို့ တစ်ဆက်တည်းမှာပဲ တိုက်တွန်းပြောကြားလိုပါတယ်။

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က ပြည်ထောင်စုလွှတ်တော်တွင် ကျင်းပသည့် ကတိသစ္စာပြုပွဲအခမ်းအနား၌ ပြောကြားသည့်မိန့်ခွန်းမှကောက်နုတ်ချက်)

## အောင်မြင်ခြင်းရဲ့ အဓိကအကြောင်းတရား

ဘယ်လိုစီမံကိန်းတွေပဲ ချမှတ်ချမှတ်၊ အကောင်အထည်ဖော်ရာမှာ စုပေါင်းလုပ်ဆောင်ခြင်းကသာ အောင်မြင်ခြင်းရဲ့ အဓိကအကြောင်းတရားဖြစ်ပါလိမ့်မယ်။ အစုအဖွဲ့ ဂိုဏ်းဂဏ စိတ်တွေကို ဖယ်ရှားပြီး နိုင်ငံနဲ့ ပြည်သူများအကျိုး သယ်ပိုးရာမှာ မည်သူကိုမျှ လက်ညှိုးမထိုး၊ မိမိရဲ့ စေတနာ၊ ပညာ၊ သတ္တိတွေကိုသာ လူတိုင်းလူတိုင်း အထွတ်အထိပ်ရောက်အောင် ကြိုးစားဆောင်ရွက်မယ်ဆိုရင် ဘယ်လိုကြီးမား၊ ခက်ခဲတဲ့ စိန်ခေါ်မှုပဲဖြစ်ပါစေ၊ ကျော်လွှားနိုင်မယ်လို့ ခိုင်မာစွာ ယုံကြည်ပါတယ်။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁ - ၄ - ၂၀၁၈ ရက်နေ့က ပြောကြားသည့် နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်မှု (၂) နှစ်ပြည့် မိန့်ခွန်းမှကောက်နုတ်ချက်)



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ကျောက်ဆည်ခရိုင် ပြည်သူ့ဝန်ဆောင်မှုရုံးတွင် လုပ်ငန်းဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစဉ်။

☆ ရှေ့ဖုံးမှ

တောင်သူ ၆၅၁ ဦးသို့ စိုက်ပျိုးမြေ ၂၁၅၆ ဧက လွှဲပြောင်းပေးနိုင်ခဲ့သည်ကို တွေ့ရပါကြောင်း။

ယခုကဲ့သို့ တောင်သူများလက်ဝယ်သို့ စိုက်ပျိုးမြေများ ပြန်လည်ရောက်ရှိအောင် ဆောင်ရွက်ပေးခြင်းဖြင့် စိုက်ပျိုးရေးကို အခြေခံသည့် မိမိတို့နိုင်ငံ၏ ၇၀ ရာခိုင်နှုန်းသော ကျေးလက်နေပြည်သူများအတွက် အဓိက စီးပွားရေးလုပ်ငန်းဖြစ်သော လယ်ယာလုပ်ငန်း ပိုမိုဖွံ့ဖြိုးလာပြီး လူမှုစီးပွားဘဝ တိုးတက်အောင် ပံ့ပိုးပေးနိုင်မည်ဖြစ်၍ တိုင်းပြည်အကျိုး၊ ပြည်သူလူထုအကျိုးအတွက် စွန့်လွှတ်ရန် ကျန်ရှိမြေများကိုလည်း သက်ဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် စွန့်လွှတ်နိုင်ရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း။

### နှောင့်နှေးနေ

ပြန်လည်စွန့်လွှတ်မြေများ မူလပိုင်ရှင်ထံသို့ ပြန်လည်လွှဲပြောင်းပေးသည့် အချို့ကိစ္စများတွင် သက်ဆိုင်ရာဝန်ကြီးဌာနမှ စွန့်လွှတ်ထားပြီး ဖြစ်သော်လည်း ကာယကံရှင်လက်ဝယ်သို့ ရောက်ရှိရန်မှာ အချိန်ကြန့်ကြာနေမှုများ၊ ကာယကံရှင်လက်ဝယ်သို့ ရောက်ရှိခြင်းမရှိဘဲ အခြားသူထံသို့ ပေးအပ်ထားခြင်းများ၊ မူလလက်ငုတ်နှင့် လက်ရှိလက်ငုတ် အငြင်းပွားနေမှုများ၊ ကျူးကျော်သူများအား ရှင်းလင်းနေရသည့် အခြေအနေများ ဖြစ်ပွားနေသည်ကိုလည်း စိစစ်တွေ့ရှိရသည့်အတွက် အမှုတွဲများ ပြီးပြတ်မှုမရှိဘဲ နှောင့်နှေးနေသည်ကို တွေ့ရှိရပါကြောင်း။

### ချမှတ်ပေးထား

ထိုသို့ဖြစ်ပွားနေသည့် မြေယာကိစ္စများကို မျှတစွာ ဖြေရှင်းနိုင်ရန်အတွက် သက်ဆိုင်ရာ အဖွဲ့အစည်းများက ပြန်လည်စွန့်လွှတ်လာသော သိမ်းဆည်းလယ်ယာမြေနှင့် အခြားမြေများကို မူလမြေပိုင်ရှင်များအား ပြန်လည်ပေးအပ်နိုင်ရေးနှင့်စပ်လျဉ်း၍ မူဝါဒ(၁၀)ရပ်၊ တပ်မြေသိမ်းဆည်းမှုနှင့် စပ်လျဉ်းသည့် မူဝါဒ(၃)ရပ်၊ သိမ်းဆည်းမြေများကို ပြန်လည်ပေးအပ်ရန် လျှောက်ထားလာခြင်းနှင့်စပ်လျဉ်း၍ စိစစ်ရန်အချက်(၄)ချက်၊ စွန့်လွှတ်ခြင်းမရှိသည့် သိမ်းဆည်းမြေများနှင့်စပ်လျဉ်း၍ စိစစ်ရန်အချက် (၅)ချက်၊ သိမ်းဆည်းထားသည့်ဌာနမှ စွန့်လွှတ်သည့် သိမ်းဆည်းမြေများနှင့် စပ်လျဉ်း၍ စိစစ်ရန်အချက်(၆)ချက်၊ စွန့်လွှတ်သည့်မြေများကို သက်ဆိုင်သူလက်ဝယ် အမြန်ရောက်ရှိရေးလုပ်ငန်းစဉ်(၉)ရပ်၊ တိုင်းဒေသကြီး၊ ပြည်နယ် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီများမှ အလေးထားဆောင်ရွက်ရန် လုပ်ငန်းစဉ် (၁၅)ချက်တို့ကို ချမှတ်ပေးထားပြီး အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

### အထိုက်အလျောက်ရရှိ

သိမ်းဆည်းမြေဆိုင်ရာ တိုင်ကြားစာများ၊ ပြန်လည်စွန့်လွှတ်သည့် သိမ်းဆည်းမြေများနှင့်ပတ်သက်ပြီး စိစစ်ဆောင်ရွက်မှု ပိုမိုအားကောင်းလာရန်နှင့် တွန်းအားပေးဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ ပါဝင်သည့် သိမ်းဆည်းမြေဆိုင်ရာ လုပ်ငန်းစိစစ်ရေးအဖွဲ့လေးဖွဲ့ကို တိုင်းဒေသကြီး၊ ပြည်နယ်များသို့ ကွင်းဆင်းစေပြီး စိစစ်ဆောင်ရွက်နေကြပြီဖြစ်၍ ပြည်သူများ လိုလားတောင့်တနေကြသော မြေသိမ်းဆည်းခံရမှု ပြဿနာများ ဖြေရှင်းဆောင်ရွက်ရာတွင် တိုးတက်မှုအထိုက်အလျောက်ရရှိနိုင်မည် ဖြစ်ပါကြောင်း။

### အခါအခွင့်သင့်

စိုက်ပျိုးထုတ်လုပ်သူများ ကိုယ်တိုင်စိုက်ပျိုး ထုတ်လုပ်တင်ပို့နိုင်သည်အထိ လက်ကားဈေးကွက်များ Contract Farming များ ဒေသအလိုက် ပေါ်ပေါက်လာရေးကို နိုင်ငံတော်အနေဖြင့် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ကြောင့် တောင်သူလယ်သမားဦးကြီးများအနေဖြင့် မိမိတို့ ပိုင်ဆိုင်လုပ်ကိုင်ခွင့်ရသော လယ်ယာမြေများကို ဈေးကောင်းပေးသည့်တိုင်အောင် မရောင်းချဘဲ သားစဉ်မြေးဆက် လယ်ယာကို ချစ်ခင်ရင်းနှီး လုပ်ကိုင်သွားကြရင်းဖြင့် တောင်သူလယ်သမားကြီးများ၏ လူမှုစီးပွားဘဝ မြင့်မားလာရန် အခါအခွင့်သင့်သည့် အချိန်ကောင်းကို ရောက်လာတော့မည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၏ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု သမိုင်းကိုကြည့်ပါက ကမ္ဘာ့နံပါတ်(၁) ဆန်တင်ပို့သော နိုင်ငံအဖြစ် ရပ်တည်ခဲ့ရာမှ ခေတ်အဆက်ဆက် တဖြည်းဖြည်းလျော့ကျလာခဲ့ပြီး ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ဆန်တန်ချိန် ၃ ဒသမ ၅၈ သန်းကျော် တင်ပို့နိုင်ခဲ့၍ နှစ်ပေါင်း ၇၃ နှစ်အတွင်း အများဆုံးစံချိန်တင် တင်ပို့နိုင်မှုအဖြစ် ပြန်လည်ရရှိလာခဲ့ပြီဖြစ်ပါကြောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံ၏ လယ်ယာထွက်ကုန်ပစ္စည်း တင်ပို့မှုအနေဖြင့် အမေရိကန်ဒေါ်လာ ၃၀၈၀ ဒသမ ၅၃ သန်းရှိသည့်အနက် ဆန်တင်ပို့မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၁၁၄၀ သန်းရှိသည့်အတွက် လယ်ယာထွက်ကုန်ပစ္စည်းတင်ပို့မှု၏ ၃၇ ရာခိုင်နှုန်းကျော်ရှိသည်ကို တွေ့ရပါကြောင်း။

### အလေးအနက် တိုက်တွန်း

ပြည်ပပို့ကုန် တင်ပို့မှုအတွက် အရေးပါသော လယ်ယာကဏ္ဍ၌ လုပ်ပိုင်ခွင့်ရ တောင်သူလယ်သမားကြီးများအနေဖြင့်လည်း မိမိတို့ဘဝ အဆင့်အတန်းမြင့်မားရေး၊ မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ မိမိတို့ မှီတင်းနေထိုင်ရာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်းစားသုံးရမည့် စားနပ်ရိက္ခာများ ဖူလုံစေရုံသာမက ဈေးကွက်ဝင် ပြည်ပပို့ကုန်များအဖြစ်ပါ တိုးမြှင့်စိုက်ပျိုးလုပ်ကိုင်သွားကြရန် အလေးအနက် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

### လွှဲပြောင်းပေးမှုတင်ပြ

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က မန္တလေးတိုင်းဒေသကြီးအတွင်း မြေယာကိစ္စတိုင်ကြားစာများအပေါ် ဖြေရှင်းဆောင်ရွက်မှုနှင့် စွန့်လွှတ်မြေများကို မူလတောင်သူများထံသို့ ပြန်လည်လွှဲပြောင်းပေးအပ်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် အမှတ်(၁) ဘက်စုံစိုက်ပျိုးမွေးမြူရေးခြံ(မိုင်းမော)မှ ဒုတိယဗိုလ်မှူးကြီးစိန်လင်းထွန်းက ပြန်လည်စွန့်လွှတ်မြေများနှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများအား ခရိုင်အုပ်ချုပ်ရေးမှူးထံ လွှဲပြောင်းပေးအပ်သည်။

### လွှဲပြောင်းပေးအပ်

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်၊ မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဒေါက်တာစိုးသန်းတို့က ယာယီလယ်ယာမြေလုပ်ပိုင်ခွင့် (ပုံစံ-၃)များအား မြစ်သားမြို့နယ် သရက်ပင်ကံကျေးရွာ တောင်သူများ၏ကိုယ်စား တောင်သူ ဦးအောင်မင်း၊ ဦးဖိုးကောင်း၊ ဦးကြည်လုံးနှင့် ဦးမြင့်သိန်းတို့ထံ လွှဲပြောင်းပေးအပ်ကြသည်။

### တွေ့ဆုံအားပေး

ထို့နောက် မြေယာပြန်လည်လုပ်ပိုင်ခွင့်ရရှိသည့် မူလတောင်သူများကိုယ်စား တောင်သူ ဦးအောင်မင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယနေ့အခမ်းအနားတွင် မြစ်သားမြို့နယ်အတွင်းရှိ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် အမှတ်(၁) ဘက်စုံစိုက်ပျိုးမွေးမြူရေးခြံ(မိုင်းမော)မှ အမှန်တကယ်လိုအပ်သည့် မြေကိုသာ အသုံးပြုပြီး စိုက်ပျိုးမြေဧရိယာ ဧက ၂၁၈ ဒသမ ၉၀ ဧကကို တောင်သူ ၅၃ ဦး လက်ဝယ်သို့ ယာယီလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၃)များ ပြန်လည်လွှဲပြောင်းပေးခဲ့သည်။

ယင်းနောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ကျောက်ဆည်မြို့ရှိ ကျောက်ဆည်ခရိုင် ပြည်သူ့ဝန်ဆောင်မှုရုံးသို့ရောက်ရှိပြီး လုပ်ငန်းဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှု၍ ဒေသခံပြည်သူများအား တွေ့ဆုံအားပေးသည်။

**သတင်းစဉ်**

**✳ ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ**

ကောင်စီအဖွဲ့ဝင်များ ဆွေးနွေးမှုအပြီးတွင် ကောင်စီ၏ လုပ်ထုံးလုပ်နည်းအမှတ် ၃၇ အရ သက်ဆိုင်ရာ နိုင်ငံများဖြစ်ကြသည့် မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့၏ အမြဲတမ်းကိုယ်စားလှယ်များကလည်း ပါဝင်ဆွေးနွေးခွင့်ရရှိခဲ့ကြသည်။



မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးဟောက်ဒိုဆွမ်း။

အဆိုပါအစည်းအဝေးတွင် မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးဟောက်ဒိုဆွမ်းက ရခိုင်ကိစ္စနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ၏ သဘောထားရပ်တည်ချက်များကို တုံ့ပြန်ရှင်းလင်းပြောကြားခဲ့သည်။ အမြဲတမ်းကိုယ်စားလှယ်၏ မိန့်ခွန်းတွင် အောက်ပါအချက်များကို ထည့်သွင်းပြောကြားခဲ့သည်-

**အပြုသဘောဆောင်**

မြန်မာနိုင်ငံအစိုးရသည် မြေပြင်ဖြစ်ပေါ်မှုအခြေအနေများကို ပိုမိုနားလည်စေနိုင်ရန်အတွက် လုံခြုံရေးကောင်စီ အဖွဲ့ဝင်များ၏ ခရီးစဉ်ကို လက်ခံစီစဉ်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ နေရပ်စွန့်ခွာသူများ ဘေးကင်းပြီး ဂုဏ်သိက္ခာရှိစွာ နေရပ်သို့ ပြန်နိုင်ရေးအတွက် ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရန် ရည်ရွယ်ကြောင်း၊ ကုလသမဂ္ဂနှင့် မိတ်ဖက်ပြု ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် ကြီးမားသည့်စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းနိုင်မည်ဟု ယုံကြည်ကြောင်း၊ တိကျမှန်ကန်မှု၊ အပြန်အလှန်လေးစားမှုနှင့် နားလည်မှု မှုများပေါ်တွင် အခြေခံသည့် အပြုသဘောဆောင်သည့် ထိတွေ့ပူးပေါင်းဆောင်ရွက်မှုများကို မိမိတို့အနေဖြင့် ယုံကြည်ကြောင်း။

အဆိုပါခရီးစဉ်သည် နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ရေးအတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် နှစ်နိုင်ငံ ကြိုးပမ်းဆောင်ရွက်မှုများအပေါ် တွန်းအားတစ်ရပ်ဖြစ်စေမည်ဟု မျှော်လင့်ကြောင်း၊ လုံခြုံရေးကောင်စီ၏ ခရီးစဉ်ကို အချိန်အကန့်အသတ်ကြားမှ အတတ်နိုင်ဆုံး စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ခရီးစဉ်ကို အရေးပါသည့် မှတ်တိုင်တစ်ရပ်အဖြစ် မှတ်ချက်ပြုခဲ့ကြောင်း၊ ရခိုင်ပြည်နယ် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုရှိစေရေးအတွက် မြန်မာအစိုးရ၏ သန္နိဋ္ဌာန်ချထားမှုကိုလည်း ထပ်လောင်းအတည်ပြုခဲ့ကြောင်း။

ရခိုင်ပြည်နယ်၌ ကြုံတွေ့နေရသည့် ပြဿနာရပ်များကို ဖြေရှင်းရာတွင် လက်ရှိအရေးအကြီးဆုံး လုပ်ဆောင်ရန်မှာ နေရပ်စွန့်ခွာသူများအား နှစ်နိုင်ငံသဘောတူညီချက်များအရ ပြန်လည်လက်ခံရေးကို စတင်ရန်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် လက်ခံရန် အဆင်သင့်ဖြစ်နေသည့်အလျောက် ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်ကို ဆောလျင်စွာ စတင်ရန် ထပ်တလဲလဲ ပြောကြားခဲ့ကြောင်း။

**သုံးကြိမ်တိုင်တိုင်**

မေလ ၈ ရက်တွင် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ် သံအမတ်ကြီး Mr. Manjurul Karim Khan Chowdhury ကို နေပြည်တော်သို့ ဆင့်ခေါ်ခဲ့ပြီး နှစ်ဖက်သဘောတူညီခဲ့သည့်အတိုင်း မိုးရာသီမရောက်မီ စိစစ်ပြီးသော သူများအား ပြန်လည်လက်ခံရေးကို စတင်ရန် မြန်မာဘက်အနေဖြင့် အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်းကို သတိပေးပြောကြားခဲ့ကြောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် ဘင်္ဂလားဒေ့ရှ်အား နှစ်ဖက်သဘောတူညီချက်ကို အကောင်အထည်ဖော်ရန်နှင့် စိစစ်ပြီးသော နေရပ်စွန့်ခွာသူများကို ပြန်လည်ပို့ဆောင်ပေးရေးအတွက် ထပ်မံတိုက်တွန်းခဲ့ပါကြောင်း၊ ပြန်လည်လက်ခံရေးဆိုင်ရာ အစီအမံတွင် သဘောတူထားသည့် ပုံစံများကို အသုံးပြု၍ နေရပ်စွန့်ခွာသူများစာရင်းကို ပေးပို့ရန်လည်း ဘင်္ဂလားဒေ့ရှ် သံအမတ်ကြီးအား ထပ်လောင်းသတိပေးခဲ့ကြောင်း။

ဘင်္ဂလားဒေ့ရှ်ဘက်မှ ပေးပို့လာသည့် ပုံစံများမှာ နှစ်နိုင်ငံသဘောတူထားသည့် အစီအမံပါ ပုံစံများ မဟုတ်ဘဲ စိစစ်မှုများ ပြုလုပ်နိုင်ရန် လိုအပ်သည့်လက်မှတ်၊ လက်ဗွေရာများနှင့် ဓာတ်ပုံများ ပါဝင်လာခြင်းမရှိကြောင်း၊ နေရပ်စွန့်ခွာသူများ ဆန္ဒအလျောက် လုံခြုံစွာနှင့် ဂုဏ်သိက္ခာရှိစွာ ပြန်လာနိုင်ရေးအတွက် မှန်ကန်စွာ ဖြည့်စွက်ထားသည့် ပုံစံများကို သံတမန်လမ်းကြောင်းမှ ပြန်လည်ပေးပို့ပေးပါရန် ဘင်္ဂလားဒေ့ရှ်ဘက်သို့ သုံးကြိမ်တိုင်တိုင် မေတ္တာရပ်ခံခဲ့ကြောင်း။

**တွေ့ဆုံခွင့်မရရှိ**

လုံခြုံရေးကောင်စီ၏ ခရီးစဉ်မတိုင်မီ မြန်မာနိုင်ငံ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ပြည်ထောင်စုဝန်ကြီးက ကော့ခ်ဘဇားရှိ နေရပ်စွန့်ခွာသူများ နေထိုင်သည့်စခန်းများသို့ သွားရောက်ခဲ့ပြီး ၎င်းတို့အား ပြန်လည်နေရာချထားရေးအတွက် မြန်မာနိုင်ငံဘက်မှ ဆောင်ရွက်ထားမှုများ၊ ပြန်လည်လက်ခံရေးအစီအစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကြောင်း၊ နေရပ်စွန့်ခွာသူများအနေဖြင့် ပြန်လည်လက်ခံရေးအစီအစဉ်နှင့်ပတ်သက်၍ တစ်စုံတစ်ရာ သိရှိထားခြင်းမရှိသည်ကို တွေ့ရှိရသည့်အတွက် အံ့အားသင့်ခဲ့ရကြောင်း၊ နှစ်နိုင်ငံသဘောတူညီချက်များနှင့် ပတ်သက်၍သော်လည်းကောင်း၊ ပြန်လည်လာရောက်ရေးအတွက် ဖြည့်စွက်ရန် လိုအပ်သည့် ပုံစံများနှင့်ပတ်သက်၍သော်လည်းကောင်း ဘင်္ဂလားဒေ့ရှ်အာဏာပိုင်များက ၎င်းတို့အား အသိပေးထားခြင်းမရှိသည်မှာ ထင်ရှားကြောင်း၊ မိမိတို့ဘက်မှ စိစစ်အတည်ပြုပြီးသော နေရပ်စွန့်ခွာသူများနှင့် တွေ့ဆုံနိုင်ရေး စီစဉ်ပေးရန် မေတ္တာရပ်ခံခဲ့သော်လည်း တွေ့ဆုံခွင့်မရရှိခဲ့ကြောင်း။

**ပုတ်ခတ်ဝေဖန်လျက်ရှိ**

မြန်မာနိုင်ငံဘက်မှ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုနည်းလမ်းဖြင့် စိတ်ရင်းမှန်ဖြင့် ဖြေရှင်းရန် ကြိုးပမ်းလျက်ရှိသော်လည်း ဘင်္ဂလားဒေ့ရှ်အနေဖြင့် နှစ်နိုင်ငံသဘောတူညီချက်များအတိုင်း လိုက်နာဆောင်ရွက်ရမည့်အစား ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်ကို ဖင့်နွှေးအောင် ဆင်ခြေဆင်လက်များ တစ်ခုပြီးတစ်ခုပေးနေသည်မှာ စိတ်ပျက်ဖွယ်ဖြစ်ကြောင်း၊ ဘင်္ဂလားဒေ့ရှ်အနေဖြင့် အခြေအနေမှန်ကို ဖုံးကွယ်ကာ မြန်မာနိုင်ငံအနေဖြင့် နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရန် ဆန္ဒမရှိကြောင်းဖြင့် တစ်ကမ္ဘာလုံးသို့ ပြောကြားလျက်ရှိကြောင်း၊ မြန်မာနိုင်ငံအား နိုင်ငံတကာမှ ပြစ်တင်ရှုတ်ချစေရန်နှင့် နိုင်ငံရေးအရ ဖိအားပေးမှုများ မြင့်မားလာစေရန်အတွက် ဘင်္ဂလားဒေ့ရှ်အနေဖြင့် မဟုတ်မမှန်ပြောကြားကာ မြန်မာအစိုးရနှင့် ပြည်သူများအား ပုတ်ခတ်ဝေဖန်လျက်ရှိကြောင်း၊ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ် အောင်မြင်စေရေးအတွက် ဘင်္ဂလားဒေ့ရှ်အစိုးရ၏ စစ်မှန်သည့် ပူးပေါင်းဆောင်ရွက်မှုများ လိုအပ်ကြောင်း။

**ချိုးဖောက်နေခြင်း**

ကူဝိတ်အမြဲတမ်းကိုယ်စားလှယ် ပြောကြားခဲ့သည့် နှစ်နိုင်ငံနယ်စပ်တွင် တရားမဝင် နေထိုင်မှုများနှင့်ပတ်သက်၍ ပြောကြားလိုကြောင်း၊ နှစ်နိုင်ငံ နယ်စပ်သဘောတူညီချက်အရ အပြည်ပြည်ဆိုင်ရာ နယ်နိမိတ်မျဉ်းမှ ပေ ၁၅၀ အကွာတွင် လူများနေထိုင်ခြင်းနှင့် အဆောက်အအုံများ ဆောက်လုပ်ခြင်းတို့ကို တားမြစ်ထားပါကြောင်း၊ သို့အတွက် တစ်ဖက်နယ်စပ် ကန့်သတ်ဇရိယာအတွင်း ကတုတ်ကျင်းများနှင့် နေအိမ်အချို့ ဆောက်လုပ်နေမှုများအတွက် မိမိတို့အနေဖြင့် ဘင်္ဂလားဒေ့ရှ်ဘက်သို့ ကန့်ကွက်စာပေးပို့ခဲ့ကြောင်း။

**အကြမ်းဖက်မှုကို ရှုတ်ချ**

မြန်မာဘက်ရှိ အပြည်ပြည်ဆိုင်ရာ နယ်နိမိတ်မျဉ်းအတွင်း တရားမဝင်နေထိုင်သူများကိုလည်း အဆောက်အအုံများ ဆောက်လုပ်နိုင်ရန် ဘင်္ဂလားဒေ့ရှ်မှ အကူအညီပေးလျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ ယင်းမှာ မြန်မာနိုင်ငံ၏ ပိုင်နက်နယ်မြေတည်တံ့မှုနှင့် အချုပ်အခြာအာဏာကို ပေါ်ပေါ်တင်တင် ချိုးဖောက်နေခြင်းပင်ဖြစ်ကြောင်း၊ ယင်းလုပ်ရပ်ကို ချက်ချင်းရပ်တန့်ရန် လိုအပ်ကြောင်း။

တာဝန်ခံမှုနှင့်ပတ်သက်၍ မည်သည့် လူ့အခွင့်အရေးချိုးဖောက်မှုများကိုမျှ အကာအကွယ်ပေးမည် မဟုတ်ကြောင်းကို မြန်မာအစိုးရအနေဖြင့် ထပ်တလဲလဲ ပြောကြားခဲ့ပြီးဖြစ်ကြောင်း၊ အထောက်အထား တင်ပြနိုင်သည့် စွပ်စွဲချက်များကို တရားဥပဒေအရ စစ်ဆေးအရေးယူမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တွေ့ဆုံစဉ် အကြမ်းဖက်မှုကို ရှုတ်ချကြောင်းနှင့် လိုအပ်သည့်အချက်အလက်များ ပံ့ပိုးပေးပါက လူ့အခွင့်အရေး ချိုးဖောက်မှုဆိုင်ရာ စွပ်စွဲချက်များကို အရေးယူရန် အဆင်သင့်ရှိကြောင်း ပြောကြားခဲ့သည်ကို အမှတ်ရလိမ့်မည်ဟု ယူဆကြောင်း၊ အခွင့်အရေးချိုးဖောက်မှုများကို မြန်မာနိုင်ငံရှိ တရားရုံးများသို့ ဖော်ထုတ်တင်ပြလိုသူမည်သူကိုမဆို လုံခြုံရေးအာမခံမှုပေးမည်ဟုလည်း ထပ်လောင်းပြောကြားခဲ့ကြောင်း။

**မှန်ကန်စွာ ဖြေရှင်း**

ကျူးလွန်သူများကို အရေးယူအပြစ်ပေးနိုင်ရန်အတွက် ပြစ်မှုဆိုင်ရာ သက်သေအထောက်အထား တင်ပြနိုင်မည့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခံရသူ ဆိုသူများကို မြန်မာ့တပ်မတော်က ကြိုဆိုမည်ဖြစ်ကြောင်းကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လုံခြုံရေးကောင်စီအဖွဲ့ဝင်များအား ပြောကြားခဲ့ကြောင်း။

လူ့အခွင့်အရေးချိုးဖောက်ကျူးလွန်မှုများနှင့် ပတ်သက်၍ လက်ရှိကြုံတွေ့နေရသည့် လူသားချင်းစာနာမှုပြဿနာသည် ARSA အကြမ်းဖက်သမားများက ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ နယ်စပ်လုံခြုံရေးစခန်း ၃၀ ကို တိုက်ခိုက်ခဲ့ခြင်းကြောင့် ဖြစ်ပေါ်ခဲ့သည်ကို မမေ့သင့်ကြောင်း၊ ပဋိပက္ခ၏ အရင်းအမြစ်နှင့် အပြစ်မဲ့ ဟိန္ဒူ၊ ရခိုင်ဗုဒ္ဓဘာသာနှင့် အခြားတိုင်းရင်းသား မျိုးနွယ်စုများကို အကြမ်းဖက်သမားများက ရက်စက်ကြမ်းကြုတ်စွာ သတ်ဖြတ်မှုများကို အနောက်မီဒီယာများက မသိကျိုးကျွန်ပြုနေကြကြောင်း၊ မွတ်စလင်များ နှိပ်စက်ခံသားကောင်ဖြစ်နေရကြောင်း၊ ဇာတ်နာအောင် ဖန်တီးမှုများကို တရစပ်ဖော်ပြမှုများအောက်တွင် အမှန်တရားသည် ဖုံးကွယ်ခံနေရကြောင်း၊ အလွန်ရှုပ်ထွေးပြီး နိုင်ငံရေးအရ ထိခိုက်လွယ်သည့် ရခိုင်ပြဿနာကို မျှတမှုရှိပြီး အပြုသဘောဆောင်သည့် နည်းလမ်းဖြင့်သာ မှန်ကန်စွာ ဖြေရှင်းနိုင်မည်ဖြစ်ကြောင်း။

**မျက်မြင်ကြုံတွေ့**

မေလ ၁ ရက်တွင် မောင်တောမြို့သို့ သွားရောက်ခဲ့သည့် လုံခြုံရေးကောင်စီ၏ ခရီးစဉ်အတွင်း ရခိုင်၊ မြိုမရမာကြီးနှင့် ဟိန္ဒူ ၂၀ ခန့်က ARSA အကြမ်းဖက်များ၏ ရက်စက်ကြမ်းကြုတ်မှုများနှင့် ရင်ဆိုင်ရသည့် ၎င်းတို့၏ အတွေ့အကြုံများကို လုံခြုံရေးကောင်စီ အဖွဲ့ဝင်များထံ ထွက်ဆိုပြောကြားနိုင်ရန် မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၌ စောင့်ဆိုင်းနေခဲ့ကြကြောင်း၊ သို့သော်လည်း အချိန်အကန့်အသတ်ကြောင့် ရခိုင်အမျိုးသမီးတစ်ဦးနှင့် ဟိန္ဒူအမျိုးသမီးတစ်ဦးသာ ARSA အကြမ်းဖက်များက ကျူးလွန်သည့် လူ့အခွင့်အရေးချိုးဖောက်မှုနှင့် ရက်စက်ကြမ်းကြုတ်မှုများကို ပြောကြားခွင့်ရခဲ့ကြကြောင်း၊ ရခိုင်လူမျိုးများ၏ ဝမ်းနည်းဖွယ်အဖြစ်အပျက်များသည် အသိုက်အဝန်းတစ်ခု၏ ပြောကြားချက်များကိုသာ တစ်ဖက်သတ် နားထောင်လိုသူအချို့၏ မသိကျိုးကျွန်ပြုမှုခံခဲ့ရကြောင်း။

၎င်းတို့သည် ၂၀၁၇ ခုနှစ် ဩဂုတ် ၂၈ ရက်က မောင်တောမြို့နယ် ခုံတိုင်ကျေးရွာ၌ ARSA အကြမ်းဖက်သမားများက မြိုတိုင်းရင်းသား ခုနစ်ဦးအား သတ်ဖြတ်ခဲ့မှု၊ အိမ်ခြေ ၂၆၅ လုံး မီးရှို့ခံခဲ့ရမှု စသည့် ရက်စက်ကြမ်းကြုတ်သော အဖြစ်အပျက်များကို မျက်မြင်ကြုံတွေ့ခဲ့ကြရသူများဖြစ်ကြောင်း၊ ထို့ပြင် ၂၀၁၇ ခုနှစ် စက်တင်ဘာ ၂၈ ရက်က ရဲဘော်ကျကျေးရွာ အနောက်မြောက်ဘက်၌ ARSA အကြမ်းဖက်များ ပြန်ပေးဆွဲခံခဲ့ရသူ ၁၀၀ အနက် အသတ်ခံခဲ့ရသည့် ဟိန္ဒူရုပ်အလောင်း ၄၅ လောင်းကို တူးဖော်တွေ့ရှိမှုတွင်လည်း မျက်မြင်ကြုံတွေ့ခဲ့ကြသူများဖြစ်ကြောင်း။

**မလုံခြုံမှုများ ခံစား**

မောင်တောဒေသရှိ တိုင်းရင်းသားများသည် အကြမ်းဖက်များ၏ ဆိုးရွားသည့်လုပ်ရပ်များကြောင့် စိတ်ဒဏ်ရာများ ခံစားနေကြရကြောင်း၊ ARSA များကြောင့် စိုးရိမ်ကြောက်ရွံ့မှုများကြီးမားလာပြီး မိမိတို့ပိုင်သည့်မြေပေါ်တွင်ပင် လူနည်းစုများအဖြစ် မလုံခြုံမှုများ ခံစားနေကြရကြောင်း။

ရခိုင်ပြည်နယ်ရှိ အရပ်သားပြည်သူများအပေါ် ရက်စက်ကြမ်းကြုတ်မှုများ ကျူးလွန်ခဲ့ကြခြင်းအတွက် ARSA ကိုလည်း အရေးယူရန်လိုအပ်ကြောင်း၊ အကြမ်းဖက်မှုများကို စုံစမ်းစစ်ဆေးရာတွင် ARSA အကြမ်းဖက်သမားများ၏ ရက်စက်မှုများလည်း ပါဝင်ရမည်ဖြစ်ကြောင်း။

ဘင်္ဂလားဒေ့ရှ်ဘက်မှ ဒေသတွင်း၌ အစွန်းရောက်များ ပေါ်ပေါက်လာစေရန် အမှတ်တမဲ့ ခွင့်ပြုနေခြင်းအပေါ် မိမိတို့အနေဖြင့် လွန်စွာစိုးရိမ်ပူပန်ပါကြောင်း၊ ARSA အနေဖြင့် ဒုက္ခသည်စခန်းများ၌ ခြေကုပ်ယူလျက်ရှိနေပြီး အကြမ်းဖက်မှုနှင့် အစွန်းရောက်မှုတို့ အမာခံနယ်မြေတစ်ခု မကြာမီ ဖြစ်လာလိမ့်မည်ဖြစ်ကြောင်း။

မေ ၉ ရက်က လေးဦးမှ ခြောက်ဦးအထိ ပါဝင်သည့် အကြမ်းဖက်အုပ်စုသည် ဘူလူကာလီ ဒုက္ခသည်စခန်းသို့ ဝင်ရောက်ခဲ့ပြီး အသက်(၄၆)နှစ်အရွယ် Mohamed Faisal Ulhaq ဆိုသူအား ခေါ်ထုတ်ကာ ဓားဖြင့်ထိုးသတ်မှုဖြစ်ပွားခဲ့ကြောင်း၊ ၎င်းသည် နေရပ်တိမ်းရှောင်နေသူများ ရခိုင်ပြည်နယ်သို့ပြန်ရန် လှုံ့ဆော်စည်းရုံးနေသူတစ်ဦးဖြစ်သည်ဟု သိရှိရကြောင်း။

မိမိတို့အနေဖြင့် နေရပ်စွန့်ခွာသူများ ပြန်လည်လာရောက်ရေးအတွက် သင့်လျော်သည့် ပတ်ဝန်းကျင်များကို ပြင်ဆင်ထားရှိကြောင်း၊ နေရပ်စွန့်ခွာသူများ ဘေးကင်းပြီး ဂုဏ်သိက္ခာရှိသည့် ဆန္ဒအလျောက် နေရပ်သို့ပြန်လည်လာရောက်ရေးအတွက် ကုလသမဂ္ဂအေဂျင်စီများနှင့် ထိတွေ့ဆောင်ရွက်လျက်ရှိပြီး ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်(UNDP)နှင့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး(UNHCR)တို့နှင့် နားလည်မှုစာချွန်လွှာ (MoU) တစ်ရပ်ချုပ်ဆိုနိုင်ရန် တက်ကြွစွာဆွေးနွေးလျက်ရှိကြောင်း၊ ယင်းအေဂျင်စီများအနေဖြင့် ရခိုင်ပြည်နယ်ရှိ အသိုက်အဝန်းများအားလုံး၏ အကျိုးအတွက် မြန်မာနိုင်ငံမှသက်ဆိုင်ရာဝန်ကြီးဌာနများ၊ UEHRD တို့နှင့်အတူ ဆောင်ရွက်သွားကြရန်ရှိပါကြောင်း။

**မကြာမီ ပိတ်သိမ်းမည်**

တစ်ချိန်တည်းမှာပင် မကြာသေးမီက ဖြစ်ပွားခဲ့သည့် အကြမ်းဖက်မှုများ၏ အကြောင်းရင်းဇာစ်မြစ်များကို ကိုင်တွယ်ဖြေရှင်းသွားမည်ဖြစ်ကြောင်း၊ ကိုဖီအာနန်ကော်မရှင်၏ အကြံပြုချက်များသည် ရခိုင်ပြည်နယ်ရှိ အသိုက်အဝန်းများအားလုံး၏ ဖွံ့ဖြိုးမှုရရှိရေးအတွက် လက်တွေ့အရေးယူဆောင်ရွက်ရန် လုပ်ငန်းစဉ်များဖြစ်ကြောင်း၊ မစ္စတာကိုဖီအာနန်၏ကော်မရှင်မှ အကြံပြုချက် ၈၈ ချက်၊ အမျိုးသားအဆင့် စုံစမ်းစစ်ဆေးရေးကော်မရှင်မှ အကြံပြုချက် ၄၈ ချက် တင်ပြထားခဲ့ကြောင်း၊ အကြံပြုချက်အများစုမှာ ထပ်နေကြောင်း၊ အကြံပြုချက် ၅၇ ချက်ကို မကြာမီ အကောင်အထည်ဖော်ပြီးစီးတော့မည်ဖြစ်ပြီး ၃၁ ချက်ကိုမူ ဆောင်ရွက်ဆဲဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ ပထမအကြိမ် အစီရင်ခံစာကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလတွင် ထုတ်ပြန်ခဲ့ပြီး ဒုတိယအကြိမ် အစီရင်ခံစာကို ၂၀၁၈ ခုနှစ် မေလတွင် တင်ပြသွားရန်ရှိကြောင်း။

မစ္စတာကိုဖီအာနန်၏ နောက်ဆုံးအကြိမ် အစီရင်ခံစာ တင်သွင်းပြီးနောက်ပိုင်း IDP စခန်း သုံးခုကို ပိတ်သိမ်းနိုင်ခဲ့ပြီး နောက်ထပ်စခန်း လေးခုကိုလည်း မကြာမီ ပိတ်သိမ်းမည်ဖြစ်ကြောင်း။

**သတင်းမှားများအား ဖြန့်နေ**

NV ကတ်များ ထုတ်ပေးရေးနှင့်ပတ်သက်၍ လျှောက်ထားမှုများ မပြုလုပ်အောင် သတင်းမှားများအား ဖြန့်နေသည်ကို တွေ့ရကြောင်း၊ အမှန်စင်စစ် NV ကတ်သည် နိုင်ငံသားစိစစ်ခံနိုင်ရေးအတွက် ပထမအဆင့်ဖြစ်ကြောင်း၊ တည်ဆဲဥပဒေများအရ လိုအပ်ချက်များနှင့် ကိုက်ညီပါက NV ကတ် ကိုင်ဆောင်သူများသည် နိုင်ငံသားဖြစ်လာနိုင်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် နေထိုင်သူ မည်သူမဆို နိုင်ငံသားစိစစ်မှုလုပ်ငန်းစဉ်ကို ဆောင်ရွက်ကြရပါကြောင်း။

ရခိုင်ပြည်သူများအတွက် ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေး၊ သဟဇာတဖြစ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကိုဖီအာနန်အစီရင်ခံစာပါ အကြံပြုချက်များကို မြေပြင်အခြေအနေပေါ်မူတည်၍ တတ်နိုင်သမျှ အပြည့်အဝ ဆက်လက်အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း။

**စာမျက်နှာ ၆ သို့ ✳**

# ပြည်သူ့လွှတ်တော်ကော်မတီများတွင် လစ်လပ်သွားသော ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ ပြောင်းလဲတာဝန်ပေးအပ်ခြင်းနှင့် ဆောက်လုပ်ရေးဆိုင်ရာ မေးခွန်းများ ပြန်လည်ဖြေကြား



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်

**နေပြည်တော် မေ ၁၅**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ အစည်းအဝေးတွင် ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေးက **ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းပြီး နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးထုတ်ပြန်ပြီးသည့် မူလဥပဒေများကို နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးအတွက် အကောင်အထည်ဖော်ကျင့်သုံးကြရမည့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများမှ တစ်ဆင့်ခံဥပဒေဖြစ်သည့် နည်းဥပဒေများကို အချိန်နှင့်တစ်ပြေးညီ ရေးဆွဲထုတ်ပြန် ကျင့်သုံးပေးပါရန် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများသို့ တိုက်တွန်းကြောင်း** အဆိုကို တင်သွင်းရာ လွှတ်တော်က သဘောတူသဖြင့် အဆိုအား လက်ခံဆွေးနွေးမည်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆုံးဖြတ်သည်။

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ကော်မတီများတွင် လစ်လပ်သွားသော ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ ပြောင်းလဲတာဝန်ပေးအပ်ခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားသည့် ကြယ်ပွင့်ပြမေးခွန်းခြောက်ခုကို ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ရှင်းလင်းဖြေကြားခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လစ်လပ်သွားသော ဥက္ကဋ္ဌနေရာ၌ လမ်းမတော်မဲဆန္ဒနယ်မှ ဦးခင်မောင်ဝင်းအားလည်းကောင်း၊ ပြည်သူ့လွှတ်တော် ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ လစ်လပ်သွားသော အတွင်းရေးမှူးနေရာ၌ လှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်ကျော်ဦးအားလည်းကောင်း၊ ပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ၏ လစ်လပ်သွားသော ဥက္ကဋ္ဌနေရာ၌ နတ်မောက်မဲဆန္ဒနယ်မှ ဦးအောင်တင်လင်းနှင့် အတွင်းရေးမှူးနေရာ၌ ကဝမဲဆန္ဒနယ်မှ ဦးလှသန်းတို့အားလည်းကောင်း ပြောင်းလဲဖွဲ့စည်းမည်ကို လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် ၂၀၁၈ ခုနှစ် ဧပြီ ၇ ရက်မှ ၁၉ ရက်အထိ ဆွစ်ဇာလန်နိုင်ငံတွင် ကျင်းပသည့် နိုင်ငံတကာဆက်ဆံရေး၊ အုပ်ချုပ်မှုနှင့် အများပြည်သူ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သင်တန်းသို့ လပဟယ်မဲဆန္ဒနယ်မှ ဦးသက်နောင် တက်ရောက်ခဲ့သည့် ခရီးစဉ်၊ ၂၀၁၈ ခုနှစ် ဧပြီ ၁၉ ရက်မှ ၂၀ ရက်အထိ အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပသည့် Dialogue on Parliamentarians Supporting the Quiet Revolution for Better Regulatory Governance ဆွေးနွေးပွဲသို့ နွားထိုးကြီးမဲဆန္ဒနယ်မှ ဦးနိုင်ထူးအောင် တက်ရောက်ခဲ့သည့် ခရီးစဉ်၊ ၂၀၁၈ ခုနှစ် ဧပြီ ၂၅ ရက်မှ ၂၆ ရက်အထိ မွန်ဂိုလီးယားနိုင်ငံတွင် ကျင်းပသည့် International Conference Improving the Foreign Policy Decision Making Process: The Case of Mongolia ဆွေးနွေးပွဲသို့ ရေဦးမဲဆန္ဒနယ်မှ ဒေါက်တာမင်းသိန်း တက်ရောက်ခဲ့သည့် ခရီးစဉ်၊ ၂၀၁၈ ခုနှစ် မေ ၇ ရက်မှ ၈ ရက်အထိ အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပသည့် လက်နက်ငယ်များ၊ သယ်ဆောင်ရလွယ်ကူသော လက်နက်များနှင့် စပ်လျဉ်းသည့် ပါလီမန်ဆိုင်ရာ နှီးနှောဖလှယ်ပွဲသို့ ရွှေကူမဲဆန္ဒနယ်မှ ဦးဇာနည်မင်း တက်ရောက်ခဲ့သည့် ခရီးစဉ်နှင့် ၂၀၁၈ခုနှစ် မေ ၇ ရက်မှ ၉ ရက်အထိ စင်ကာပူသမ္မတနိုင်ငံတွင် ကျင်းပသည့် Parliamentarian Workshop on International Trade 2018 အလုပ်ရုံဆွေးနွေးပွဲသို့ ခရမ်းမဲဆန္ဒနယ်မှ ဒေါက်တာဦးအေးမင်း တက်ရောက်ခဲ့သည့် ခရီးစဉ်တို့ကို လွှတ်တော်သို့ အသိပေးတင်ပြပြီး လွှတ်တော်က မှတ်တမ်းတင်သည်။

ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင်၏ **လမ်းတံတားအဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းများတွင် အရေးပါသည့် Third Party စနစ် အမြန်ဆုံးအကောင်အထည်ဖော်ရန်အတွက် လိုအပ်သော Myanmar National Building Code (MNBC)အား ဘာသာပြန်ပြီး ပုဂ္ဂလိက ဆောက်လုပ်ရေးလုပ်ငန်းရှင်များသို့ အမြန်ဆုံး ဖြန့်ဝေပေးရန်နှင့် လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်း၊ စည်းကမ်းများ ရေးဆွဲသတ်မှတ်မှုနှင့် ဆောင်ရွက်ကျင့်သုံးမှု ရှိ၊ မရှိ သိလိုခြင်း**မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဦးဆောင်၍ UN- Habitat နှင့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းတို့၏ ပူးပေါင်းဆောင်ရွက်မှု၊ ပတ်သက်ဆက်နွယ်လျက်ရှိသည့် ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၏ ပံ့ပိုးကူညီမှုဖြင့် မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ စည်းမျဉ်းများ (Myanmar National Building Code-MNBC) ကို ၂၀၁၁ခုနှစ်မှ စတင်ပြုစုခဲ့ပြီး ၂၀၁၂ခုနှစ် အောက်တိုဘာလတွင် ပြီးစီးခဲ့ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် Myanmar National Building Code (မူကြမ်း) စာအုပ်များနှင့် ပတ်သက်၍ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ဦးစီးဌာနများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၊ မြန်မာနိုင်ငံဗိသုကာကောင်စီ၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၊ စည်ပင်သာယာရေးကော်မတီများ၊ ဗိသုကာနှင့် အင်ဂျင်နီယာဆိုင်ရာ အဖွဲ့အစည်းများ၊ ပညာရပ်ဆိုင်ရာ ပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းနှင့် ပုဂ္ဂလိကဆောက်လုပ်ရေး ကုမ္ပဏီများသို့ ၂၀၁၅ခုနှစ်တွင် ဖြန့်ဝေပေးပို့၍ အကြံပြုချက်နှင့် သဘောထားမှတ်ချက်များ တောင်းခံခဲ့ပြီး ပြန်လည်ပေးပို့လာသော အကြံပြုချက်နှင့် သဘောထားမှတ်ချက်များကို မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းသို့ ပေးပို့စိစစ်တည်းဖြတ်ခဲ့ပြီး မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ စည်းမျဉ်းများ (MNBC-2016) အား ၂၀၁၆ ခုနှစ် မတ်လတွင် အပြီးသတ် ပြုစုနိုင်ခဲ့ပါကြောင်း။

MNBC-2016 ကို အတည်ပြုထုတ်ဝေနိုင်ရန်အတွက် မြန်မာဘာသာသို့ ပြန်ဆိုရာတွင် စုစုပေါင်း စာမျက်နှာ ၁၁၄၈ မျက်နှာရှိသည့်အနက် စာမျက်နှာ ၈၀၀၊ ၇၀ ရာခိုင်နှုန်းခန့်ကို မြန်မာဘာသာပြန်ဆိုပြီး ဖြစ်ပါကြောင်း၊ မြန်မာဘာသာ ပြန်ဆိုပြီးသည့်အပိုင်းများအား မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းက ပြန်လည်ဆန်းစစ်ခြင်း လုပ်ငန်းကိုဆောင်ရွက်လျက်ရှိပါကြောင်း၊ MNBC-2016 ကို ဘာသာပြန်ဆိုခြင်း၊ ပြန်လည်ဆန်းစစ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ပေးပို့၍ အတည်ပြုချက်ရရှိရေး ဆောင်ရွက်မည်ဖြစ်ပြီး အတည်ပြုချက်ရရှိပါက စီးပွားရေးရာကော်မတီသို့ တင်ပြခြင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ ဆက်လက်တင်ပြခြင်းတို့ကို လုပ်ထုံးလုပ်နည်းနှင့်အညီ စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး၏ အတည်ပြုချက်ရရှိပါက မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ စည်းမျဉ်းများကို ပုဂ္ဂလိက ဆောက်လုပ်ရေးလုပ်ငန်းရှင်များသို့ ဖြန့်ဝေပေးသွားမည်ဖြစ်ပြီး Third Party စနစ် အကောင်အထည်ဖော်ရန်အတွက် လိုအပ်သော လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများကိုလည်း ရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

တမူးမဲဆန္ဒနယ်မှ ဦးနိုင်နိုင်ဝင်း၏ **ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရဌာန အဖွဲ့အစည်းများ အနေဖြင့် တည်ဆောက်ရေးနှင့် ပစ္စည်းဝယ်ယူရေး တင်ဒါများအား ခေါ်ယူဆောင်ရွက်ရာတွင် အနိမ့်ဆုံး ကြမ်းခင်းဈေး သတ်မှတ်ထားခြင်းအား ပယ်ဖျက်ပေးနိုင်ခြင်းရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ပစ္စည်းဝယ်ယူရေး တင်ဒါနှင့် တည်ဆောက်ရေးတင်ဒါဟူ၍ အပိုင်းနှစ်ပိုင်း ပါဝင်ပါကြောင်း၊ ပထမအပိုင်းဖြစ်သည့် ပစ္စည်းဝယ်ယူရေး တင်ဒါခေါ်ယူဆောင်ရွက်ရာတွင် သတ်မှတ်ထားချက်များအရ အနိမ့်ဆုံးကြမ်းခင်းဈေးနှုန်း သတ်မှတ်ရန် မလိုအပ်ပါကြောင်း၊ ပစ္စည်းဝယ်ယူရေး တင်ဒါအောင်မြင်သူကို ရွေးချယ်ရာတွင် စံချိန်စံညွှန်းနှင့် ကိုက်ညီသော တင်ဒါတင်သွင်းသူများအနက်မှ ဈေးအနည်းဆုံးသော တင်ဒါကို ရွေးချယ်ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း။

ဒုတိယပိုင်းဖြစ်သည့် တည်ဆောက်ရေးဆိုင်ရာ တင်ဒါခေါ်ယူ ဆောင်ရွက်ရာတွင် တင်ဒါတင်သွင်းသူများအား Two Envelope စနစ်ဖြင့် စိစစ်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ကျွမ်းကျင်မှုဆိုင်ရာ စာအိတ် (Technical Proposal Envelope) များကို လိုအပ်သော အရည်အသွေးနှင့် စံချိန်စံညွှန်းပြည့်မီမှု ရှိ၊ မရှိ စိစစ်ရွေးချယ်ရမည်ဖြစ်ပြီး ကျွမ်းကျင်မှုဆိုင်ရာ အောင်မြင်သော ကုမ္ပဏီများကိုသာ ဈေးနှုန်းဆက်လက်ဝင်ရောက်ယှဉ်ပြိုင်စေရမည်ဖြစ်ပါကြောင်း၊ ကျွမ်းကျင်မှုဆိုင်ရာ အောင်မြင်သော ကုမ္ပဏီများမှ တင်သွင်းလာသည့် ဈေးနှုန်းများအနက် ဈေးနှုန်းအနည်းဆုံးတင်သွင်းသည့် ကုမ္ပဏီအား တင်ဒါအောင်မြင်သည့် ကုမ္ပဏီအဖြစ် ရွေးချယ်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

နတ်မောက်မဲဆန္ဒနယ်မှ ဦးအောင်တင်လင်း၏ **နတ်မောက်မြို့နယ်နှင့် ရမည်းသင်းမြို့နယ်တို့အား ခရိုင်ချင်းဆက်လမ်းဖောက်လုပ်ပေးရန်** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက မကွေးခရိုင်နှင့် ရမည်းသင်းခရိုင်တို့ကို ဆက်သွယ်မည့် မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ကပေါင်းကုန်းကြီး၊ လဲဘူး၊ သပွတ်ပင်၊ ကျောက်အိုး၊ အောင်ချမ်းသာ၊ ဖက်တောရေ၊ မျှော်တောင်၊ မကျီးပင်ကုန်းကျေးရွာတို့မှ မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်သို့ ဆက်သွယ်မည့် ခရိုင်ချင်းဆက်လမ်း၏ စုစုပေါင်းအရှည်မှာ ၂၅ မိုင်ရှိပြီး မကွေးတိုင်းဒေသကြီးအတွင်း ၁၇ မိုင်နှင့် မန္တလေးတိုင်းဒေသကြီးအတွင်း ရှစ်မိုင် ပါဝင်ပါကြောင်း၊ အဆိုပါ လမ်းများအား တစ်ဆက်တစ်စပ်တည်း ဖောက်လုပ်ပြီးပါက ရန်ကုန်-မန္တလေး အမြန်လမ်း၏ မိုင်တိုင် အမှတ်(၂၅၆/၂) သို့ ဆက်သွယ်သွားရောက်နိုင်မည် ဖြစ်ပါကြောင်း။

အဆိုပါ ခရိုင်ချင်းဆက်လမ်းသည် လမ်းအဆင့်သတ်မှတ်ချက်အရ Class(A) တွင်ပါဝင်သဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ကပေါင်းကုန်းကြီး၊ လဲဘူး၊ သပွတ်ပင်လမ်းပိုင်း၌ ၁၂ ပေ အကျယ် ၆ လက်မဒိုကျောက်ရောမြေ ၈ မိုင် ၆ ဖာလုံခင်းရန်အတွက် ရန်ပုံငွေ ထည့်သွင်းလျာထားပြီး ဖြစ်ပါကြောင်း၊ ကျန်ရှိသောလမ်းပိုင်းများအား ဘဏ္ဍာနှစ်အလိုက် ဘဏ္ဍာငွေတင်ပြတောင်းခံပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ရာသီမရွေးသွားလာနိုင်သော လမ်းအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ဆက်လက်၍ နွားထိုးကြီး မဲဆန္ဒနယ်မှ ဦးနိုင်ထူးအောင်၊ ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုးနှင့် ထီးလင်းမဲဆန္ဒနယ်မှ ဦးမြတ်လေးဦးတို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ရှင်းလင်းဖြေကြားသည်။

ယင်းနောက် သာစည် မဲဆန္ဒနယ်မှ ဦးသန်းစိုးက ၂၀၁၈ ခုနှစ် မေ ၁၂ ရက်တွင် မူဆယ်မြို့နယ်အတွင်းရှိ လုံခြုံရေး ဂိတ်စခန်းနှင့် မြို့တွင်းရှိ နေအိမ်များသို့ KIA၊ TNLA လက်နက်ကိုင်အဖွဲ့များက ဝင်ရောက်တိုက်ခိုက်ခဲ့သဖြင့် အပြစ်မဲ့ ပြည်သူ ၁၄ ဦး သေဆုံး၊ ရဲတပ်ဖွဲ့ဝင်တစ်ဦးနှင့် ဌာနေ ပြည်သူ့စစ်တပ်ဖွဲ့ဝင် လေးဦး ကျဆုံးနှင့် ဒဏ်ရာရသူ ၇၂ ဦးတို့အတွက် စာနာထောက်ထားကြောင်းနှင့် သေဆုံးသူများ၏ မိသားစုနှင့်အတူ ဝမ်းနည်းပါကြောင်းအဆိုတင်သွင်းရာ လွှတ်တော်က သဘောတူသဖြင့် မှတ်တမ်းတင်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ကြေညာသည်။

ထို့နောက် ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေးက **ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းပြီး နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုး ထုတ်ပြန်ပြီးသည့် မူလဥပဒေများကို နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးအတွက် အကောင်အထည်ဖော်ကျင့်သုံးကြရမည့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများမှ တစ်ဆင့်ခံဥပဒေဖြစ်သည့် နည်းဥပဒေများကို အချိန်နှင့်တစ်ပြေးညီ ရေးဆွဲထုတ်ပြန် ကျင့်သုံးပေးပါရန် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများသို့ တိုက်တွန်းကြောင်း** အဆိုကို တင်သွင်းရာ မိမိတို့နိုင်ငံအနေဖြင့် ပထမအကြိမ်လွှတ်တော်သက်တမ်းမှ ယခုဒုတိယအကြိမ် လွှတ်တော်သက်တမ်းအထိ မူရင်းဥပဒေ ၅၉ ခုကို လက်တွေ့အကောင်အထည်ဖော် ကျင့်သုံးရမည့် တစ်ဆင့်ခံဥပဒေများဖြစ်သည့် နည်းဥပဒေများ ရေးဆွဲပြဋ္ဌာန်းထားရှိရခြင်းမရှိသေးသည်ကို သိရှိရပါကြောင်း၊ ထို့အတူ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများကို မူရင်းဥပဒေများ ရေးဆွဲပြဋ္ဌာန်းခွင့် ပြုထားရာ မူရင်းဥပဒေ၏ တစ်ဆင့်ခံနည်းဥပဒေများအား သက်ဆိုင်ရာအဖွဲ့အစည်းများက ရေးဆွဲပြဋ္ဌာန်းကျင့်သုံးမှု အားနည်းသည့်အတွက် မူလဥပဒေများ၏ ရည်ရွယ်ချက်များ သက်ဝင်မှုမရှိသည်ကို သိရှိရပါကြောင်း။

တိုက်ရိုက်ဥပဒေဖြစ်သည့် မူရင်းဥပဒေအားလုံးကို တစ်ဆင့်ခံ ဥပဒေများဖြစ်သည့် နည်းဥပဒေများ ရေးဆွဲပြဋ္ဌာန်းရန်လိုအပ်မည်မဟုတ်ပါကြောင်း၊ အချို့သော မူရင်းဥပဒေများအနေဖြင့် စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်ကျင့်သုံးရုံဖြင့် မူရင်းဥပဒေများသည် အသက်ဝင်ပြီး လက်တွေ့နယ်ပယ်မှ အကောင်းဆုံးအကောင်အထည်ဖော်နိုင်သည်ကို တွေ့ရပါကြောင်း။

ဥပဒေပြု လွှတ်တော်အနေဖြင့် မူရင်းဥပဒေတစ်ရပ်ကို ရေးဆွဲပြဋ္ဌာန်းရာတွင် တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ပြည်သူလူထုအကျိုးကို ရှေးရှုပြီး နိုင်ငံတော်မှ ကျင့်သုံးနေသည့် မူဝါဒကို အခြေပြုရေးဆွဲခြင်း ဖြစ်ပါကြောင်း၊ မူရင်းဥပဒေရည်ရွယ်ချက် အောင်မြင်ရန် တစ်ဆင့်ခံ ဥပဒေဖြစ်သည့် နည်းဥပဒေများကို မလွဲမသွေ ရေးဆွဲကျင့်သုံးရမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံဆွေးနွေးပြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အဆိုအား လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ကြေညာသည်။

ထို့နောက် ယင်းအဆိုနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦးက မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီဥပဒေကြမ်းကို ဖတ်ကြားတင်သွင်းသည်။

ထို့နောက် ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီဝင် ဦးနေမျိုးထွန်းက အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်တင်သွင်းနိုင်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး တတိယနေ့ကို မေ ၁၆ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဟင်္သာတတပ်နယ်မှ စစ်သည်များနှင့် တွေ့ဆုံ



**နေပြည်တော် မေ ၁၅**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဟင်္သာတတပ်နယ် ကွင်းကောက်ရှိ နယ်မြေခံသင်တန်းကျောင်းမှ နည်းပြအရာရှိ၊ စစ်သည်များနှင့် သင်တန်းသားများအား ယနေ့နံနက်ပိုင်းတွင် တွေ့ဆုံသည်။

တွေ့ဆုံစဉ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်တန်းမြင့်လေ့ကျင့်ရေးကျောင်းသည် စစ်သည်တစ်ဦးချင်း၏ အခြေခံမှစ၍ ရာထူးအဆင့်ဆင့်အား ထမ်းဆောင်နိုင်ရန်အတွက် လေ့ကျင့်ပေးနေသည့် သင်တန်းကျောင်းတစ်ခုဖြစ်ကြောင်း၊ လေ့ကျင့်ချိန်ကာလ ကြာမြင့်သည်နှင့်အမျှ စစ်သည်တစ်ဦးချင်းစီ၏ ကျွမ်းကျင်မှုနှင့် ကြံ့ခိုင်မှုပိုမိုတိုးတက်ကောင်းမွန်ရမည်ဖြစ်ကြောင်း၊ သင်တန်းကာလအလိုက် လေ့ကျင့်ရေးလုပ်ငန်းဆောင်ရွက်ပေးမှုများကို စနစ်တကျသင်ယူမှသာ ကြံ့ခိုင်မှုကိုရရှိနိုင်မည်ဖြစ်ပြီး ထိုသို့ သာမန်ထက်ပို၍ ခံနိုင်ရည်ရှိသည့် ကျန်းမာကြံ့ခိုင်မှုရှိမှသာ ပေးအပ်သည့် တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း၊ တပ်မတော်သားတိုင်းသည် မည်သည့်လက်ရုံးတပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်သည်ဖြစ်စေ နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို စစ်မြေပြင်တွင် ခြေလျင်တပ်ဖွဲ့များကဲ့သို့ တိုက်ပွဲဝင်နိုင်ရမည်ဖြစ်ကြောင်း၊ ယင်းသို့ ထမ်းဆောင်နိုင်ရန်အတွက် ရာသီဥတုဒဏ်ကို ခံနိုင်၍ ကျန်းမာကြံ့ခိုင်မှုရှိရန် လိုအပ်ကြောင်း၊ ကျန်းမာရေးနှင့် ညီညွတ်ပြီး စစ်သည်တစ်ဦးချင်း လိုအပ်သည့် အာဟာရနှင့် ကိုက်ညီသည့် ရိက္ခာများကို ရရှိအောင် ဆောင်ရွက်ပေးထားပြီး အပြည့်အဝ စားသုံးရန်လိုအပ်ကြောင်း မှာကြားသည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သင်တန်းကျောင်းမှ အရာရှိ၊ စစ်သည်များနှင့် သင်တန်းသားများအတွက် သုတ၊ ရသ စာအုပ်စာစောင်များနှင့် စားသောက်ဖွယ်ရာများကို ပေးအပ်ပြီး ကာကွယ်ရေးဦးစီးချုပ်(ရေ)က စားသောက်ဖွယ်ရာများကို လည်းကောင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ)က အားကစားပစ္စည်းများကိုလည်းကောင်း၊ တိုင်းမှူးက စားသောက်ဖွယ်ရာများကိုလည်းကောင်း ပေးအပ်သည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် သင်တန်းသား စားရိပ်သာတွင် သင်တန်းသားများနှင့်အတူ နေ့လယ်စာ အတူတကွ သုံးဆောင်ကြသည်။

ညနေပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ပုသိမ်မြို့ရှိ မြန်မာ့စီးပွားရေး ကော်ပိုရေးရှင်း အုန်းသားဆီနှင့် ဆက်စပ်ပစ္စည်း စက်ရုံ(ပုသိမ်)သို့ ရောက်ရှိပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ အုန်းသားဆီနှင့် ဆက်စပ်ပစ္စည်းစက်ရုံ (ပုသိမ်)မှ ထုတ်လုပ်သည့် သဘာဝအုန်းသားဆီများကို သုံးစွဲခြင်းဖြင့် လူ့ခန္ဓာကိုယ်၏ ကိုယ်ခံအားစနစ်ကို တိုးတက် ကောင်းမွန်စေခြင်း၊ ခန္ဓာကိုယ်ရှိ ဒူး၊ တံတောင် စသော အဆစ်အမျက်များ လှုပ်ရှားမှု ပိုမိုကောင်းမွန်လာခြင်း၊ အသက်အရွယ်ကြီးရင့်သူများ သောက်သုံးပါက ဦးနှောက်ဆဲလ်များကို ပိုမိုကောင်းမွန်စေသည့်အတွက် မှတ်ဉာဏ်ကျဆင်းမှုကို ကာကွယ်နိုင်ခြင်း၊ ဆီးချိုရောဂါရှိပါက သွေးအတွင်း သကြားဓာတ်ပါဝင်မှုကို ထိန်းညှိနိုင်သောကြောင့် ရောဂါသက်သာစေခြင်း၊ သွေးတိုးရောဂါရှိသူများ ခန္ဓာကိုယ်အတွင်း သွေးတိုးမှုကို လျော့ကျစေခြင်း၊ သွေးအတွင်းမလိုအပ်သော အဆီပါဝင်သည့် ပမာဏကို သိသာစွာ လျှော့ချပေးခြင်း၊ ကိုယ်အလေးချိန်ချရန်အတွက် လေ့ကျင့်ခန်း ပြုလုပ်နေသူများ သောက်သုံးပါက ဇီဝကမ္မဖြစ်စဉ်ကို ပိုမိုလုံ့ဆော်ပေးသဖြင့် ကယ်လိုရီပိုမိုလောင်ကျွမ်းစေခြင်း၊ ကလေးမွေးပြီးစ နို့တိုက်မိခင်များ သောက်သုံးပါက ရင်သွေးငယ်အတွက် အာဟာရပြည့်ဝသော နို့ချိုပိုမိုထွက်စေခြင်း စသော အကျိုးကျေးဇူးများ ရရှိစေနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**



# နော်ဝေနိုင်ငံ အမျိုးသားနေ့အထိမ်းအမှတ် ညစာစားပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် မေ ၁၅**

နော်ဝေနိုင်ငံအမျိုးသားနေ့ အထိမ်းအမှတ် ညစာစားပွဲ အခမ်းအနားကို ယနေ့ညနေ ၆ နာရီခွဲတွင် နေပြည်တော်ရှိ Hilton Hotel ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဦးအောင်ကြည်၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကိုယ်စားလှယ်များ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံသံအမတ်ကြီး H.E. Ms. Tone Tinnes နှင့် နိုင်ငံတကာသံရုံးများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နော်ဝေနိုင်ငံ အမျိုးသားနေ့ အခမ်းအနားအထိမ်းအမှတ် မှတ်တမ်းဗီဒီယိုကို ပြသပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သီချင်းနှင့် နော်ဝေနိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် နော်ဝေနိုင်ငံသံအမတ်ကြီးက နော်ဝေနိုင်ငံအမျိုးသားနေ့ အခမ်းအနား အထိမ်းအမှတ် ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် နော်ဝေနိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် ရေအားလျှပ်စစ်၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၃၀ ပြည့်နှစ်တွင် လူတိုင်း လျှပ်စစ်ဓာတ်အား သုံးစွဲနိုင်ရေးအတွက် ပံ့ပိုးကူညီမှုများကို အတတ်နိုင်ဆုံး ဆောင်ရွက်လျက်ရှိကြောင်း၊ Myanmar - Norway Business Council သည် နော်ဝေကုမ္ပဏီများ မြန်မာနိုင်ငံသို့ လုပ်ငန်းလုပ်ကိုင် ဆောင်ရွက်နိုင်စေရေးအတွက် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ပါကြောင်း၊ နော်ဝေကုမ္ပဏီများမှ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ လုပ်ကိုင်လျက်ရှိကြောင်း၊ Fisheries/Petroleum Management ကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူညီမှုများ မကြာမီ လက်မှတ်ရေးထိုးရန် မျှော်လင့်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ကျေးဇူးတင်စကား ပြောကြားရာတွင် နော်ဝေနိုင်ငံသည် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး၊ ရင်ကြားစေ့ရေး၊ ဒီမိုကရေစီအရေးကိစ္စများတွင် မြန်မာပြည်သူများနှင့်အတူ ရပ်တည်လျက် ထောက်ပံ့ပေးမှုများမှာ ကျေနပ်ဖွယ်ရာ ကောင်းလှပါကြောင်း၊ ထို့အပြင် ဥရောပနိုင်ငံများမှ မြန်မာနိုင်ငံသို့ Sanction တားမြစ်မှုများကို နော်ဝေအစိုးရက တိုက်တွန်းပယ်ဖျက်ပေးမှုများကို လည်းကောင်း၊ မြန်မာနိုင်ငံ ရေအားလျှပ်စစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍများတွင် အထောက်အပံ့ပေးခြင်းများကိုလည်းကောင်း၊ နော်ဝေနိုင်ငံရှိ အထင်ကရ ကုမ္ပဏီများမှ မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံမှုများကိုလည်းကောင်း၊ စီးပွားရေးလုပ်ငန်းဆိုင်ရာ လူမှုပတ်ဝန်းကျင်အပေါ် စောင့်ရှောက်ရမည့် တာဝန်ဝတ္တရားများဖြစ်သည့် Corporate Social Responsibility (CSR) လုပ်ငန်းဆောင်ရွက်ပေးမှုများကို လည်းကောင်း ကျေးဇူးတင်ရှိပါကြောင်းနှင့် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အရေးကြီးမိတ်ဆွေအဖြစ် နော်ဝေနိုင်ငံကို မှတ်ယူထားပါကြောင်း၊ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က မြန်မာပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုသည် အစိုးရ၏ ဦးစားပေးတာဝန်များတွင် တစ်ခုအပါအဝင်ဖြစ်ကြောင်း ပြောကြားခဲ့ရာ နော်ဝေနိုင်ငံ၏ အထောက်အပံ့များသည် မြန်မာနိုင်ငံဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုတည်ထောင်ရေးအတွက် များစွာအထောက်အပံ့ဖြစ်ပါကြောင်း၊ နိုင်ငံအချင်းချင်း၊ ပြည်သူအချင်းချင်း၊ ပိုမိုချစ်ကြည်ရင်းနှီးမှုများအတွက် ပူးပေါင်းဆောင်ရွက်ကြရန် ပြောကြားလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် နော်ဝေသံအမတ်ကြီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များသည် စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကူးကြပြီး ညစာအတူတကွ သုံးဆောင်ကြသည်။

**သတင်းစဉ်**

✳ စာမျက်နှာ ၄ မှ

ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအသိုက်အဝန်းအနေဖြင့်လည်း ရခိုင်ပြည်နယ်ရှိ ပြည်သူများအားလုံးအတွက် ငြိမ်းချမ်းရေး၊ သဟဇာတရှိမှုနှင့်ဖွံ့ဖြိုးတိုးတက်မှုတို့ ပြန်လည်ရရှိရေးတို့အတွက် ဆီလျော်သည့် ပတ်ဝန်းကျင်ကောင်း ဖန်တီးပေးနိုင်ရန် အတူတကွ ကြိုးပမ်းသွားရန်လိုအပ်ကြောင်း၊ အမြစ်တွယ်နေသည့် အယုံအကြည် ကင်းမဲ့မှုကို ကြီးမားစေမည့် အမုန်းပွားစေသည့် သဘောထားအမြင်များကို ရပ်တန့်ရန်လိုကြောင်း။ မြန်မာနိုင်ငံအပေါ် ထားရှိနေသည့် ဆန့်ကျင်ဘက်သဘောထားသည် ငြိမ်းချမ်းရေးနှင့် သဟဇာတဖြစ်ရေးအတွက် အထောက်အကူပြုစေမည် မဟုတ်ကြောင်း၊ ယခုပင် မိမိတို့နိုင်ငံအပေါ် ရန်လိုမုန်းတီးမှုသဘောထားအချို့ကို ကြားခဲ့ရသည်မှာ စိတ်မကောင်းဖွယ် ဖြစ်ကြောင်း။

ခွဲခြားဆက်ဆံမှုများနှင့် တစ်ဖက်သတ် ပံ့ပိုးကူညီမှုများသည် ဒေသတွင်း အသိုက်အဝန်းများအကြား ပိုမိုကင်းကွာမှုများနှင့် တင်းမာမှုများကိုသာ မြင့်တက်စေမည်ဖြစ်ကြောင်း။

နေရပ်စွန့်ခွာသူများ ပြန်လည်လာရောက်ရေးအတွက် နှစ်နိုင်ငံသဘောတူညီချက်အား ဆန္ဒမှန်ဖြင့် အကောင်အထည်ဖော်ရာတွင် ဘင်္ဂလားဒေ့ရှ်အနေဖြင့် မြန်မာနိုင်ငံနှင့် အပြည့်အဝ ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း၊ နေရပ်စွန့်ခွာသူများအား အကူအညီပေးနိုင်ရန်အတွက် အပြန်အလှန် လေးစားမှု၊ စစ်မှန်သောဆန္ဒနှင့် အိမ်နီးချင်းကောင်းစိတ်ဓာတ်တို့ဖြင့် မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့ အတူတကွ ပူးပေါင်းဆောင်ရွက်ပါက ရခိုင်ပြည်နယ်ရှိ လက်ရှိလူသားချင်းစာနာမှုဆိုင်ရာပြဿနာနှင့် ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဖြေရှင်းဆောင်ရွက်နိုင်မည်ဟု ယုံကြည်ကြောင်း။

မြန်မာနိုင်ငံနှင့်ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးအတွက် ပူးတွဲလုပ်ငန်းအဖွဲ့သည် သဘောတူညီထားသည့် ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်ကို ဆောလျင်စွာ အကောင်အထည်ဖော်ရေးအတွက် ၂၀၁၈ ခုနှစ် မေ ၁၇ ရက်တွင် ဒါကာမြို့၌ ထပ်မံတွေ့ဆုံဆွေးနွေးကြမည် ဖြစ်ကြောင်း၊

မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီစနစ်သို့ ကူးပြောင်းရေးအတွက် စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရသည့် အချိန်တွင် ထောက်ခံအားပေးမှုပြုနေကြသော လုံခြုံရေးကောင်စီ အဖွဲ့ဝင်များကို ကျေးဇူးတင်ရှိပါကြောင်းနှင့် လုံခြုံရေးကောင်စီအဖွဲ့ဝင်များနှင့်အတူ မြန်မာနိုင်ငံသို့ လာရောက်ခဲ့ကြသည့်အတွက် အိမ်နီးချင်း လေးနိုင်ငံကိုလည်း အထူးကျေးဇူးတင်ရှိကြောင်း၊ အပြန်အလှန်နားလည်မှုနှင့် အပြုသဘောဆောင်သည့် ပူးပေါင်းဆောင်ရွက်မှုများဖြင့် မိမိတို့လိုလားတောင့်တသည့် ရလဒ်ကောင်းများ ရရှိနိုင်မည်ဟု ယုံကြည်ကြောင်း။

ကြီးမားသည့် စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရသော်လည်း ရခိုင်ပြည်နယ်ရှိ ပြည်သူများအားလုံး၏ ငြိမ်းချမ်းရေး၊ သာယာဝပြောရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် မြန်မာအစိုးရအနေဖြင့် အတတ်နိုင်ဆုံး ကြိုးပမ်းသွားမည်ဖြစ်ကြောင်း စသည်ဖြင့် ထည့်သွင်းဆွေးနွေးပြောကြားခဲ့ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

❖ ကုန်စည်များမှ

အဆိုပါ သင်္ဘောတူးခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် စင်ကာပူနိုင်ငံမှ MV.REEM ISLAND သောင်တူးသင်္ဘောကြီးမှာ မေ ၁၄ ရက် မွန်းလွဲပိုင်းက သီလဝါဆိပ်ကမ်းအနီးသို့ ရောက်ရှိပြီး သောင်တူးခြင်းလုပ်ငန်းများကို စတင်ဆောင်ရွက်နေကြောင်း သိရသည်။

"အဓိက က အပြင်စည်းခုံဖြစ်တဲ့ ရန်ကုန်မြစ်ဝ ပတ်ဝန်းကျင်နဲ့ အတွင်းစည်းခုံဖြစ်တဲ့ သန်လျက်စွန်းနားမှာ တူးမှာပါ၊ တစ်လခွဲ နှစ်လလောက် ကြာမယ်၊ သန်လျက်စွန်းနေရာက သဘာဝအရ နုန်းတွေ သဲတွေ ပို့ချသလို ဖြစ်နေတဲ့အတွက် အမြဲစောင့်ကြည့်ရတယ်၊ ကျွန်တော်တို့ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှာရှိတဲ့ အသေးစား သောင်တူးသင်္ဘောလေးစင်းနဲ့လည်း သောင်တူးတဲ့လုပ်ငန်းတွေကို ဆောင်ရွက်နေပါတယ်"ဟု ဌာနမှူး ဦးအောင်ကျော်ထူးက ပြောသည်။

အဆိုပါ သောင်တူးခြင်းလုပ်ငန်းများကို ကြီးမားသည့် သောင်တူးသင်္ဘောများဖြင့် ၂၀၁၄ ခုနှစ်တွင် တစ်ကြိမ်၊ ၂၀၁၆ ခုနှစ်တွင် တစ်ကြိမ် ဆောင်ရွက်ခဲ့ပြီး ယခုအကြိမ်မှာ တတိယအကြိမ်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ**
**ဇာနည်မောင်၊ အေးမင်းသူ**

○ ကျောဖုံးမှ

ဒါက အသင်းအတွက် အများကြီး မထိခိုက်ပါဘူး၊ အခုပွဲအတွက် ပြင်ဆင်မှုတွေ သေချာပြုလုပ်ထားပြီး ဂိုးသမား ကျော်ဇင်ထက်ကို အသင်းခေါင်းဆောင်အဖြစ် ပြန်လည်ပွဲထွက်စေမှာပါ"ဟု ပြောကြားသည်။ ဆီရက်စ် အသင်းနည်းပြချုပ် မီဒါကိုဗစ်က "ဒီပွဲအတွက် အကောင်းဆုံးပြင်ဆင်ထားပါတယ်၊ ဗိုလ်လုပွဲ တက်ရောက်နိုင်ဖို့ သေချာပြင်ဆင်နေပါတယ်၊ ပထမအကျော့မှာ ဂိုးပြတ်အနိုင်ရထားပေမယ့် ပွဲသစ်တစ်ပွဲအနေနဲ့ ကစားမှာပါ၊ ဂိုးမရှိသရေရလဒ်ဆိုတဲ့ အခြေအနေမျိုးနဲ့ ယှဉ်ပြိုင်ကစားမှာပါ" ဟု ပြောကြားသည်။

ရန်ကုန်အသင်းသည် ပထမအကျော့ အဝေးကွင်းပွဲတွင် လေးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ထားသောကြောင့် ယနေ့ယှဉ်ပြိုင်မည့်ပွဲတွင် အနည်းဆုံး နှစ်ဂိုးနှင့်အထက် အနိုင်ရရန် လိုအပ်နေသည်။

**သတင်း-ရှိုင်းထက်ဇော်၊**
**ဓာတ်ပုံ-စိုးညွန့်**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်

## ကမ္ဘာ့ဘဏ်ညွှန်ကြားရေးမှူးနှင့် နော်ဝေသံအမတ်ကြီးတို့အား တွေ့ဆုံ



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ကမ္ဘာ့ဘဏ်၏ မြန်မာနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံနှင့် လာအိုနိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူး Ms. Ellen Goldstein အား လက်ခံတွေ့ဆုံစဉ်။

**နေပြည်တော် မေ ၁၅**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် ကမ္ဘာ့ဘဏ်၏ မြန်မာနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံနှင့် လာအိုနိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူး Ms. Ellen Goldstein အား ယနေ့မွန်းလွဲ ၂ နာရီတွင် လည်းကောင်း၊ နော်ဝေသံအမတ်ကြီး H. E. Ms. Tone Tinnes အား ယနေ့ညနေ ၃ နာရီတွင် လည်းကောင်း နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဆောင်ဧည့်ခန်းမ၌ သီးခြားစီတွေ့ဆုံသည်။

ကမ္ဘာ့ဘဏ်၏ မြန်မာနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံနှင့် လာအိုနိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူး Ms. Ellen Goldstein နှင့်တွေ့ဆုံစဉ် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကမ္ဘာ့ဘဏ်(World Bank)နှင့် မြန်မာနိုင်ငံအကြား ဆက်လက်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စ၊ လွှတ်တော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကူအညီပေးရေးဆိုင်ရာကိစ္စ၊ ချေးငွေနှင့် နည်းပညာအထောက်အကူပေးရေးဆိုင်ရာကိစ္စ၊ ကျေးလက်နေပြည်သူများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိရေး၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

နော်ဝေသံအမတ်ကြီး H. E. Ms. Tone Tinnes နှင့် တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား အစိုးရအချင်းချင်း၊ လွှတ်တော်အချင်းချင်း၊ ပြည်သူအချင်းချင်း ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး အောင်မြင်ရေးအတွက် အကူအညီပေးရေး ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စနှင့် ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲများသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# နိုင်ငံ့ဝန်ထမ်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းအား လွှတ်တော်က သဘောတူ

**နေပြည်တော် မေ ၁၅**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော နိုင်ငံ့ဝန်ထမ်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာခဲ့သည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားသည့် ကြယ်ပွင့်ပြ မေးခွန်း ၅ ခုကို ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ဖြေကြားခြင်းနှင့် အစီရင်ခံစာတစ်ခုအား ဖတ်ကြားရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးငွန်ပေး၏ **ချင်းပြည်နယ် ဟားခါးမြို့နယ် သီဖူလ်းကျေးရွာအုပ်စု ဟိုင်ရွှန်းကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် အသစ်တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပညာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း (တည်ဆောက်ရေး) ခွင့်ပြုရန်ပုံငွေ ရရှိရေးအတွက် လျာထားချက်စာရင်းများ ဆောင်ရွက်သည့်အခါတွင် အသစ်တည်ဆောက်ရန် လိုအပ်သည့် အခြေခံပညာကျောင်းများကို အန္တရာယ်ရှိ ကျောင်းဆောင်များ၊ ကျောင်းသားဦးရေအရ တိုးချဲ့ရန် လိုအပ်သည့် ကျောင်းဆောင်များ၊ စာကြည့်တိုက်များ၊ သိပ္ပံဆောင်များ၊ သဘာဝဘေးဒဏ်ကြောင့် နေရာပြောင်းရွှေ့ဆောက်လုပ်ရန် လိုအပ်သော ကျောင်းများ စသည်ဖြင့် လုပ်ငန်းများခွဲခြား၍ မြို့နယ်အလိုက် ဦးစားပေးအဆင့်များ သတ်မှတ်ကာ ပြုစုဆောင်ရွက်ခဲ့ပါကြောင်း။

ချင်းပြည်နယ် ဟားခါးမြို့နယ်အတွက် အခြေခံပညာကျောင်းပေါင်း ၁၀ ကျောင်းကို မြို့နယ်ဦးစားပေး အစီအစဉ်ဖြင့် ထည့်သွင်းလျာထား ဆောင်ရွက်ထားပါကြောင်း၊ သို့ဖြစ်ပါ၍ ချင်းပြည်နယ် ဟားခါးမြို့နယ် ဟိုင်ရွှန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၃၇ ဦးသာရှိသည့်အတွက် ပေ ၆၀×၃၀ သွပ်မိုး၊ အုတ်ညှပ်တစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အောက်တိုဘာလမှ စက်တင်ဘာလအထိ ဘဏ္ဍာနှစ်ကာလတွင် ငွေလုံးငွေရင်း တည်ဆောက်ရေး ခွင့်ပြုရန်ပုံငွေရရှိရေးအတွက် လျာထားချက်စာရင်းတွင် မြို့နယ်ဦးစားပေး အစီအစဉ်အရ ထည့်သွင်းလျာထားပါကြောင်း ဖြေကြားသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး



ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးငွန်ပေး

**မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါ်သန်းသန်းအေး၏ မကွေးတိုင်းဒေသကြီး သရက်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းရှိ ဧရာဆောင်၊ စစ်တောင်းဆောင်၊ သံလွင်ကျောင်းဆောင်များ၏ ပျက်စီးယိုယွင်းနေသော နေရာများကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ပြန်လည်ပြုပြင်တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက မကွေးတိုင်းဒေသကြီး သရက်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှိ ဧရာဆောင်နှင့် စစ်တောင်းဆောင် နှစ်ဆောင်တို့အား ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အောက်တိုဘာလမှ စက်တင်ဘာလအထိ ဘဏ္ဍာရေးခွင့်ပြုရန်ပုံငွေရရှိရေးအတွက် သာမန်အသုံးစရိတ်ဖြင့် အကြီးစားပြင်ဆင်ရန်အတွက် စိစစ်ဆောင်ရွက်သွားမည်ဖြစ်ပြီး သံလွင်ဆောင်အစား ပေ ၁၂၀ × ၃၀ Steel Structure နှစ်ထပ်ကျောင်းဆောင် တစ်ဆောင်ကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း (တည်ဆောက်ရေး) ခွင့်ပြုရန်ပုံငွေလျာထားချက်စာရင်းများ ဆောင်ရွက်ချိန်တွင် မြို့နယ်ဦးစားပေး အစီအစဉ်ဖြင့် တန်းစီဇယားအရ စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးအောင်မျိုးလတ်၏ **မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် မြင်းခြံဒီဂရီကောလိပ်ကို တက္ကသိုလ်အဆင့်သို့ တိုးမြှင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက တက္ကသိုလ်အဆင့် တိုးမြှင့်မည်ဆိုပါက ဘွဲ့ကြိုတန်း၊ ဂုဏ်ထူးတန်းနှင့် မဟာအရည်အချင်းစစ် သင်တန်းများအပြင် ဒီပလိုမာတန်းများ၊ မဟာဘွဲ့သင်တန်းများပါ သင်ကြားပို့ချပေးနိုင်မည်ဖြစ်သည့်အတွက် ဒေသတွင်း၌ရှိသည့် တက္ကသိုလ် ကျောင်းသား ကျောင်းသူများအနေဖြင့် သင်ယူမှုအခွင့်အလမ်းများ ပိုမိုရရှိလာမည် ဖြစ်ပါကြောင်း။

သတ်မှတ်မြို့နယ်များမှ ကျောင်းသား ကျောင်းသူများ လွယ်ကူစွာ ပညာသင်ကြား သင်ယူခွင့်ရရှိနိုင်မည်ဖြစ်သည့်အတွက် မြင်းခြံဒီဂရီကောလိပ်အား တက္ကသိုလ်အဆင့်သို့ တိုးမြှင့်သင့်သော်လည်း တက်ရောက်နေသည့် ကျောင်းသား ကျောင်းသူ အရေအတွက်အပေါ် မူတည်၍ ထပ်မံလိုအပ်သည့် စာသင်ဆောင်များ၊ ကျောင်းသား ကျောင်းသူ အိပ်ဆောင်များ၊ သင်ကြားရေး ဆရာ ဆရာမများနှင့် ဝန်ထမ်းအင်အားများကို ပညာရေးဝန်ကြီးဌာနအနေဖြင့် ထပ်မံဖြည့်ဆည်းဆောင်ရွက်ပေးရမည် ဖြစ်ပါကြောင်း၊ ထို့ပြင် လိုအပ်သည့် ခွင့်ပြုဘဏ္ဍာငွေနှင့် ဆရာ ဆရာမ ခန့်ထားနိုင်မှု၊ တက္ကသိုလ်အဆင့်တိုးမြှင့်နိုင်ရန်အတွက် ဝန်ကြီးဌာနအနေဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုအတည်ပြုချက်ရရှိရေးအတွက် အလေးအနက်ထား ကြိုးစားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့နောက် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာဇော်လင်းထွဋ်နှင့် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမြင်းဆွေတို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ရှင်းလင်းဖြေကြားခဲ့သည်။

ဆက်လက်၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးလားလ်မင်းထန်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာ့သမိုင်းအဖွဲ့ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရာ ကော်မတီသည် မြန်မာ့သမိုင်းအဖွဲ့ဥပဒေကြမ်းကို လေ့လာစိစစ်ရာ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်များသည် သင့်လျော်ညီညွတ်မှု ရှိပါသဖြင့် ပြည်သူ့လွှတ်တော်က အတည်ပြုထားသည့်အတိုင်း အမျိုးသားလွှတ်တော်က ဆက်လက်အတည်ပြုဆောင်ရွက်သင့်ပါကြောင်း၊ သို့ဖြစ်ပါ၍ ကော်မတီသည် မြန်မာ့သမိုင်းအဖွဲ့ဥပဒေကြမ်းအပေါ် ထပ်မံပြင်ဆင်ဖြည့်စွက်ရန် မရှိပါသဖြင့် ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း အမျိုးသားလွှတ်တော်က ဆက်လက်အတည်ပြု ဆောင်ရွက်နိုင်ပါရန် အစီရင်ခံ တင်ပြအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေး တတိယနေ့ကို မေ ၁၆ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်(သတင်းစဉ်)**

# မြန်မာ-တရုတ် ကုန်သွယ်မှုတိုးမြှင့်စေရန် ကုန်စည်ပြပွဲ ပြုလုပ်မည်

**ရန်ကုန် မေ ၁၅**

တရုတ်နိုင်ငံတွင် ထုတ်လုပ်သော အရည်အသွေးမြင့် ပစ္စည်းများကို မြန်မာကုမ္ပဏီများ ရှာဖွေနိုင်ရန်နှင့် တရုတ်ကုမ္ပဏီများအတွက် မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သဘောသဘာဝကို ပိုမိုနားလည်နိုင်စေရန်အတွက် ၂၀၁၈ ခုနှစ် China-Myanmar (Yangon) ကုန်စည်ပြပွဲကို မေ ၁၇ ရက်မှ ၁၉ ရက်အထိ Myanmar Event Park တွင် ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

ပြပွဲတွင် ပြခန်းပေါင်း ၂၀၀ ကျော်ပါဝင်ပြီး ကုမ္ပဏီပေါင်း ၁၀၀ ကျော်က ပါဝင်ပြသသွားမည်ဟု သိရသည်။

ပြပွဲတွင် တရုတ်နိုင်ငံမှ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ မီးအလင်းပေးရန်သုံးသည့် ပစ္စည်းများ၊ ယာဉ်များ၊ မော်တော်ဆိုင်ကယ်နှင့် အစိတ်အပိုင်းများ၊ စက်ပစ္စည်းနှင့် ကိရိယာများ၊ လယ်ယာလုပ်ငန်းသုံးပစ္စည်းများ၊ မီးစက်များ၊ စက်မှုလုပ်ငန်းသုံးပစ္စည်းများ၊ အိမ်သုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ အစားအစာများ စသဖြင့် ထုတ်ကုန်များစွာ ပါဝင်ပြသမည်ဖြစ်သည်။

မြန်မာနိုင်ငံမှ စားသောက်ကုန်များ၊ ကော်ဖီ၊ ငါးလုပ်ငန်း၊ စိုက်ပျိုးရေးထုတ်ကုန်များ၊ လက်မှုပစ္စည်းများနှင့် ဝန်ဆောင်မှုများကို ပြသမည်ဖြစ်သည်။

အဆိုပါပြပွဲကို တရုတ်အာဆီယံကုန်စည်ပြပွဲ အတွင်းဝန်ရုံး၊ တရုတ်စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဖွံ့ဖြိုးရေးကောင်စီဗျူရို (TDB)၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့နှင့် WorldEx-SingEx Exhibitions (Guangzhou) Co., Ltd., တို့က ပူးတွဲကျင်းပခြင်းဖြစ်သည်။ ထို့ပြင် မြန်မာနိုင်ငံရှိ တရုတ်သံရုံး၏ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးအကြံပေးရုံး၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) တို့ကလည်း ထောက်ပံ့ပေးထားသည်။ ယခုပြပွဲသည် CAEXPO ၏ မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် ပြုလုပ်သည့် ပြပွဲဖြစ်သည်။

ယင်းအကြောင်းအရာနှင့်စပ်လျဉ်းသည့် အကြိုသတင်းစာရှင်းလင်းပွဲကို မေ ၁၅ ရက်က နိုဗိုတယ်ဟိုတယ်၌ ပြုလုပ်ရာ ရှင်းလင်းပွဲသို့ တရုတ်အာဆီယံကုန်စည်ပြပွဲအတွင်းဝန်ရုံး၏ ဒုတိယအထွေထွေအတွင်းရေးမှူး Ms. Yang Yanyan၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၏ စီးပွားရေးကိုယ်စားလှယ် ဒေါက်တာသက်လွင်ဦး၊ WorldEx-SingEx Exhibitions (Guangzhou) Co., Ltd. ၏ ဒုတိယအထွေထွေမန်နေဂျာ Mr. Wen Zhibin တို့ တက်ရောက်ကြသည်။

မြန်မာနိုင်ငံအနေဖြင့် ယခုနှစ်အတွင်း တရုတ်နိုင်ငံတွင် ကျင်းပမည့် နိုင်ငံတကာကုန်စည်ပြပွဲ သုံးခုဖြစ်သည့် ဇွန် ၁၄ ရက်မှ ၂၀ ရက်အထိ ကျင်းပမည့် (၂၅) ကြိမ်မြောက် Kunming Import Export Fair တွင် ဂုဏ်ထူးဆောင်နိုင်ငံအဖြစ် လည်းကောင်း၊ စက်တင်ဘာ ၁၂ ရက်မှ ၁၅ ရက်အထိ ကျင်းပမည့် (၁၅)ကြိမ်မြောက် China-ASEAN Expo နှင့် နိုဝင်ဘာ ၅ ရက်မှ ၁၀ ရက်အထိ ကျင်းပမည့် Shanghai Import Expo တို့တွင် လည်းကောင်း မြန်မာနိုင်ငံမှ ထုတ်ကုန်များကို ပါဝင်ပြသသွားမည်ဖြစ်သည်။

**ခင်ဇာလီ**

# သဘာဝဘေးကို စီမံခန့်ခွဲရာတွင် ထိရောက်စွာဆောင်ရွက်နိုင်မှသာ ကြံ့ကြံ့ခံရင်ဆိုင်တုံ့ပြန်နိုင်စွမ်းရှိသည့် လူမှုအသိုက်အဝန်း ဖြစ်လာမည်




**နေပြည်တော် မေ ၁၅**
အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ (၁/၂၀၁၈) အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကား ပြောကြားသည်။ **(ယာပုံ)**

အစည်းအဝေးတွင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတက ယခု အစည်းအဝေးတွင် ၂၀၁၈ ခုနှစ် မိုးရာသီကာလအတွင်း ဖြစ်ပွားနိုင်သည့် ဘေးအန္တရာယ်များနှင့် အချိန်အခါမရွေးဖြစ်ပေါ်လာနိုင်သည့် ငလျင်ဘေးအန္တရာယ်အတွက် ကြိုတင်ကာကွယ်ရေး၊ ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများနှင့်ပတ်သက်ပြီး ဆွေးနွေးညှိနှိုင်းကြရန်ဖြစ်ပါကြောင်း၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအနေဖြင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု လုပ်ငန်းများနှင့်ပတ်သက်ပြီး အမြဲတမ်းနိုးကြား ဆောင်ရွက်နေရမည်ဖြစ်ကြောင်း။

ရာသီကာလအလိုက်ဖြစ်နိုင်သည့်ဘေးများ၊ နေရာဒေသအလိုက်ဖြစ်နိုင်သည့် ဘေးများအပေါ် ထိရောက်သော စီမံခန့်ခွဲမှုများဆောင်ရွက်နိုင်ရန် လိုအပ်ပြီး ကြိုတင်ပြင်ဆင်မှုများကိုလည်း အချိန်နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ ဆောင်ရွက်ထားရန် လိုအပ်ပါကြောင်း။

**အိန္ဒိယနိုင်ငံ တောင်ပိုင်း ပရာဒက်ရှ်ပြည်နယ်တွင် ဧပြီ ၂၄ ရက်က နာရီပေါင်း ၁၃ နာရီအတွင်း မိုးကြိုးပစ်မှုအကြိမ်ပေါင်း ၃၆၇၄၉ ကြိမ် ဖြစ်ပွားခဲ့ပြီး လူကိုးဦးသေဆုံးခဲ့ပါကြောင်း၊ ၂၀၁၅ ခုနှစ်နောက်ပိုင်း အိန္ဒိယနိုင်ငံတွင် တစ်နှစ်လျှင် မိုးကြိုးပစ်မှုကြောင့် လူ ၂၀၀၀ ခန့် သေဆုံးလျက်ရှိသည်ဟု သိရှိရပါကြောင်း၊** မြန်မာနိုင်ငံတွင်လည်း ၂၀၁၇ ခုနှစ် ဧပြီလမှ ၂၀၁၈ ခုနှစ် မတ်လအထိကာလအတွင်း မိုးကြိုးပစ်မှုဖြစ်စဉ် ၁၀၉ ကြိမ် ဖြစ်ပွားခဲ့ရာ လူဦးရေ ၁၁၁ ဦးသေဆုံးခဲ့ပြီး ဒဏ်ရာရရှိသူ ၃၉ ဦးရှိခဲ့ပါကြောင်း၊ ယခုအချိန်ကာလသည် မိုးဦးလေဦးရာသီဖြစ်သည့်အတွက် မုန်တိုင်းဖြစ်ပေါ်ခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်ခြင်း၊မိုးကြိုးပစ်ခြင်း၊ မိုးသီးကြွေခြင်း၊ ရေကြီးခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းများဖြစ်ပေါ်နိုင်သည့်အတွက် ဘေးအန္တရာယ်များနှင့်ပတ်သက်ပြီး ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်မှုများနှင့် လိုအပ်ချက်များကို ဆွေးနွေးကြရန် လိုအပ်ပါကြောင်း။

### ကြိုတင်ပြင်ဆင်ဆောင်ရွက်

တစ်ခါတစ်ရံ မိမိဒေသတွင် မဖြစ်နိုင်သော်လည်း အခြားဒေသတွင်ဖြစ်ခဲ့ပြီး နောက်ဆက်တွဲအနေဖြင့် မိမိဒေသကို လာရောက်ရိုက်ခတ်နိုင်သည့် ဘေးအန္တရာယ်များကိုလည်း သတိပြုရမည်ဖြစ်ကြောင်း၊ ၂၀၁၁ ခုနှစ် အောက်တိုဘာလတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ စစ်တကောင်းမြို့နှင့် မြန်မာနိုင်ငံ မောင်တောမြို့အကြား ဖြတ်ကျော်ဝင်ရောက်ခဲ့သည့် O2B မုန်တိုင်းအရှိန်ကြောင့် မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် မိုးရွာသွန်းမှုစံချိန်တင် များပြားခဲ့ပြီး မြန်မာနိုင်ငံအလယ်ပိုင်း မကွေးတိုင်းဒေသကြီးအတွင်းက မြို့နယ်အချို့တွင် လျှပ်တစ်ပြက်ရေကြီးမှုဖြစ်ပွားခဲ့သည့်အတွက် လူ ၄၆ ဦး သေဆုံးပြီး ၁၁၅ ဦးပျောက်ဆုံးခဲ့ပါကြောင်း၊ ယင်းဖြစ်စဉ်ကိုကြည့်ခြင်းအားဖြင့် မိမိတို့ဒေသတွင် တိုက်ရိုက်မဖြစ်ပေါ်နိုင်သော်လည်း သွယ်ဝိုက်ပြီး ဖြစ်ပေါ်လာနိုင်သည့် ဘေးအန္တရာယ်များကို သိရှိထားရမည်ဖြစ်ပြီး ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားရန်လိုအပ်ကြောင်း။

### ကြိုတင်အစီအမံများ ချမှတ်

ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်သည့်နေရာတွင် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများအတွက်သာမက ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက်ပါ ကြိုတင်စဉ်းစားပြင်ဆင်ထားရမည်ဖြစ်ပါကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် သဘာဝဘေး ဖြစ်ပေါ်လာနိုင်သည့်နေရာများက ဘေးအန္တရာယ်ကျရောက်နိုင်ခြေများသည့်နေရာများ သိရှိထားပြီးဖြစ်သည့်အတွက် အိုးအိမ်များပြန်လည်နေရာချထားပေးနိုင်ရန်၊ အဆောက်အအုံများ ပြန်လည်တည်ဆောက်ပေးနိုင်ရန်အတွက် ဘေးလွတ်ကင်းရာ နေရာများကို ကြိုတင်ရွေးချယ်ထားရန် လိုအပ်ပြီး အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ လမ်းပန်းဆက်သွယ်ရေး၊ ကျန်းမာရေး၊ ပညာရေးစသည့်ကဏ္ဍအသီးသီးကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အစိုးရအဖွဲ့များက ပူးပေါင်းပြီး အမြန်ဆုံးနှင့် စနစ်တကျဖြစ်အောင်ဆောင်ရွက်ပေးနိုင်ရေးအတွက် ကြိုတင်အစီအမံများချမှတ်ထားခြင်းတို့ကိုလည်း အလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်သည့်အခါ စနစ်ကျသည့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုနှင့် ဘေးဒဏ် ကြံ့ကြံ့ခံနိုင်ရေးတို့ကို ထည့်သွင်းစဉ်းစားဆောင်ရွက်ရန်လိုအပ်ကြောင်း၊ မြန်မာနိုင်ငံ၏ ငလျင်ဘေးအန္တရာယ်အကြောင်းကို လေ့လာကြည့်ပါက မြန်မာနိုင်ငံအနေဖြင့် အရှေ့တောင်အာရှဒေသတွင် အကြီးမားဆုံး ငလျင်ကြောဖြစ်သည့် စစ်ကိုင်းပြတ်ရွေ့ကြောပေါ်တွင် တည်ရှိနေကြောင်း၊ စစ်ကိုင်းပြတ်ရွေ့သည် ရန်ကုန်၊ ပဲခူး၊ တောင်ငူ၊ နေပြည်တော်၊ မန္တလေး၊ မြစ်ကြီးနားစသည့် အဓိကမြို့ကြီးများကို ဖြတ်သန်းတည်ရှိနေကြောင်း၊ မြန်မာပြည်အရှေ့ဘက်၊ အရှေ့ မြောက်ဘက် ရှမ်းကုန်းပြင်မြင့်ဒေသ၊ လာအို၊ ထိုင်း၊ တရုတ်နိုင်ငံများနှင့်ဆက်စပ်နေသည့် ပြတ်ရွေ့ကြောများ တည်ရှိနေကြောင်းကို လေ့လာသိရှိရပါကြောင်း။

### ဦးစားပေးဆောင်ရွက်

မကြာသေးမီကာလအတွင်းက ကလေးမြို့၊ ချောက်မြို့၊ ဖြူးငလျင်၊ နေပြည်တော်တွင် လှုပ်ခဲ့သည့် ငလျင်တို့မှာ အင်အားအနည်းငယ်နှင့် အသင့်အတင့်ရှိပြီး ငလျင်ငယ်များ မကြာခဏလှုပ်ရှားနေသည့်အတွက် ပြည်သူများအနေဖြင့် စိုးရိမ်ကြောင့်ကြမှုများရှိနေသည်ဟုသိရှိရပါကြောင်း၊ ငလျင်ဘေးအန္တရာယ်သည် ကြိုတင်ခန့်မှန်းနိုင်ခြင်းမရှိဘဲ အချိန်မရွေးဖြစ်လာနိုင်ခြင်းကြောင့် ငလျင်ဘေးရင်ဆိုင်တုံ့ပြန်နိုင်ရေးနှင့် အမြဲအဆင်သင့်ဖြစ်နေစေရေးမှာ အလွန်အရေးကြီးပါကြောင်း၊ သို့ဖြစ်၍ မိမိတို့မည်သည့်အတိုင်းအတာအထိ ဆောင်ရွက်ပြီးဖြစ်သည်ကို ဆန်းစစ်ရန်လိုနေကြောင်း၊ ယခုအချိန်သည် ဝန်ကြီးဌာနများအလိုက်၊ တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် မိမိတို့၏ တာဝန်ရှိမှုများနှင့်အညီ ငလျင်ဘေးတုံ့ပြန်ဆောင်ရွက်ရေးနှင့် ပတ်သက်ပြီး ကြိုတင်ကာကွယ်မှု၊ ကြိုတင်ပြင်ဆင်မှုများကို ဦးစားပေးဆောင်ရွက်ကြရန် လိုအပ်နေပါကြောင်း။

### ကြံ့ကြံ့ခံ ရင်ဆိုင်တုံ့ပြန်နိုင်စွမ်းရှိ

မိမိတို့အနေဖြင့် ဆွေးနွေးလိုသည်မှာ အစိုးရဌာနများ၏ ငလျင်ဘေးတုံ့ပြန်ဆောင်ရွက်ရေး အစီအမံများ ခိုင်မာအားကောင်းရန်နှင့် SOP များရေးဆွဲထားရှိရန်၊ ကြိုတင်ကာကွယ်ရေး၊ ကြိုတင်ပြင်ဆင်ရေးအပိုင်းကို ပိုမိုပြီးအားထည့်ဆောင်ရွက်ရန်လိုအပ်ပြီး ဘေးအန္တရာယ်ဖြစ်ပေါ်လာပါက ဦးစွာတုံ့ပြန်မှုဆောင်ရွက်ရမည့် ပြည်သူများကလည်း စနစ်ကျစွာ၊ ထိရောက်စွာ၊ မှန်ကန်စွာ တုံ့ပြန်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ငလျင်ဘေးနှင့် စပ်လျဉ်းပြီး အသိပညာပေးခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်ခန်းများ ပြုလုပ်ပေးခြင်းကို ကြိုတင်ဆောင်ရွက်ရမည်ဖြစ်ပြီး အကြိမ်ရေများများ ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ ထို့ပြင် အသစ်ဆောက်လုပ်မည့် အဆောက်အအုံများကို Building Code များနှင့်အညီ ဆောက်လုပ်စေရန်နှင့် ငလျင်ပြတ်ရွေ့ကြောများပေါ်တွင် တည်ရှိနေသည့် မြို့၊ ရွာများကိုလည်း လေ့လာဆန်းစစ်မှုများ ပြုလုပ်ပြီး လိုအပ်သည့် အစီအမံများ ဆောင်ရွက်ကြရန် ပြောကြားလိုကြောင်း၊ သဘာဝဘေးကို စီမံခန့်ခွဲရာတွင် Preparedness (ကြိုတင်ပြင်ဆင်မှု)၊Response(တုံ့ပြန်မှု)၊ Recovery (ပြန်လည်ထူထောင်မှု)များကို အပိုင်းအလိုက် ဆောင်ရွက်နေကြပြီး စနစ်ကျ ထိရောက်စွာ ဆောင်ရွက်နိုင်မှသာလျှင် သဘာဝဘေးကို ကြံ့ကြံ့ခံရင်ဆိုင်တုံ့ပြန်နိုင်စွမ်းရှိသည့် လူမှုအသိုက်အဝန်းဖြစ်လာမည် ဖြစ်ပါကြောင်း။

ဆက်လက်ပြီးလည်း အားလုံးစုစည်းညီညွတ်စွာ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ရည်မှန်းချက်ပန်းတိုင်ကို ရောက်ရှိရေး ဝိုင်းဝန်းကြိုးပမ်းပေးကြရန် တိုက်တွန်း ပြောကြားလိုပါကြောင်း၊ ထို့ပြင် လုပ်ငန်းကဏ္ဍအလိုက် နည်းပညာများကို ထည့်သွင်းအသုံးချနိုင်ခြင်းအားဖြင့် ပိုမိုကောင်းမွန်သည့် သဘာဝဘေးစီမံခန့်ခွဲမှုလုပ်ငန်းများ ဖြစ်ပေါ်လာနိုင်မည်ဖြစ်ပါကြောင်း၊ တိုးတက်ပြောင်းလဲလာသည့်နည်းပညာများကို လိုက်ပါအသုံးပြုနိုင်ပြီး ယင်းနည်းပညာများကို အသုံးပြုတတ်ရန် စွမ်းရည်များမြင့်မားလာရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် စီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးစိုးအောင်က အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ (၂/၂၀၁၇) အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် သဘာဝဘေးကြိုတင်ကာကွယ်နိုင်ရေးအတွက် ဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

### ကဏ္ဍစုံဆောင်ရွက်နေ

ဆက်လက်၍ စီမံခန့်ခွဲမှုကော်မတီဒုတိယဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက သဘာဝဘေးကြိုတင်ကာကွယ်ရေးအတွက် တည်ဆောက်ရေး၊ အသိပညာပေးရေးအပါအဝင် ကဏ္ဍစုံဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် စီမံခန့်ခွဲမှုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများက သဘာဝဘေးဖြစ်ပေါ်လာပါက ဝန်ကြီးဌာနအလိုက် ဆောင်ရွက်နေမှုများနှင့်ကြိုတင်ပြင်ဆင်ထားမှုများကိုလည်းကောင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက တိုင်းဒေသကြီး/ပြည်နယ်အလိုက် သဘာဝဘေးကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ထားမှုများ၊ အသိပညာပေးရေးလုပ်ငန်း၊ လေကာပင်စိုက်ပျိုးရေးလုပ်ငန်း၊ မုန်တိုင်းဒဏ်ခံ အဆောက်အအုံ တည်ဆောက်ပေးရေးနှင့် ဒေသအလိုက် ရေတို၊ ရေရှည်ဆောင်ရွက်ပေးရမည့် လိုအပ်ချက်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ၊ စီမံခန့်ခွဲမှုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# လူဦးရေစာရင်းမှန်ကန်ရေး ဘိုကလေး၌ အသိပညာပေး

**ဖျာပုံ မေ ၁၅**
ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်အတွင်း၌ မွေးဖွားခြင်းနှင့် သေဆုံးမှုစာရင်းများ မှန်ကန်စွာရရှိစေရေး အသိပညာပေး ဆွေးနွေးပွဲကို မေ ၁၅ ရက် နံနက် ၁၀ နာရီက ဘိုကလေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

"မွေး/သေစာရင်း မှန်ကန်ဖို့က နိုင်ငံတော်ရဲ့ စီမံကိန်းအားလုံးအတွက် မဖြစ်မနေလိုအပ်ပါတယ်။ လူဦးရေမမှန်ရင် စီမံကိန်း၊ စီမံချက်များတွေ ထိရောက်မှုအားနည်းပါတယ်။ ဒီမိုကရေစီနိုင်ငံတော်ဖြစ်တဲ့အတွက် အနည်းဆုံးငါးနှစ်တစ်ကြိမ် ရွေးကောက်ပွဲရှိနေလို့ လူဦးရေတိကျမှ ဆန္ဒမဲပေးသူစာရင်းမှန်ကန်ပါမယ်။ ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးရေးကဏ္ဍတွေ ဆောင်ရွက်ရာမှာလည်း လူဦးရေအသက်အပိုင်းအခြားအလိုက် တိကျမှန်ကန်ဖို့ လိုအပ်ပါတယ်။

နောက်ဆုံး တစ်ဦးချင်းဝင်ငွေ တွက်ချက်ခြင်းမှသည် နိုင်ငံတော်ရဲ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု တွက်ချက်ထုတ်ပြန်ခြင်းအထိ လူဦးရေစာရင်း မွေးစာရင်း၊ သေစာရင်း ပြောင်းဝင်၊ ပြောင်းထွက်စာရင်းများ တိကျမှန်ကန်ဖို့ လိုအပ်ပါတယ်။ အဲဒီအတွက် ပြည်သူနှင့်အနီးဆုံး ထိတွေ့ဆောင်ရွက်နေရတဲ့ တာဝန်ရှိသူတွေကို ဒီလိုဆွေးနွေးအသိပညာပေးရခြင်းဖြစ်ပါတယ်"ဟု ဘိုကလေးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇင်ဦးက ပြောသည်။

ဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇင်ဦးနှင့် မြို့နယ်အဆင့်အဖွဲ့ဝင်များက ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအား မွေးဖွားမှုနှင့် သေဆုံးမှုမှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းစာရင်းဇယားများနှင့်စပ်လျဉ်း၍ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို ရှင်းလင်းဆွေးနွေးရာ တက်ရောက်လာသူများက သိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ထိုပညာပေးဆွေးနွေးပွဲသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ခင်ဗိုလ်၊ မြို့နယ်အဆင့် မွေးဖွားမှုနှင့် သေဆုံးမှု မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းစာရင်းဇယားများ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ဝင်များ၊ ရပ်ကွက်နှင့်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ စာရေးဝန်ထမ်းများ စုစုပေါင်း လူဦးရေ ၂၀၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သူဇာနွယ်(ဖျာပုံ)**

# တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၁၁)ဦး အစားထိုးပြောင်းလဲ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် ( ၆၁ / ၂၀၁၈ )**

**၁၃၈၀ ပြည့်နှစ်၊ နယုန်လဆန်း ၁ ရက်**
**( ၂၀၁၈ ခုနှစ်၊ မေလ ၁၅ ရက် )**

**တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(၁၁)ဦး အစားထိုးပြောင်းလဲခြင်း**

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(၁၁)ဦးကို အမည်စာရင်း ပြောင်းလဲလိုကြောင်း ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၁၈. ၁. ၂၀၁၆ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ် (၁/၂၀၁၆)၊ ၁၇. ၅. ၂၀၁၆ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ် (၈/၂၀၁၆)၊ ၁၄. ၁၁. ၂၀၁၆ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ် (၂၆/၂၀၁၆) နှင့် ၂၆. ၁. ၂၀၁၇ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၂/၂၀၁၇) တို့တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်(၁၁)ဦးတို့အား ယှဉ်တွဲပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည်-

( ၁ ) ကြည်း ၁၈၀၈၆ ဗိုလ်မှူးချုပ် တင်စိုး — အစား — ရေ ၁၃၃၅ ဗိုလ်မှူးချုပ် နေဝင်း

( ၂ ) ကြည်း ၂၁၈၉၉ ဗိုလ်မှူးချုပ် သန်းအောင် — အစား — ကြည်း ၁၉၅၉၈ ဗိုလ်မှူးကြီး ဝင်းလွင်ဦး

( ၃ ) ကြည်း ၁၅၁၃၇ ဗိုလ်မှူးချုပ် စိုးမြင့် — အစား — ကြည်း ၁၉၅၂၈ ဗိုလ်မှူးကြီး စိုးလွင်

( ၄ ) ကြည်း ၁၅၁၉၁ ဗိုလ်မှူးကြီး ကြည်ရွှေ — အစား — ကြည်း ၁၉၃၆၈ ဗိုလ်မှူးကြီး မင်းဦး

( ၅ ) ကြည်း ၂၆၂၃၉ ဗိုလ်မှူးကြီး မြဦး — အစား — ကြည်း ၆၇၅၄၀ ဗိုလ်ကြီး ဒေါ်ပြည့်ပြည့်သူ

( ၆ ) လေ ၁၇၅၃ ဗိုလ်မှူးကြီး နေဝင်း — အစား — ကြည်း ၃၁၂၂၅ ဒုတိယဗိုလ်မှူးကြီး အောင်ဇင်မင်း

( ၇ ) ကြည်း ၁၉၇၆၈ ဒုတိယဗိုလ်မှူးကြီး သန်းဦးလွင် — အစား — ကြည်း ၂၈၆၆၆ ဒုတိယဗိုလ်မှူးကြီး သန့်ဇော်

( ၈ ) ကြည်း ၂၆၂၇၇ ဒုတိယဗိုလ်မှူးကြီး မောင်ဘို — အစား — ကြည်း ၃၀၃၇၁ ဒုတိယဗိုလ်မှူးကြီး ရဲထွန်းနိုင်

( ၉ ) ကြည်း ၃၁၃၇၆ ဒုတိယဗိုလ်မှူးကြီး ထိန်လင်း — အစား — ကြည်း ၆၃၁၁၂ ဗိုလ်ကြီး ဒေါ်ဇင်ဇင်အောင်

(၁၀) ကြည်း ၃၁၉၁၉ ဒုတိယဗိုလ်မှူးကြီး ကျော်ဇင်လတ် — အစား — အင်န် ၅၃၇ ဗိုလ်မှူး ဒေါ်အေးအေးမာ

(၁၁) ကြည်း ၂၇၄၀၂ ဗိုလ်မှူး မြင့်မောင် — အစား — အင်န် ၆၂၈ ဗိုလ်မှူး ဒေါ်သူဇာရွှေ

**လှသိန်း**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ငါးဦး အစားထိုးပြောင်းလဲ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် ( ၆၂/၂၀၁၈ )**

**၁၃၈၀ ပြည့်နှစ်၊ နယုန်လဆန်း ၁ ရက်**
**( ၂၀၁၈ ခုနှစ်၊ မေလ ၁၅ ရက် )**

**တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ငါးဦး အစားထိုးပြောင်းလဲခြင်း**

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်း တင်သွင်းထားသော တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ငါးဦးကို အမည်စာရင်း ပြောင်းလဲလိုကြောင်း အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၁၈. ၁. ၂၀၁၆ ရက်စွဲပါကော်မရှင်၏ ကြေညာချက်အမှတ် (၂/၂၀၁၆)၊ ၁၄. ၁၁. ၂၀၁၆ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၂၇/၂၀၁၆) နှင့် ၂၆. ၁. ၂၀၁၇ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၃/၂၀၁၇) တို့တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ငါးဦးအား ယှဉ်တွဲပါအတိုင်း အစားထိုး ပြောင်းလဲလိုက်သည် -

(၁) ကြည်း ၁၈၃၉၉ ဗိုလ်မှူးကြီး သန်းဌေး — အစား — ကြည်း ၂၀၈၇၀ ဗိုလ်မှူးကြီး ခင်မောင်နိုင်

(၂) ကြည်း ၂၁၇၅၀ ဒုတိယဗိုလ်မှူးကြီး မြင့်သိန်း — အစား — ကြည်း ၂၇၄၆၆ ဒုတိယဗိုလ်မှူးကြီး အောင်ထွန်းလင်း

(၃) ကြည်း ၂၄၉၂၇ ဒုတိယဗိုလ်မှူးကြီး ရဲနိုင်ဦး — အစား — ကြည်း ၁၉၃၇၈ ဗိုလ်မှူးကြီး အောင်ကျော်စိုး

(၄) ကြည်း ၃၁၄၀၁ ဒုတိယဗိုလ်မှူးကြီး သန်းထွန်းမြင့် — အစား — ကြည်း ၆၃၁၀၆ ဗိုလ်ကြီး ဒေါ်ပန်းအိစံ

(၅) ကြည်း ၃၃၄၄၅ ဗိုလ်မှူး ဝင်းနိုင် — အစား — ကြည်း ၃၁၃၁၄ ဒုတိယဗိုလ်မှူးကြီး မျိုးထွန်းအောင်

**လှသိန်း**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၂၇)ဦး အစားထိုးပြောင်းလဲ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် ( ၆၃/ ၂၀၁၈ )**

**၁၃၈၀ ပြည့်နှစ်၊ နယုန်လဆန်း ၁ ရက်**
**( ၂၀၁၈ ခုနှစ်၊ မေလ ၁၅ ရက်)**

**တပ်မတော်သားတိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၂၇)ဦး အစားထိုးပြောင်းလဲခြင်း**

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၂၇) ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၁၈. ၁. ၂၀၁၆ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ်(၃/၂၀၁၆)၊ ၁၄. ၁၁. ၂၀၁၆ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ်(၂၈/၂၀၁၆)၊ ၁၆. ၅. ၂၀၁၇ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ် (၁၀/၂၀၁၇) နှင့် ၃၀. ၁၀. ၂၀၁၇ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ်(၂၆/၂၀၁၇) တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၂၇)ဦးတို့အား ယှဉ်တွဲပါအတိုင်းအစားထိုး ပြောင်းလဲလိုက်သည် -

(က) **ကချင်ပြည်နယ်လွှတ်တော်**

ကြည်း ၃၅၄၆၈ ဗိုလ်မှူး လှိုင်ဖြိုးဝေ — အစား — ကြည်း ၂၀၆၁၅ ဗိုလ်မှူးကြီး ကျော်ကျော်ဦး

(ခ) **ကယားပြည်နယ်လွှတ်တော်**

(၁) ကြည်း ၂၂၆၀၃ ဗိုလ်မှူး နေထွန်း — အစား — ကြည်း ၃၉၅၆၅ ဗိုလ်မှူး မျိုးမင်းထက်

(၂) ကြည်း ၂၈၅၇၀ ဗိုလ်ကြီး ရွှေတိုး — အစား — ကြည်း ၃၆၅၈၀ ဗိုလ်ကြီး ဇော်မင်းထွန်း

(ဂ) **ချင်းပြည်နယ်လွှတ်တော်**

ကြည်း ၄၂၅၇၇ ဗိုလ်မှူး ဉာဏ်ထွဋ်ဆွေ — အစား — ကြည်း ၅၇၅၄၇ ဗိုလ်ကြီး စိုးရန်အောင်ဌေး

(ဃ) **စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်**

(၁) ကြည်း ၁၆၆၆၇ ဗိုလ်မှူးကြီး ကျော်သန့်နိုင် — အစား — ကြည်း ၂၆၈၈၄ ဗိုလ်မှူးကြီး သန်းထွန်းအောင်

(၂) ကြည်း ၃၀၅၈၇ ဗိုလ်မှူး သန်းထိုက်အောင် — အစား — ကြည်း ၁၉၄၆၈ ဗိုလ်မှူးကြီး ဝင်းတင့်

(င) **တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်**

ကြည်း ၄၀၄၇၄ ဗိုလ်မှူး ဝင်းအောင်သန်း — အစား — ရေ ၄၂၀၅ ဗိုလ်မှူး သက်တင်အောင်

(စ) **ပဲခူးတိုင်းဒေသကြီးလွှတ်တော်**

ကြည်း ၂၃၉၅၈ ဗိုလ်မှူး ကိုကိုလတ် — အစား — ကြည်း ၃၉၇၈၅ ဗိုလ်မှူး မျိုးမင်းဇော်

(ဆ) **မကွေးတိုင်းဒေသကြီးလွှတ်တော်**

ကြည်း ၃၆၃၅၃ ဗိုလ်မှူး ကိုကို — အစား — ကြည်း ၄၅၅၇၇ ဗိုလ်ကြီး မျိုးထွန်းလင်း

(ဇ) **မန္တလေးတိုင်းဒေသကြီးလွှတ်တော်**

(၁) ကြည်း ၂၃၂၇၀ ဗိုလ်မှူး ဇော်မြင့် — အစား — ကြည်း ၃၉၂၄၇ ဗိုလ်မှူး ဌေးဦးခိုင်

(၂) ကြည်း ၃၀၅၁၉ ဗိုလ်မှူး ဟန်ဝင်းဇော် — အစား — ကြည်း ၃၃၅၂၆ ဗိုလ်မှူး ကျော်မြင့်အောင်

(၃) ကြည်း ၂၈၈၀၇ ဗိုလ်ကြီး တိုးအောင်မြင့် — အစား — ကြည်း ၅၀၇၇၁ ဗိုလ်ကြီး ထွန်းဝင်းအောင်

(ဈ) **မွန်ပြည်နယ်လွှတ်တော်**

(၁) ကြည်း ၃၈၄၆၄ ဗိုလ်မှူး မျိုးဇော်အောင် — အစား — ကြည်း ၁၉၃၆၇ ဗိုလ်မှူးကြီး တင်ထွဋ်

(၂) ရေ ၃၈၄၅ ဗိုလ်မှူး အောင်မြတ်မိုး — အစား — ရေ ၄၁၉၂ ဗိုလ်မှူး မြတ်သူရခိုင်

(ည) **ရခိုင်ပြည်နယ်လွှတ်တော်**

(၁) ကြည်း ၄၂၅၉၅ ဗိုလ်မှူး သက်နိုင်မြင့် — အစား — ကြည်း ၃၈၇၈၃ ဗိုလ်မှူး သက်ဦးမောင်

(၂) ရေ ၄၂၅၄ ဗိုလ်မှူး ဝေသူအောင် — အစား — ရေ ၄၁၁၃ ဗိုလ်မှူး ဇော်လင်းနိုင်

(၃) ကြည်း ၂၈၆၉၈ ဗိုလ်ကြီး သိန်းဆွေမြင့် — အစား — ကြည်း ၄၄၆၅၀ ဗိုလ်ကြီး ကျော်မင်းသန့်

(ဋ) **ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်**

(၁) ကြည်း ၃၃၆၂၆ ဗိုလ်မှူး မင်းအောင်ဇော် — အစား — ကြည်း ၂၈၄၂၄ ဗိုလ်မှူး သိန်းလှိုင်

(၂) လေ ၂၅၅၄ ဗိုလ်မှူး ဖုန်းဇော်အောင် — အစား — လေ ၂၉၄၀ ဗိုလ်မှူး လှိုင်ဝင်းအောင်

(၃) ကြည်း ၃၀၆၈၁ ဗိုလ်ကြီး ရဲအောင် — အစား — ကြည်း ၄၂၇၁၅ ဗိုလ်ကြီး စိုးမင်းဌေး

(ဌ) **ရှမ်းပြည်နယ်လွှတ်တော်**

(၁) ကြည်း ၂၃၈၁၄ ဒုတိယဗိုလ်မှူးကြီး ကျော်သူရ — အစား — ကြည်း ၃၃၄၉၄ ဗိုလ်မှူး လင်းကျော်ခိုင်

(၂) ကြည်း ၃၀၀၆၄ ဒုတိယဗိုလ်မှူးကြီး ဇော်မျိုးထွန်း — အစား — ကြည်း ၃၃၆၄၂ ဒုတိယဗိုလ်မှူးကြီး မျိုးထိုက်

(၃) ကြည်း ၂၈၃၉၈ ဗိုလ်မှူး စိုးနိုင် — အစား — ကြည်း ၃၉၈၆၆ ဗိုလ်မှူး သက်ပိုင်ထွန်း

(၄) ကြည်း ၃၀၀၈၉ ဗိုလ်မှူး ဇော်လင်းထွေး — အစား — ကြည်း ၃၃၇၉၇ ဗိုလ်မှူး ထွန်းထွန်း

(၅) ကြည်း ၃၆၃၂၀ ဗိုလ်မှူး ရဲမြတ်ထွန်း — အစား — ကြည်း ၄၈၇၅၂ ဗိုလ်ကြီး ရဲနောင်ဇော်

(၆) ကြည်း ၆၀၂၃၃ ဗိုလ်ကြီး ကျော်ဇင်အောင် — အစား — ကြည်း ၅၃၈၈၇ ဗိုလ်ကြီး ထင်ကျော်

(ဍ) **ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်**

ကြည်း ၃၁၂၈၃ ဗိုလ်ကြီး လင်းသက်အောင် — အစား — ကြည်း ၂၈၇၈၃ ဗိုလ်မှူး မင်းခေါင်

**လှသိန်း**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲပြုလုပ်

နေပြည်တော်  မေ  ၁၅

**ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် စိုက်ပျိုးရေး မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့၏ သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပသည်။**

သတင်းစာရှင်းလင်းပွဲတွင် **ပြည်ထဲရေးဝန်ကြီးဌာန၏ ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုနှင့် စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးတင်မြင့်က** အေးချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးအဖြစ်သို့ ရောက်ရှိစေရန်ဟူသည့် မျှော်မှန်းချက်ကို အကောင်အထည်ဖော်ရာတွင် ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် ကိုင်တွယ်ကျင့်သုံးရသည့် ဥပဒေ ၄၉ ခုနှင့် တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း။

### ဘိန်းစိုက်ပျိုးမှု လျှော့ချနိုင်

မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် ပြည်သူလူထုအခြေပြုရဲလုပ်ငန်းစနစ်ကို  ကျင့်သုံးကာ သက်ဆိုင်ရာဒေသခံပြည်သူလူထုနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး နိုင်ငံဖြတ်ကျော်မှုခင်းများ တားဆီးကာကွယ်ရေးအတွက် အပြည်ပြည်ဆိုင်ရာ ရဲအဖွဲ့၊ အာဆီယံရဲအဖွဲ့၊ ဥရောပရဲအဖွဲ့၊ နိုင်ငံအလိုက်ရဲအဖွဲ့များနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိပါကြောင်း။

အိမ်နီးချင်းနိုင်ငံများနှင့်  နယ်စပ်ဆက်ဆံရေးရုံး (BLO) ၁၂ ရုံးကို ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပြီး မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ဆက်ဆံရေးရုံး(BLO)အား မြန်မာနိုင်ငံ မောင်တောမြို့နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ တက္ကနာဖ်မြို့တို့၌ ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း။

မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးအတွက် ၁၉၉၉ ခုနှစ်တွင် မူးယစ်ဆေးဝါးပပျောက်ရေးနှင့် နောက်တိုးငါးနှစ် စီမံကိန်းများကို ၂၀၁၉ ခုနှစ်အထိ ရေးဆွဲကာ ဘိန်းအပါအဝင် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဘိန်းအစားထိုးသီးနှံ စိုက်ပျိုးခြင်းနှင့် သစ်တောစိုက်ပျိုးထိန်းသိမ်းမှုတို့ကို ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ၂၀၁၇ ခုနှစ်တွင် ဘိန်းစိုက်ပျိုးမှု ၂၅ ရာခိုင်နှုန်း လျှော့ချနိုင်ခဲ့ပါကြောင်း။

### လျာထားချက်ပြည့်မီ

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ကောက်ခံလျက်ရှိသော အခွန်လေးမျိုးဖြစ်သည့် မြေခွန်၊ ယစ်မျိုးခွန်၊ တာတမံခွန်၊ ဓာတ်သတ္တုခွန် ကျပ်သန်းပေါင်း ၃၃၉၃၄ ဒသမ ၅၉၁ ကို ကောက်ခံရရှိခဲ့ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ကျပ်သန်းပေါင်း ၃၆၅၇၇ ဒသမ ၀၁၇ ကောက်ခံရရှိခဲ့သဖြင့် လျာထားချက်ပြည့်မီကျော်လွန်အောင် ကောက်ခံရရှိခဲ့ပါကြောင်း။

နှစ်နှစ်တာ သက်တမ်းကာလအတွင်း ပြည်တွင်းအသင်းအဖွဲ့ အသစ် ၃၆၆ သင်းကိုလည်းကောင်း၊ သက်တမ်းတိုးသည့်အသင်းအဖွဲ့ ၈၁ သင်းကိုလည်းကောင်း၊ နိုင်ငံတကာအသင်းအဖွဲ့ အသစ် ၃၀၊ သက်တမ်းတိုးအသင်းအဖွဲ့ ၄၂ သင်းကိုလည်းကောင်း မှတ်ပုံတင်ခွင့်ပြုပေးနိုင်ခဲ့ပါကြောင်း၊ ပြည်သူ့ဝန်ဆောင်မှုရုံး(OSS)အား နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ မြို့နယ် ၃၁၆ မြို့နယ်တွင် ထူထောင်ဖွင့်လှစ် အကောင်အထည်ဖော်နိုင်ခဲ့ပြီး စုစုပေါင်း ဝန်ဆောင်မှု ၂၉၁၉၅၄၉ ခု ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

### ဖြည့်တင်းပေးနိုင်

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနအနေဖြင့် စီးပွားရေးဆိုင်ရာပြစ်မှုများနှင့်ပတ်သက်၍ ၂၀၁၆ ခုနှစ် ဧပြီ ၁ ရက်မှ ၂၀၁၈ ခုနှစ် မတ် ၁၅ ရက်အထိ ၉၅ မှုကို စုံစမ်းစစ်ဆေးခဲ့ပြီး စုံစမ်းစစ်ဆေးခဲ့သည့် အမှုများအနက်မှ ငွေကျပ်သိန်းပေါင်း ၅၃၅၄၄၃၂ ကျော်နှင့် အမေရိကန်ဒေါ်လာ ၁၈၅၆၆၉၄၅ ခန့်အပေါ် အခွန်စည်းကြပ်ရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ အကြောင်းကြားနိုင်ခဲ့ပါကြောင်း။

အကျဉ်းဦးစီးဌာနအနေဖြင့် ပြည်ထောင်စုအစိုးရ၏ ဘတ်ဂျက်ဖြင့် အကျဉ်းထောင်အသစ်များ ဆောက်လုပ်ခြင်း၊ လက်ရှိအကျဉ်းထောင်များအား တိုးချဲ့ဆောက်လုပ်ခြင်းများ ဆောင်ရွက်လျက်ရှိပြီး အကျဉ်းထောင်စခန်း ၉၄ ခုတွင် ရေသန့်စက်များအား  ငွေကျပ် ၈၅၄ ဒသမ ၆၃ သန်း အကုန်အကျခံ၍ တည်ဆောက်ပေးနိုင်ခဲ့ပါကြောင်း၊ မီးသတ်ဦးစီးဌာနအနေဖြင့် မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ထိရောက်လျင်မြန်စွာ ဆောင်ရွက်နိုင်ရန် ပိုလန်နိုင်ငံချေးငွေဖြင့် ခေတ်မီမီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးယာဉ်များ ဖြည့်တင်းပေးနိုင်ခဲ့ပါကြောင်း။



အမြဲတမ်းအတွင်းဝန် ဦးတင်မြင့်



မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်အောင်ဝင်းဦး

မီးသတ်ဦးစီးဌာနအနေဖြင့် ထိရောက်သော မီးဘေးလုံခြုံရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန် တိုင်းဒေသကြီး၊ ပြည်နယ်များအား ဖွဲ့စည်းပုံအရ တပ်ဖွဲ့ဝင်အင်အားတိုးမြှင့်ခန့်ထားခြင်း၊ ခရိုင်၊ မြို့နယ်၊ နယ်မြေမီးသတ်စခန်းများ အသစ်တိုးချဲ့ဖွင့်လှစ်ခြင်း၊ မီးသတ်ယာဉ်၊ စက်နှင့်ပစ္စည်းကိရိယာများ ဖြည့်တင်းခြင်းနှင့် စခန်းအဆောက်အအုံများ  တိုးချဲ့ဆောက်လုပ်နိုင်ခဲ့ပြီး မီးလောင်မှုဖြစ်စဉ်၊ သဘာဝဘေးအန္တရာယ်ဖြစ်စဉ်များတွင် အချိန်နှင့်တစ်ပြေးညီ  ကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်း ရှင်းလင်းသည်။

### အင်အားဖြည့်တင်း

အလားတူ **မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်အောင်ဝင်းဦး**က မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် ပြည်တွင်းလုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊  မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရေးဟူသည့် ရည်မှန်းချက် တာဝန်များကို ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ပြည်တွင်းလုံခြုံရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး ဆောင်ရွက်ရာတွင်  ပိုမိုထိရောက်မှုရရှိစေရေးအတွက် ခရိုင်ရဲတပ်ဖွဲ့မှူးရုံး တစ်ရုံး၊ နယ်မြေရဲစခန်းရှစ်ခု၊ ရဲကင်းစခန်း ၁၄ ခု တို့အား အသစ်တိုးချဲ့ဖွင့်လှစ်ခဲ့ပြီး ရဲကင်းစခန်းငါးခုအား နယ်မြေရဲစခန်းအဆင့်သို့ တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံ၏ အနောက်ဘက်တံခါးဖြစ်သည့် ရခိုင်ပြည်နယ် နယ်စပ်ဒေသလုံခြုံရေး မြှင့်တင်ဆောင်ရွက်ရာတွင် ယခင်က အမှတ်(၁)နယ်ခြားစောင့် ရဲကွပ်ကဲမှုအဖွဲ့မှူးရုံးနှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲလေးခုဖြင့် လုံခြုံရေးဆောင်ရွက်လျက်ရှိရာမှ နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲလေးခု ထပ်မံဖွဲ့စည်းခဲ့ပြီး တပ်ဖွဲ့ခွဲရှစ်ခု၊ နယ်ခြားစောင့်ရဲကွပ်ကဲမှု အဖွဲ့ခွဲမှူးရုံး သုံးရုံး  တိုးချဲ့ဖွင့်လှစ်  အင်အားဖြည့်တင်းကာ လုံခြုံရေးဆောင်ရွက်လျက်ရှိပါကြောင်း။

### ပူးပေါင်းဆောင်ရွက်လျက်ရှိ

မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နယ်စပ်ဆက်ဆံရေးရုံး (BLO)အား မြန်မာနိုင်ငံ မောင်တောမြို့နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ တက္ကနာဖ်မြို့တို့၌ဖွင့်လှစ်ရန် ဆောင်ရွက်လျက်ရှိပြီး နှစ်နိုင်ငံနယ်ခြားစောင့်တပ်များအကြား အလံတင်အစည်းအဝေးများအား ဗဟိုအဆင့်နှစ်ကြိမ်၊ ကွပ်ကဲရေးမှူးအဆင့် နှစ်ကြိမ်၊ တပ်ရင်းမှူးအဆင့် ၁၂ ကြိမ်၊ တပ်ခွဲမှူးအဆင့်တစ်ကြိမ် ဆောင်ရွက်ခဲ့ပါကြောင်း၊ နိုင်ငံဖြတ်ကျော်မှုခင်းများ တားဆီးကာကွယ်ရေးအတွက်  အပြည်ပြည်ဆိုင်ရာရဲအဖွဲ့၊ အာဆီယံရဲအဖွဲ့၊ ဥရောပရဲအဖွဲ့၊ နိုင်ငံအလိုက်ရဲအဖွဲ့များနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိပါကြောင်း။

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ ရောင်းဝယ်/ပျံ့နှံ့မှုတားဆီးနှိမ်နင်းရန် တိုင်းဒေသကြီး/ပြည်နယ်များတွင် အထူးစစ်ဆင်ရေး ရှစ်ကြိမ် ဆောင်ရွက်ခဲ့ပြီး အမှုပေါင်း ၁၃၈၈ မှု၊ တရားခံပေါင်း ၁၉၅၇ ဦးတို့အား မူးယစ်ဆေးဝါး၊ ဆက်စပ်ပစ္စည်းများနှင့်အတူ အရေးယူဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများအား သက်ဆိုင်ရာ အဖွဲ့အစည်းအသီးသီးနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင်  ပြည်သူများ တွေ့ကြုံရသည့် သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်သည့် ကြိုတင်ကာကွယ်ရေး၊ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အချိန်နှင့်တစ်ပြေးညီ ပါဝင်ဆောင်ရွက်ခဲ့ပါကြောင်း ရှင်းလင်းသည်။

### အမျိုးသားမြို့ပြကွန်ရက်စနစ်

ယင်းနောက်  **ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုနှင့်စပ်လျဉ်း၍  ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်း**က ဆောက်လုပ်ရေးဝန်ကြီးဌာန၏ Conceptual Plan 2030 တွင် အမျိုးသားမြို့ပြကွန်ရက် စနစ်၊ အနာဂတ်မြို့ပြနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ခြောက်ခု လျာထားပါကြောင်း၊ ၎င်းတို့မှာ နယ်စပ်ကုန်သွယ်ရေးစခန်းများအနေဖြင့် ထိုင်းနိုင်ငံ၊ လာအိုနိုင်ငံ၊ တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံတို့နှင့် ယခုလက်ရှိနှင့် အနာဂတ်တွင်ရှိမည့် နယ်စပ်ကုန်သွယ်ရေးနေရာများ၊  နိုင်ငံတကာလေဆိပ်များအနေဖြင့် ယခုလက်ရှိ နိုင်ငံတကာလေဆိပ်များအပြင် ၂၀၃၀ ပြည့်နှစ်တွင် ဖြစ်လာမည့် ကျောက်ဖြူ ထားဝယ်စသည့် နိုင်ငံတကာလေဆိပ်အသစ်များ၊ ကျောက်ဖြူ ငရုတ်ကောင်း၊ မော်လမြိုင်၊ ထားဝယ်စသည့် ရေနက်ဆိပ်ကမ်းများ၊ စစ်တွေ၊ ကျောက်ဖြူ ၊ သီလဝါ၊ မော်လမြိုင်၊ ထားဝယ်၊ ကော့သောင်း စသည့် ကမ်းရိုးတန်းသွားဆိပ်ကမ်းများ၊ Inland Logistic Hub အနေဖြင့် Dry Ports တွင် ရန်ကုန် ၊ မန္တလေး၊ နေပြည်တော်၊ မုံရွာ၊ လားရှိုး၊ ထီးချိုင့်၊ စစ်ကိုင်း၊ ဘားအံ စသည်များ၊  SEZ တွင် သီလဝါ၊ ကျောက်ဖြူ ထားဝယ် စသည်တို့နှင့် စက်မှုဇုန် ၁၉ ခုနှင့် အနာဂတ်တွင် ဖြစ်ပေါ်လာမည့် မြဝတီ၊ မြို့သာ၊ မူဆယ်၊ ဘားအံ စသည်များ၊ Tourist Attraction Zone အနေဖြင့် အင်းလေး၊ ပုဂံ၊ မြောက်ဦး၊ ရန်ကုန်၊ မန္တလေး၊ ငပလီ၊ ချောင်းသာ၊ ငွေဆောင်၊ ပြင်ဦးလွင်၊ ကယားပြည်နယ်၊ ကချင်ပြည်နယ် ရေခဲတောင်ဒေသ၊ ချင်းပြည်နယ် နတ်မတောင်၊ ကန်ပက်လက် စသဖြင့် ပါဝင်ထည့်သွင်းရေးဆွဲထားရှိပါကြောင်း။

ထို့ပြင် Arterial Road Network Master Plan အရ ၂၀၃၅ ခုနှစ်တွင် တောင်မြောက် အမြန်လမ်းမကြီး ငါးလမ်း၊  အရှေ့အနောက် အမြန်လမ်းမကြီး ခုနစ်လမ်း၊ တောင်မြောက်  အဓိကအသက်သွေးကြောလမ်းမကြီး ခြောက်လမ်း၊ အရှေ့အနောက် အဓိကအသက်သွေးကြောလမ်းမကြီး ၁၂ လမ်း ပေါ်ထွန်းလာမည်ဖြစ်ပါကြောင်း။

### တစ်နိုင်ငံလုံးဖြန့်ဝေ

ဆောက်လုပ်ရေးဝန်ကြီးဌာန၏ နှစ်နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များအနေဖြင့် အဆောက်အဦဦးစီးဌာနမှ  ကျန်းမာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့က လုပ်ငန်းအပ်နှံသည့် အဆောက်အအုံများကို  တည်ဆောက်ခဲ့ပါကြောင်း၊ Construction Industry Development  အတွက်  လိုအပ်သည့် Construction Manual များ ရေးဆွဲထုတ်ပြန်ခဲ့ပါကြောင်း၊ ယခုနှစ်တွင် Myanmar National Building Code ကို မြန်မာဘာသာပြန်ဆို၍ တစ်နိုင်ငံလုံး ဖြန့်ဝေသွားမည်ဖြစ်ပါကြောင်း၊ ဧပြီ ၁ ရက်မှစတင်ကာ အဆောက်အဦ ဦးစီးဌာနအနေဖြင့် အဆောက်အအုံများကို ကိုယ်တိုင်မဆောက်လုပ်ဘဲ Regulatory Body အနေဖြင့်သာ ပြောင်းလဲဆောင်ရွက်လျက်ရှိပါကြောင်း၊  Regulation များနှင့် Standard and Specification များကိုသာ ရေးဆွဲလျက်ရှိပါကြောင်း။

လမ်းဦးစီးဌာနအနေဖြင့် နှစ်နှစ်တာကာလအတွင်း နောင်မွန်းမှ ပူတာအိုအထိ ကားလမ်းဖောက်လုပ်ပြီးစီးကာ ပန်နန်းဒင်အထိ ကားလမ်းဖောက်လုပ်ပေးခဲ့သည့်အတွက် နေ့ချင်းပြန်သွားလာနိုင်ပြီဖြစ်ပါကြောင်း၊  မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းမိုင် ၂၂၀ ခန့်ကို နေ့ချင်းပေါက်သွားနိုင်ရန် ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ မြစ်ကြီးနားမှ ပူတာအိုအထိ ကားငယ်များအနေဖြင့် နေ့ချင်းပေါက်သွားလာနိုင်ပြီး ကားကြီးများမှာ ဆွမ်ပရာဘွမ်တွင် တစ်ညအိပ်၍ သွားလာနိုင်ပြီဖြစ်ပါကြောင်း။

### အဆင့်မြှင့်တင်ဆောင်ရွက်

ကယားပြည်နယ်  လမ်းဦးစီးဌာနပိုင်လမ်းများကို ၉၅ ရာခိုင်နှုန်း ကတ္တရာလမ်းအဖြစ်  အဆင့်မြှင့်တင်ပေးနိုင်ခဲ့ပါကြောင်း၊ ကရင်ပြည်နယ်တွင် ကော့ကရိတ်- မြဝတီလမ်းကို  AC လမ်းအဖြစ် အဆင့်မြှင့်တင်ပြီး  ADB၏ အကူအညီဖြင့် အိန္ဒူ-ကော့ကရိတ်လမ်းကို အဆင့်မြှင့်တင်လျက်ရှိပါကြောင်း၊ ထို့ပြင် ချင်းပြည်နယ် မြောက်ဘက်အစွန်ဖြစ်သည့် ကျီးခါးမှတစ်ဆင့် တောင်ဘက် ပလက်ဝအထိ တောင်မြောက်လမ်းကြီးအား ငါးနှစ်အတွင်း ဖောက်လုပ်ရန် ရည်မှန်းချက်ထားပြီး စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ကျီးခါးနှင့် တွန်းဇံ၊ တွန်းဇံနှင့် တီးတိန်ကြားတွင် လိုအပ်သော လမ်း၊ တံတားများ အဆင့်မြှင့်တင်ဆောင်ရွက်ခဲ့ပါကြောင်း။

မတူပီ-ပလက်ဝလမ်းပိုင်းကိုလည်း  နှစ်နှစ်တာအတွင်း မြေသားလမ်းအဆင့်ပေါက်အောင် ဖောက်လုပ်နိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ ဂျပန်နိုင်ငံ JICA ဖွံ့ဖြိုးရေးအေဂျင်စီ အကူအညီဖြင့်  ဟားခါး-ဂန့်ဂေါ လမ်းအပိုင်း မိုင် ၈၀ ကိုလည်း အဆင့်မြှင့်တင်လျက်ရှိပါကြောင်း၊ အိန္ဒိယနိုင်ငံ မီဇိုရမ်နှင့် ဆက်သွယ်မည့် ဆာဆီချောက်-ထန်တလန် လမ်းမကြီးကို ပြီးခဲ့သည့်နှစ်နှစ်တာကာလအတွင်း ဖောက်လုပ်နိုင်ခဲ့ပြီး လာမည့် သုံးနှစ်တာ ကာလအတွင်း အဆင့်မြှင့်တင်သွားမည်ဖြစ်ပါကြောင်း။

### သက်သောင့်သက်သာ

စစ်တွေ-ပုဏ္ဏားကျွန်း-ရသေ့တောင်-ဘူးသီးတောင်-မောင်တောအထိ ၉၄ မိုင်ခန့် ရှိသည့် လမ်းမကြီးပေါ်ရှိ ရသေ့တောင်တံတား အပါအဝင် တံတားငါးစင်းကို ယခုနှစ် မတ် ၃၁ ရက်က ဖွင့်လှစ်ခဲ့သည့်အတွက် စစ်တွေမှ မောင်တောအထိ  လေးနာရီခရီးဖြင့် သွားရောက်နိုင်ပြီဖြစ်ပါကြောင်း၊ ကျန်ရှိသည့် ရသေ့တောင်-ဘူးသီးတောင် လမ်းအပိုင်း မြေသားလမ်းကို ကွန်ကရစ်လမ်း၊ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်သွားမည်ဖြစ်ပါကြောင်း။

မင်းဘူး-အမ်း-စစ်တွေလမ်းပိုင်းကို နှစ်နှစ်တာကာလအတွင်း တိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ယခုဆိုလျှင် ၁၁ နာရီခရီးဖြင့် မင်းဘူးမှ စစ်တွေအထိ သက်သောင့်သက်သာသွားလာနိုင်ပြီဖြစ်ပါကြောင်း၊ ထို့ပြင် ရန်ကုန်မှ သံတွဲ-ငပလီကို မောင်းချိန် ကိုးနာရီဖြင့်သွားလာနိုင်ရန် နှစ်နှစ်အတွင်း  ဆောင်ရွက်နိုင်ခဲ့ပြီး  လာမည့် သုံးနှစ်အတွင်း ဆက်လက်အဆင့်မြှင့်တင် ဆောင်ရွက်ပါက ရန်ကုန်မှ သံတွဲအထိ မောင်းချိန် ခုနစ်နာရီဖြင့် သွားလာနိုင်မည်ဖြစ်ပါကြောင်း။

အလားတူ နှစ်နှစ်တာကာလအတွင်း ရှမ်းပြည်နယ်တောင်ပိုင်းနှင့် ရှမ်းပြည်နယ် မြောက်ပိုင်း  ဆက်သွယ်သောလမ်းများကို ၁၈ ပေကျယ် ကတ္တရာလမ်းများအဖြစ် ဖောက်လုပ်ပေးနိုင်ခဲ့ပါကြောင်း၊ ဧပြီ ၁ ရက်တွင် မြောင်းမြကြိုးတံတားပြတ်ကျပြီးနောက် တစ်နိုင်ငံလုံးရှိ တည်ဆောက်ပြီး ကြိုးတံတား ၂၉ စင်း၏ တံတားကြံ့ခိုင်မှု အခြေအနေများကို တိုင်းတာစစ်ဆေးနိုင်ရန် တရုတ်နိုင်ငံ China Highway Construction Association၊ ဂျပန်နိုင်ငံ JICA နှင့် ကိုရီးယားနိုင်ငံတို့မှ ကျွမ်းကျင်ပညာရှင်များဖြင့် စစ်ဆေးဆောင်ရွက်လျက်ရှိပါကြောင်း။

မြို့ပြနှင့်အိမ်ရာ  ဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် တစ်နိုင်ငံလုံးရှိ မြို့ပေါင်း ၃၃ မြို့ကို Urban Planning အပြီးသတ်ရေးဆွဲ ဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း၊ အိမ်ရာကဏ္ဍအနေဖြင့်

**စာမျက်နှာ ၁၁ သို့**

❍ စာမျက်နှာ ၁၀ မှ

၂၀၃၀ ပြည့်နှစ်ထိ အိမ်ရာတစ်သန်း ဆောက်လုပ်ရန်ရှိပြီး နှစ်နှစ်တာကာလအတွင်း စုစုပေါင်း အိမ်ရာ ၁၀၉၂၄ ခန်း ဆောင်ရွက်ခဲ့ကာ အခန်းပေါင်း ၅၇၄၈ ခန်းမှာ ၁၀၀ ရာခိုင်နှုန်းနှင့် အခန်းပေါင်း ၅၁၇၆ ခန်းကျော်မှာ ၇၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ပါကြောင်း၊ လာမည့် သုံးနှစ်တာကာလအတွင်း အခန်းပေါင်း ၈၀၀၀ ကျော် ဆောက်လုပ်သွားမည်ဖြစ်ပါကြောင်း၊ PPP စနစ်ဖြင့် ဌာနမှအခန်းပေါင်း ၄၀၀၀ ကျော်၊ ကုမ္ပဏီများဘက်မှ အခန်းပေါင်း ၆၀၀၀ ကျော် စုစုပေါင်းအခန်းပေါင်း ၁၀၀၀၀ ကျော် ဆောင်ရွက်ရန်ရှိပါကြောင်း။

### ရည်မှန်းထားရှိ

ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ၂၀၃၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံရှိ ကျေးရွာအားလုံး၏ ၈၀ ရာခိုင်နှုန်းနှင့် နိုင်ငံတွင်းရှိ ကျေးလက်လူဦးရေ၏ ၉၀ ရာခိုင်နှုန်းတို့သည် ရာသီမရွေးသွားလာနိုင်သည့် ကျေးလက်လမ်းများ အသုံးပြုနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လူဦးရေ ၁၀၀၀ နှင့်အထက် ကျေးရွာများအားလုံးကို ၂၀၂၀ ပြည့်နှစ်တွင် လည်းကောင်း၊ လူဦးရေ ၅၀၀ နှင့် အထက်ရှိ ကျေးရွာအားလုံး၏ ၉၅ ရာခိုင်နှုန်းကို ၂၀၂၅ ခုနှစ်တွင်လည်းကောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ကျေးရွာများတွင် လူဦးရေ ၂၅၀ နှင့်အထက်ရှိ ကျေးရွာများအားလုံး၏ ၇၅ ရာခိုင်နှုန်းနှင့် လူဦးရေ ၂၅၀ အောက်ရှိ ကျေးရွာ၏ ၅၀ ရာခိုင်နှုန်းကို ၂၀၃၀ ပြည့်နှစ်တွင် ရာသီမရွေး သွားလာနိုင်သော ကျေးလက်လမ်းအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် လူဦးရေမည်သို့ပင်ရှိစေကာမူ တူညီသည့် အခွင့်အရေးရရှိရန် လူဦးရေနည်းသည့် ပြည်နယ်များကို ခြွင်းချက်အနေဖြင့် သီးခြားစဉ်းစားပေးရန် ရည်မှန်းထားရှိပါကြောင်း။

ဂျာမနီနိုင်ငံ KfW အထောက်အပံ့ဖြင့် ရှမ်းပြည်နယ်အတွင်း လမ်းကိုးလမ်းကို အဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ ကျေးလက်လမ်း ၁၈ လမ်းကို Pilot Project ဖြင့် ဖောက်လုပ်ပေးနိုင်ခဲ့ပါကြောင်း၊ နှစ်နှစ်တာကာလအတွင်း တိုင်းဒေသကြီး ခုနစ်ခုတွင် တံတားကြီးပေါင်း ၂၈ စင်း၊ ပြည်ထောင်စုလမ်းမကြီး ၁၄၄ လမ်းတွင် ကွန်ကရစ်လမ်း ၄၀၅ မိုင်၊ ကတ္တရာလမ်း ၁၀၁၂ မိုင်၊ နိုင်လွန်ကတ္တရာ ၅၄၄ မိုင်ကို အဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း ရှင်းလင်းသည်။

### လက်မှတ်များ ထုတ်ပေး

ထို့နောက် **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ပြည်သူ့အတွက် ဒုတိယ တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုနှင့်စပ်လျဉ်း၍ အဆိုပါဝန်ကြီးဌာနမှ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးလှထွန်းက** လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းဦးစီးဌာနအနေဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်နှင့်ပတ်သက်၍ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်များကို တောင်သူပေါင်း ၅၉၃၀၀၀၀ ကျော်ပိုင်သည့် ဧီးပိုင်ပေါင်း ၉၆၉၀၀၀၀ ကျော်တွင် ဧကပေါင်း ၂၄၈၆၀၀၀၀ ကျော်ကို လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်များ ထုတ်ပေးဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ လျာထားချက်အပေါ် ၉၁ ဒသမ ၉၉ ရာခိုင်နှုန်းဖြစ်ပါကြောင်း။



ဒုတိယဝန်ကြီး ဦးကျော်လင်း



ဒုတိယအမြဲတမ်းအတွင်းဝန် ဦးလှထွန်း

စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ၂၀၁၆-၂၀၁၇ ခုနှစ်တွင် နွေစပါး၊ မိုးစပါးစိုက်ဧက သန်းပေါင်း ၁၇ ဒသမ ၆၉၅ စိုက်ပျိုးနိုင်ခဲ့ပါကြောင်း၊ အထွက်တင်းပေါင်း ၁၃၂၇ ဒသမ ၂၃ သန်း ထုတ်လုပ်နိုင်ခဲ့ပြီး ဆန်မက်ထရစ်တန် ၁ ဒသမ ၇၄၇ သန်း ပြည်ပသို့ တင်ပို့နိုင်ခဲ့ပါကြောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလအထိ နွေစပါး၊ မိုးစပါးစိုက်ဧက သန်းပေါင်း ၁၇ ဒသမ ၂၈၂ စိုက်ပျိုးနိုင်ခဲ့ပြီး အထွက်တင်းပေါင်း ၁၁၀၅ ဒသမ ၃၅၆ သန်း ထုတ်လုပ်ခဲ့ပြီးဖြစ်ပါကြောင်း၊ ၂၀၁၇-၂၀၁၈ ခုနှစ် ဘဏ္ဍာနှစ်အတွင်း ၂၀၁၈ ခုနှစ် မတ်လအထိ ပြည်ပသို့ ဆန်တင်ပို့နိုင်မှုအနေဖြင့် ဆန်မက်ထရစ်တန် ၃ ဒသမ ၅၁၈ သန်း တင်ပို့နိုင်ခဲ့ပါကြောင်း၊ ရလဒ်အနေဖြင့် ၂၀၁၆-၂၀၁၇ ခုနှစ်ထက် ပြည်ပကို ဆန်တင်ပို့မှုနှစ်ဆခန့် တိုးမြှင့်တင်ပို့နိုင်ခဲ့ပါကြောင်း။

### ငွေကျပ်ငါးသိန်း

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ တာဝန်ပေးချက်အရ ဆန်စပါးအသင်းချုပ်၏ ထိန်းချုပ်မှုနှင့် တောင်သူလယ်သမားများ၏ ဆန်စပါးအတွက် အခြေခံဈေးနှုန်းကို ညှိနှိုင်းသတ်မှတ်ပေးနိုင်ခဲ့ပါကြောင်း၊ စပါးတင်းတစ်ရာကို ငွေကျပ်ငါးသိန်း သတ်မှတ်ပေးခဲ့ပါကြောင်း။

မိုးစပါး ၆၉၇၀၂ ဧက စိုက်ပျိုးထုတ်လုပ်ရန် ရည်မှန်းထားပြီး ၆၉၇၃၄ ဧက တိုး၍ စိုက်ပျိုးထုတ်လုပ်နိုင်ခဲ့ပါကြောင်း၊ ၂၀၁၇-၂၀၁၈ ခုနှစ်အတွက် သီးနှံမျိုးစေ့ဖြန့်ဖြူးလျက်ရှိရာ စပါးသီးနှံအနေဖြင့် ၂၂၇၉၅၅၉ တင်း ဖြန့်ဖြူးပေးနိုင်ခဲ့ပါကြောင်း။

စက်မှုလယ်ယာဦးစီးဌာနအနေဖြင့် ပုဂ္ဂလိက လယ်ယာဝန်ဆောင်မှု လုပ်ဆောင်နေသည့် လူဦးရေ ၁၈၉၆ ဦးကို ပေါင်းစပ်ပြီး အသင်း ၉၆ သင်းကို ဖွဲ့စည်းပေးနိုင်ခဲ့ပါကြောင်း၊ ၎င်းတို့ပိုင်ဆိုင်သည့် ထွန်စက်ကြီး ၁၄၃၇ စီးနှင့် ရိတ်သိမ်းခြွေလှေ့စက် ၂၃၃ စီးတို့ဖြင့် လယ်ယာဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ပေါင်းစပ်ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ တစ်ပိုင်တစ်နိုင်သုံးစွဲနိုင်သည့် တောင်သူများထံ ထွန်စက်များရောင်းချပေးသည့် အစီအစဉ်ကို ဆောင်ရွက်ခဲ့ပါကြောင်း၊ လက်တွန်းထွန်စက် ၁၅၁၀၆ စီးနှင့် ထွန်စက်ကြီး ၃၆၃ စီး ရောင်းချပေးနိုင်ခဲ့ပါကြောင်း။

### ဖြန့်ဖြူးဆောင်ရွက်

ထို့ပြင် ငွေကျပ်သိန်း ၃၀၀ တန် လယ်ယာသုံးစက်ပစ္စည်းတစ်ခုအတွက် လယ်သမားက ငွေကျပ်သိန်း ၃၀ သွင်းရုံဖြင့် လက်ဝယ်ရယူနိုင်သည့် စနစ်ကို ဆောင်ရွက်ခဲ့ပါကြောင်း၊ ထိုသို့ ဆောင်ရွက်ခဲ့သည့်အတွက် တောင်သူလယ်သမားများထံ ထွန်စက်ကြီး ၁၃၈၅ စီးနှင့် ခြွေလှေ့စက် ၅၉ စီးကို ဖြန့်ဖြူးဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

တောင်သူပိုင်စက်များ ပြင်ဆင်ပေးခြင်းနှင့် စက်အရန်ပစ္စည်း အလွယ်တကူရရှိနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခြင်းအနေဖြင့် စက်မှုလယ်ယာစခန်း ၄၅ ခုတွင် ပြင်ဆင်ရေးကိရိယာများကိုတပ်ဆင်ပြီး တောင်သူပိုင်စက်များကို ပြင်ဆင်ပေးလျက်ရှိပါကြောင်း၊ တောင်သူလယ်သမားများအတွက် လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းရေးနှင့် ပြင်ဆင်ရေးသင်တန်းများကို ဖွင့်လှစ်ပေးခဲ့ပါကြောင်း။

စိုက်ပျိုးရေးသုတေသနဦးစီးဌာနအနေဖြင့် စပါးသီးနှံနှင့်ပတ်သက်၍ မျိုးသစ် ၂၅ မျိုးကို ဖော်ထုတ်နိုင်ခဲ့ပါကြောင်း၊ ထို့ပြင် အပင်ဇီဝနည်းပညာ သုတေသနလုပ်ငန်းဆောင်ရွက်မှုအဖြစ် အပင်တစ်သျှူးမွေးမြူထုတ်လုပ်ခြင်းနှင့် မျိုးထွန်းနည်းပညာကို အသုံးပြုကာ အချိန်တိုအတွင်း မူရင်းအပင်နှင့်ပုံစံတူ အပင်ပွားများမွေးမြူခြင်းကို ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် အမျိုးသားအဆင့် တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူခြင်းလုပ်ငန်းကို မြို့နယ်ပေါင်း ၃၃၀ ရှိသည့်အနက်မှ ၂၇၅ မြို့နယ်တွင် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ကောက်ယူရရှိခဲ့သည့် တိရစ္ဆာန်ကောင်ရေစာရင်း စာရင်းသွင်းခြင်းလုပ်ငန်းကို အတိအကျဆောင်ရွက်လျက်ရှိပါကြောင်း။

### တိုးတက်ထုတ်လုပ်နိုင်

ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ငါးလုပ်ငန်းစခန်း ၂၇ ခုက ငါးသားပေါက်ကောင်ရေ သိန်းပေါင်း ၁၂၅၉၁ အထိ တိုးတက်ထုတ်လုပ်နိုင်ခဲ့ပါကြောင်း၊ ငါးသားပေါက်ကောင်ရေ သိန်းပေါင်း ၈၀ ဒသမ ၈၇၉ သိန်းကို ပေးအပ်နိုင်ခဲ့ပါကြောင်း၊ နိုင်ငံတကာအဆင့်မီသည့် ရေချိုငါးမွေးမြူရေးသုတေသနနှင့် တိုးချဲ့ပညာပေးရေး ဗဟိုဌာနကို ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ၂၀၁၈ ခုနှစ် မတ်လကုန်အထိ နိုင်ငံပေါင်း ၄၀ ကျော်သို့ ငါးတန်ချိန် ၅၆၈၂၂၇ ဒသမ ၃၂၇ မက်ထရစ်တန်၊ အမေရိကန်ဒေါ်လာသန်းပေါင်း ၇၁၁ ဒသမ ၇၁၇ တင်ပို့နိုင်ခဲ့ပါကြောင်း၊ မွေးမြူရေး ငါး၊ ပုစွန်များကို EU နိုင်ငံများသို့ တင်ပို့နိုင်ရန် National Residue Monitoring Plan ကို အကောင်အထည်ဖော်ဆောင်ရွက်နေပါကြောင်း၊ ငါးလုပ်ငန်းဆိုင်ရာတက္ကသိုလ်ကြီး ဖွင့်လှစ်ရန်အတွက် ငါးလုပ်ငန်းဆိုင်ရာ ပညာရှင်များနှင့် ဆွေးနွေးခဲ့ပါကြောင်း။ ငါးလုပ်ငန်းဆိုင်ရာတက္ကသိုလ်ကြီးတစ်ခု မပေါ်ပေါက်ခင် ရန်ကုန်တက္ကသိုလ်တွင် ဘာသာရပ်တစ်ခုအနေဖြင့် ငါးပညာရပ်တစ်ခုကို စတင်သင်ကြားပေးရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုလာမည့် ပညာသင်နှစ်တွင် ငါးနှင့်ပတ်သက်သည့် ဘာသာရပ်များကို မေဂျာတစ်ခုအနေဖြင့် သင်ကြားနိုင်တော့မည်ဖြစ်ပါကြောင်း။

၂၀၁၈ ခုနှစ် မေ ၁၆ ရက်မှ ဩဂုတ် ၁၅ ရက်အထိကို ငါးမဖမ်းရရာသီအဖြစ် သတ်မှတ်ထားပါကြောင်း၊ ငါးဖမ်းကွက်အားလုံးကို ငါးမဖမ်းရဧရိယာအဖြစ် သတ်မှတ်ဆောင်ရွက်ခဲ့ပါကြောင်း။

### ပို့ချပေးနိုင်ခဲ့

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးလက်ဒေသများ သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် ရေရရှိရေးလုပ်ငန်းပေါင်း ၅၇၉၅ ခုကို ကျေးရွာပေါင်း ၄၂၃၉ ရွာတွင် ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ကျေးလက်မီးလင်းရေးအတွက် ကျေးရွာပေါင်း ၄၀၇၂ ရွာတွင် မီးလင်းရေးလုပ်ငန်းပေါင်း ၂၂၉၄၅၇ ခု ဆောင်ရွက်ခဲ့ပါကြောင်း၊ လူထုဗဟိုပြုစီမံကိန်းကို မြို့နယ် ၄၇ မြို့နယ်တွင် ဆောင်ရွက်လျက်ရှိပြီး လူဦးရေ ၇ ဒသမ ၁ သန်းကို အကျိုးပြုစေခဲ့ပါကြောင်း၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးရွာပေါင်း ၉၈၉၅ ရွာ၌ ဆောင်ရွက်ခဲ့ပြီး ကျေးရွာ ၈၉၆၃ ရွာအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း စီမံကိန်းကို ရေးဆွဲ၍ ကျေးရွာတစ်ရွာလျှင် ငွေကျပ်သိန်း ၁၀၀ ထောက်ပံ့ပေးခဲ့ပါကြောင်း၊ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းများ စုစုပေါင်း သင်တန်းကြိမ်ရေ ၁၄၉၀ ဖွင့်လှစ်ပြီး ကျေးလက်ပြည်သူ ၃၉၆၈၉ ဦးကို ပို့ချပေးနိုင်ခဲ့ပါကြောင်း။

သမဝါယမဦးစီးဌာနအနေဖြင့် သမဝါယမဖွဲ့စည်းပေးမှုအနေဖြင့် အသင်းသစ် ၅၉၄ သင်း တိုးချဲ့ဖွဲ့စည်းပေးနိုင်ခဲ့ပါကြောင်း၊ မြို့နယ်ပေါင်း ၂၉၁ မြို့နယ်ရှိ အသင်းသား ၂ ဒသမ ၅ သန်းကျော်ကို ဘီလီယံပေါင်း ၅၈၆ ဒသမ ၅၄၂ ထုတ်ချေးဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ သမဝါယမ အသင်းသား တောင်သူ ၇၃၇၈ ဦးကို စက်ပစ္စည်း စီးရေ စုစုပေါင်း ၇၈၅၁ စီး ငွေကျပ်အနေဖြင့် ဘီလီယံပေါင်း ၅၇ ဒသမ ၉၅၉ ကို ပံ့ပိုးဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း ရှင်းလင်းသည်။

ထို့နောက် ပြည်သူ့အတွက် ဒုတိယတစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုနှင့်စပ်လျဉ်း၍ သတင်းမီဒီယာများ၏ မေးမြန်းချက်များကို သက်ဆိုင်ရာဌာနအလိုက် ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

**ဟန်မင်းကျော်(သတင်းစဉ်)**

# လွိုင်ကော်မြို့၌ ငြိမ်းချမ်းရေး အားပေးထောက်ခံကြိုဆိုပွဲ ကျင်းပ

**လွိုင်ကော် မေ ၁၅**

ငြိမ်းချမ်းရေးကော်မရှင်နှင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP)တို့၏ ပူးတွဲထုတ်ပြန်ကြေညာချက်အပိုဒ်(၃)အရ (KNPP) အနေဖြင့် NCA တွင် လက်မှတ်ရေးထိုးနိုင်ရေးဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည့် သဘောတူညီချက်ကို ကယားပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူ သုံးသောင်းခန့်က အားပေးထောက်ခံကြိုဆိုပါကြောင်း ဆန္ဒဖော်ချီတက်ပွဲကို မေ ၁၅ ရက် နံနက် ၈ နာရီတွင် ကယားပြည်နယ် လွိုင်ကော်မြို့ ထေးသမရပ်ကွက်ရှိ ရိုးရာကေ့ထျိုးဘိုးကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ အင်္ဂလီကန်ခရစ်ယာန်အသင်းတော်မှ တရားဟောဆရာတော် စတိုင်လိုက ငြိမ်းချမ်းရေးကော်မရှင်နှင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP)တို့၏ ပူးတွဲထုတ်ပြန်ကြေညာချက်အပိုဒ်(၃)အား ထောက်ခံ



ကြိုဆိုကြောင်းနှင့် ကယားပြည်နယ် ငြိမ်းချမ်းရေးဖော်ဆောင်မှုနှင့် ပတ်သက်သည်များကို ဟောပြောခဲ့ပြီး ကက်သလစ်ခရစ်ယာန်အသင်းတော်မှ ဖာသာ ခဲ့ဆိုဘရွှေက ဦးဆောင်၍ မေတ္တာပို့သဆုတောင်းပြီးနောက် ၈၈ မျိုးဆက်အင်အားစုအဖွဲ့ဝင် ဦးသက်နောင်ထွန်းက စိတ်နှလုံးလှည့်လည်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် နံနက် ၉ နာရီတွင် ရိုးရာကေ့ထျိုးဘိုးကွင်းမှ ရှားတော-လွိုင်ကော်သွားကားလမ်း၊ လောပိတလမ်းမကြီး သီရိမင်္ဂလာလမ်းအတိုင်း တောင်ကွဲစေတီအနီး အာဇာနည်ကျောက်တိုင်ကွင်းအထိ “KNPP အနေဖြင့် NCA တွင် လက်မှတ်ရေးထိုးနိုင်ရေးဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားမည့် သဘောတူညီချက်ကို ကယားပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူအပေါင်းက အားပေးထောက်ခံကြိုဆိုပါသည်” ဟူသော ပိုစတာနှင့် အလံများ ကိုင်ဆောင်၍ ချီတက်ခဲ့ရာ မင်္ဂလာရပ်ကွက်ရှိ သီရိမင်္ဂလာတောင်တော်(တောင်ကွဲ) စေတီအနီး အာဇာနည်ကျောက်တိုင်ကွင်းတွင် ချီတက်ဆန္ဒထုတ်ဖော်ပွဲ ပြီးဆုံးခဲ့ကြောင်း သိရသည်။

**ကိုစိုင်း (လွိုင်ကော်)**

# တရားဥပဒေစိုးမိုးရေးနှင့် မူးယစ်ဆေးဝါးတားဆီးရေး အသိပညာပေးဟောပြော

**ရန်ကုန် မေ ၁၅**

ရန်ကုန်မြို့ အင်းစိန်မြို့နယ် ကြို့ကုန်းအနောက်ရပ်ကွက် မြန်မာ့မီးရထားဝန်ထမ်းအိမ်ရာ၌ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်အေး ဦးဆောင်၍ မေ ၁၃ ရက် ည ၈ နာရီခွဲတွင် ရပ်ကွက်နေ ပြည်သူများ မူခင်းဗဟုသုတရရှိစေရန် ရည်ရွယ်၍ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ မူခင်းကျဆင်းရေးတို့ အပါအဝင် သက်ငယ်မုဒိမ်းမှုအကြောင်း၊ မူးယစ်ဆေးဝါးအကြောင်း၊ အရက်သေစာသောက်စားခြင်း၊ ခိုးဆိုးနှိုက်များအကြောင်း ကိစ္စရပ်များအား ရှင်းလင်းဟောပြောခဲ့ပြီး ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူး၊ ရပ်ကွက်ပြည်သူများက သိလိုသည့် အကြောင်းအရာများကို မေးမြန်းဆွေးနွေးကြကာ မြို့နယ်ရဲတပ်ဖွဲ့မှူးက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **ဉာဏ်ဟိန်း**

# စစ်တွေမြို့ ဆတ်ရိုးကျကယ်ဆယ်ရေးစခန်း မီးလောင်မှုဖြစ်ပွား

**စစ်တွေ မေ ၁၅**

ရခိုင်ပြည်နယ်စစ်တွေမြို့ ဆတ်ရိုးကျ (၁) ကယ်ဆယ်ရေးစခန်း (ရခိုင်)၌ ယနေ့နံနက် ၁၁ နာရီ မိနစ် ၂၀ ခန့်တွင် မီးလောင်မှုဖြစ်ပွားရာ လူနေအိမ် ၁၇ လုံး ဆုံးရှုံးခဲ့ကြောင်း သိရသည်။

အဆိုပါမီးလောင်မှုကို မီးသတ်ယာဉ် ခြောက်စီး၊ ရေသယ်ယာဉ် ငါးစီး၊ မီးသတ်တပ်ဖွဲ့ဝင် ၇၀၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၂၀၊ ဒေသကွပ်ကဲမှု စစ်ဌာနချုပ်(စစ်တွေ) ဒေသကွပ်ကဲရေးမှူး ဗိုလ်မှူးချုပ်နိုင်ဦး ဦးဆောင်သည့် တပ်မတော်သား ၁၂၃ ဦး၊ ရဲတပ်ဖွဲ့ဝင် ၁၁၀၊ ကြက်ခြေနီတပ်ဖွဲ့ဝင် ၃၀ နှင့် ရပ်ကွက်သူရပ်ကွက်သားများက ဝိုင်းဝန်းမီးငြိမ်းသတ်မှုကြောင့် မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။



မီးလောင်မှုဖြစ်စဉ်မှာ ဆတ်ရိုးကျကယ်ဆယ်ရေးစခန်းနေ ဦးထွန်းစိန်မောင် နေအိမ်မှ မီးစတင်လောင်ကျွမ်းခဲ့ရာ မီးလောင်မှုကြောင့် နေအိမ် ၁၅ လုံး မီးလောင်ပျက်စီး ဆုံးရှုံးခဲ့ပြီး နေအိမ်နှစ်လုံးကို မီးမကူးအောင် ဖြိုဖျက်လိုက်ရသည့်အတွက် စုစုပေါင်း ၁၇ လုံး ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။ အိမ်ထောင်စု ၁၇ စု စုစုပေါင်း လူဦးရေ ၉၀ တို့အား နီးစပ်ရာ ဆွေမျိုးများနေအိမ်တွင် နေရာချထားပေးလျက်ရှိကြောင်း စစ်တွေမြို့နယ် အုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

မီးစတင် လောင်ကျွမ်းသည့် အိမ်ပိုင်ရှင် ဦးထွန်းစိန်မောင်အား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# ကသာမြို့နယ်တွင် ကျပ်သိန်း ၂၀၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူမှုန့်နှင့် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**ကသာ မေ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ်၌ မေ ၁၄ ရက် ည ၇ နာရီက ကျပ်သိန်း ၂၀၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူမှုန့်နှင့် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မူးယစ်တပ်ဖွဲ့စု(၆)ကသာမှ ရဲအုပ်ကျော်စိုးလင်း ဦးစီးတပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ သတင်းအရ ကသာမြို့နယ် ပင်းမလွတ်ကျေးရွာအုပ်စု လမ်းခွကျေးရွာစာသင်ကျောင်းရှေ့ ကားလမ်းမ၌ စောင့်ဆိုင်းနေစဉ် ကသာမြို့ဘက်မှ လှဒင် (၄၆)နှစ် ကသာမြို့နေသူ စီးနင်းလာသည့် CANDA-125 မော်တော်ဆိုင်ကယ်အား ရပ်တန့်ရှာဖွေရာ ၎င်းလွယ်ထားသည့်လွယ်အိတ်နှင့် ဆိုင်ကယ်အတွင်းမှ ဘိန်းဖြူမှုန့်ဆပ်ပြာခွက် ၁၇ ခွက်၊ အလေးချိန် ၁၈၇ ဂရမ်နှင့် WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၆၀ စုစုပေါင်း မူးယစ်ဆေးဝါးတန်ဖိုးငွေကျပ် ၂၄၂၈၀၀၀၀ အား သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ လှဒင်အား ကသာမြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**



# စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ



**ဝင်းမင်းသိန်း(ခ)မင်းမင်း၊ ရဲချစ်နှင့် ခင်မောင်ဆန်း(ခ) မောင်ဆန်းတို့အား သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။**

**နေပြည်တော် မေ ၁၅**

မူးယစ်တပ်ဖွဲ့စု(၂၀)လှိုင်ကော်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၁၄ ရက် ညနေ ၅ နာရီက လှိုင်ကော်မြို့နယ် နွားလဝိုးကျေးရွာအုပ်စု ကယန်းသာယာ(တောင်)ကျေးရွာနေ မဂျီဝါးနာ (ခ)အမိုး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေး ၁၀၀၅ ပြားကိုလည်းကောင်း။

ထို့အတူ မေ ၁၃ ရက် ညနေ ၃ နာရီခွဲတွင် ကလောမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကလောမြို့နယ် ရွှေမင်းဖုန်းကျေးရွာနေ အိမွန်အောင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၅၈ ပြားကို လည်းကောင်း၊ အလားတူ မေ ၁၄ ရက် မွန်းလွဲပိုင်းတွင် မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နောင်ချိုမြို့အဝင် မူဆယ်-မန္တလေးသွား ကားလမ်း မိုင်တိုင်အမှတ်(၈၀/၄)တွင် ဝင်းမင်းသိန်း(ခ)မင်းမင်း မောင်းနှင်လာသည့် မော်တော်ယာဉ်အား ရပ်တန့်ရှာဖွေရာ ယာဉ်နောက်ခန်းတွင် စိတ်ကြွရူးသွပ်ဆေးပြား ၁၄၃၆၀ ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ သိမ်းဆည်းရမိစိတ်ကြွရူးသွပ်ဆေးပြားများကို ပို့ဆောင်ခိုင်းသူ ခင်မောင်ဆန်း(ခ) မောင်ဆန်းနှင့် ရဲချစ်တို့အား မော်တော်ဆိုင်ကယ်နှင့်အတူ တွေ့ရှိရသဖြင့် ၎င်းတို့အား ရှာဖွေရာ မြန်မာငွေကျပ် ၁ ဒသမ ၅ သိန်းနှင့် လက်ကိုင်ဖုန်းနှစ်လုံးနှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၁၅**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ် မေ ၁၄ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၁၀၇၆ စီး၊ သွင်းကုန် အစီး ၈၄၀၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၆၄ စီး၊ သွင်းကုန် ၁၈၉ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၁၄ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုသုံးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆ ဒသမ ၆၈၈ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုကိုးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁ ဒသမ ၁၈၉ သန်းခန့်) စုစုပေါင်းတားဆီးမှု ၁၂ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇ ဒသမ ၈၇၇ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မေ ၁၄ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ရှောင်တခင်စစ်ဆေးမှုများဆောင်ရွက်စဉ် KIA BONGO III ယာဉ်တစ်စီးပေါ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်လေးစီးနှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ်တစ်စီး (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၁ ဒသမ ၀၅ သန်းခန့်)ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**







## မြန်မာ့ရုပ်မြင်သံကြား

**၁၆-၅-၂၀၁၈ (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

၆း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ Breakfast News
၇း၃၅ မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ စကားဝိုင်း
၈း၃၅ "မူပိုင်ခွင့်အကြောင်း သိကောင်းစရာ" (ကုန်အမှတ်တံဆိပ်အကြောင်း သိကောင်းစရာများ)
၉း၁၀ စိုက်ပျိုးရေးရာအဖြေရှာ "စပါးသီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ဝိုင်းဝန်းဆွေးနွေးပညာပေး"
၉း၃၀ ရှန်းကန်လှုပ်ရှားဘဝများ "သခင်နှင့်ဆင်သံယောဇဉ်"
၉း၄၅ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ (သရုပ်ဆောင်-အောင်ရဲလင်း)
၁၀း၃၀ Catch Asia News
၁၁း၃၅ ရှုဖွယ်စုံလင်အာဆီယံ အစီအစဉ်
၁၂း၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ "မဟာကာလီ" (အပိုင်း-၈)
၁၃း၁၀ ငြိမ်းချမ်းရေးဂီတပွဲတော် ထုတ်လွှင့်မှုအစီအစဉ် (Level-II)(ပွဲစဉ်-၁) (မန္တလေးမြို့)(ပထမပိုင်း)
**၁၄း၀၅ (၁၈)ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (ကွက်စိပ်ပြိုင်ပွဲ)(ပထမဆု) "ကုသမင်းဇာတ်" (မန်းတက္ကသိုလ်ဆန်းဦး) (မန္တလေးတိုင်းဒေသကြီး)**
**၁၅း၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ" (အပိုင်း-၂၀)**

**ညပိုင်း**

၁၆း၃၅ "ဘေးအန္တရာယ်အသိကြွယ် ဘဝများစွာကာကွယ်မယ် (လျှင်လေ့ကျင့်ခန်း)"
၁၇း၀၅ အနုပညာခန်းရိပ်သာ "ဗိုလ်ကလေးတင့်အောင်နှင့် တွေ့ဆုံမေးမြန်းခန်း" "မိဘမေတ္တာ"(တင်တင်မြ)
၁၇း၂၀ သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် "ဝုန်းပစ်လိုက်မယ်" (ကျော်ရဲအောင်၊ ကျော်ကျော်ဗို၊ ရဲလေး၊ မိုးအောင်ရင်၊ စိုးမြတ်သူဇာ၊ အိန္ဒြာကျော်ဇင်၊ သင်ဇာဝင့်ကျော်၊ ဘေဘီမောင်) (ဒါရိုက်တာ-ခင်စောမျိုး)
၁၇း၃၅ MRTV Travelogue
၁၈း၂၀ Football Magazine
၁၈း၃၅ ဘဝထဲကဝတ္ထု ဝတ္ထုထဲကဘဝ "အချစ်စမ်းချင်စမ်း၊ မစမ်းချင်နေ" (ဝါးခယ်မရဲမောင်၊ ဒေါ်ခင်ခင်ကြီး၊ ပန်သူမြင့်မိုရ်၊ မာမာကြည်၊ မိရာဇာ၊ ယွန်းဆက်၊ ဥမ္မာ၊ ကတုံး) (ဒါရိုက်တာ-သိမ်းစိုး (သီဟရတာနာ))
၁၉း၁၅ မြန်မာဇာတ်လမ်းတွဲ "ကြမ္မာနွံ" (အပိုင်း-၂၀)
၂၀း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀း၃၅ -သူတို့ဒေသ၊ သူတို့ဘဝ "ပအိုဝ်းတိုင်းရင်းသားတို့ ပြုံးပျော် ရိုးရာဒိုးလွှတ်ပွဲတော်" -ဂီတသမား၊ ဂီတစကား "သက်န်းဂုဏ်ရည်သီချင်း နောက်ဆက်တွဲ" (ဂီတစာဆို-ဦးမောင်မောင်လတ်၊ ဦးဝင့်အောင်) - နိုင်ငံခြားဇာတ်လမ်းတွဲ "မျဉ်းဖြောင့်တစ်ကြောင်းရဲ့ မှတ်တမ်း" (အပိုင်း-၁၁) - အစီအစဉ်ပြီး၏။

# ကျွန်တော်တို့ရဲ့ လုပ်ဆောင်ချက်ကို နိုင်ငံတော်က အသိအမှတ်ပြုတဲ့အတွက် ဂုဏ်ယူဝမ်းမြောက်ပါတယ်၊ ဒါဟာကျွန်တော်တို့တပ်ဖွဲ့ဝင်တွေအတွက်တော့ အားဆေးတစ်ခွက်လိုပါပဲ

**ရန်ကုန်မြို့ လှိုင်သာယာမြို့နယ်တွင် ရက်အတန်ကြာလောင်ကျွမ်းခဲ့သည့် ထိန်ပင်အမှိုက်ပုံ မီးလောင်ကျွမ်းမှုကို စုပေါင်းအားဖြင့် အပြီးတိုင်မီးငြိမ်းသတ်နိုင်ခဲ့သည်။ ထိုသို့ စုပေါင်းအင်အားဖြင့် ညီညီညွတ်ညွတ် ကြိုးပမ်းဆောင်ရွက်ကြမည်ဆိုလျှင် မည်သို့သော စိန်ခေါ်မှု၊ မည်သို့သော အခက်အခဲမျိုးကိုမဆို ကျော်လွှားအောင်မြင်နိုင်ကြောင်းကို ထိန်ပင်အမှိုက်ပုံ မီးလောင်မှုဖြစ်စဉ်က အထင်အရှား သက်သေပြခဲ့သည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကလည်း ယခုနှစ် မေလအတွက် ချီးကျူးဂုဏ်ပြုထိုက်သူအဖြစ် ထိန်ပင်အမှိုက်ပုံ မီးငြိမ်းသတ်ရာတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသော မီးသတ်တပ်ဖွဲ့ဝင်များ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပရဟိတအဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများ၊ ပြည်သူ ပြည်သားများအား ရွေးချယ်၍ ကျေးဇူးတင်လွှာကို ထုတ်ပြန်လိုက်သည်။**

ထိန်ပင်အမှိုက်ပုံ မီးငြိမ်းသတ်ရာတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသူများအား နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ချီးကျူး ဂုဏ်ပြုထိုက်သူအဖြစ် ကျေးဇူးတင်လွှာကို ထုတ်ပြန်လိုက်သည့်အပေါ် မီးငြိမ်းသတ်ရာတွင် ပါဝင်သူများနှင့် တွေ့ဆုံမေးမြန်းထားသည်များကို တင်ပြလိုက်ရပါသည်။



ညွှန်ကြားရေးမှူး ဦးမျိုးဝင်း



ဒုတိယရဲမှူးကြီးယုနိုင်



ဒေါက်တာအောင်မြင့်မော်



ဒုတိယညွှန်ကြားရေးမှူး ဦးကိုကိုစိုး

**ညွှန်ကြားရေးမှူး ဦးမျိုးဝင်း(ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံး )**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့ ကျေးဇူးတင်လွှာဟာကျွန်တော်တို့အတွက် အတိုင်းမသိဝမ်းသာစရာပါ။ ကျွန်တော်တို့ရဲ့ လုပ်ဆောင်ချက်ကို နိုင်ငံတော်က အသိအမှတ်ပြုတဲ့အတွက် ဂုဏ်ယူဝမ်းမြောက်ပါတယ်။ ဒါဟာ ကျွန်တော်တို့ တပ်ဖွဲ့ဝင်တွေအတွက်ကတော့ အားဆေးတစ်ခွက်လိုပါပဲ။ နောင်မှာလည်း ကျွန်တော်တို့အနေနဲ့ ဒီထက်ပိုပြီး ကြိုးစားသွားမှာပါ။ ကျွန်တော်တို့နဲ့အတူ တပ်မတော်သားတွေ၊ ရဲတပ်ဖွဲ့ဝင်တွေ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်တွေ၊ ပရဟိတအဖွဲ့တွေ၊ စည်ပင်သာယာရေးဝန်ထမ်းတွေနဲ့ ဌာနဆိုင်ရာအဖွဲ့အစည်းအသီးသီးရဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်မှုတွေကြောင့်လည်း မီးလောင်မှုဟာ အချိန်တိုအတွင်းမှာ ငြိမ်းသွားတာဖြစ်ပါတယ်။ ဒါကြောင့် ပါဝင်ပူးပေါင်းဆောင်ရွက်ခဲ့တဲ့ ဌာနဆိုင်ရာတွေ အပါအဝင် အဖွဲ့အစည်းအသီးသီးကို ကျွန်တော့်အနေနဲ့ ကျေးဇူးအများကြီးတင်ပါတယ်။ သူတို့ရဲ့ ပူးပေါင်းဆောင်ရွက်မှုဟာ ကျွန်တော်တို့အတွက် မီးငြိမ်းသတ်ရေးလုပ်ငန်းမှာ အများကြီး အထောက်အကူဖြစ်စေခဲ့ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ရဲ့ မြန်မာစကားပုံ စုပေါင်းညီညာ အောင်ကြောင်းဖြာ ဆိုတဲ့အတိုင်း စုပေါင်းပြီး တက်ညီလက်ညီဆောင်ရွက်ခြင်းဟာ ကျွန်တော်တို့အတွက် အောင်မြင်မှုကို ရရှိစေခဲ့တာဖြစ်ပါတယ်။

**ဒုတိယရဲမှူးကြီးယုနိုင်**
**(ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ အကူတပ်ခွဲ၊ တပ်ဖွဲ့ခွဲမှူး)**

စတင်ဖြစ်ပွားစဉ်ကတည်းက မီးသတ်တပ်ဖွဲ့နဲ့အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့တာပါ။ အဲဒီလိုဆောင်ရွက်တဲ့အခါမှာလည်း တပ်ဖွဲ့ဝင်တွေရဲ့ အင်အားသာမက ရေယာဉ်အမြောက်ကားတွေနဲ့လည်း တစ်ဖက်တစ်လမ်းကနေပြီး ဝိုင်းဝန်းငြိမ်းသတ်ခဲ့ပါတယ်။ ရဲတပ်ဖွဲ့ရဲ့ရည်မှန်းချက် လေးရပ်အရ ပြည်သူတွေအတွက် ဆောင်ရွက်ခဲ့တာပါ။ အဲဒီလိုဆောင်ရွက်ခဲ့တဲ့အပေါ် နိုင်ငံတော်အနေနဲ့ အခုလို အသိအမှတ်ပြုတဲ့အတွက် အတိုင်းမသိ ဝမ်းသာပါတယ်။ ဌာနအသီးသီးရဲ့ ပူးပေါင်းဆောင်ရွက်မှုကြောင့် အောင်မြင်မှုတစ်ခုလို့ပဲ မြင်ပါတယ်။ နောက်နောင်မှာလည်း ပြည်သူတွေအတွက်ဆိုရင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဟာ ပြည်သူတွေနဲ့အတူ ပူးပေါင်းပါဝင်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**ဒေါက်တာအောင်မြင့်မော် (ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန ဒုတိယဌာနမှူး )**

မီးစတင်လောင်ကျွမ်းခဲ့တဲ့ ဧပြီ ၂၁ ရက်ကတည်းက မီးသတ်တပ်ဖွဲ့ဝင်တွေနဲ့အတူ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။ နောက်ရက်တွေမှာလည်း ဆည်မြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးအဖွဲ့ အပါအဝင် သက်ဆိုင်ရာ အဖွဲ့အစည်းတွေနဲ့လည်း မီးအမြန်ဆုံးငြိမ်းသတ်နိုင်ဖို့အတွက် YCDC အနေနဲ့ အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ခဲ့ပါတယ်။ ဒ့ါအပြင် အပြီးသတ်မီးငြိမ်းသတ်မှုအပြီး စောင့်ကြည့်မီးငြိမ်းသတ်မှုကာလအတွင်းမှာလည်း ကျွန်တော်တို့ YCDC အနေနဲ့ ဝန်ထမ်းအင်အားတွေကို ပိုမိုတိုးမြှင့်ပြီး မီးသတ်တပ်ဖွဲ့ဝင်တွေနဲ့အတူ အနီးကပ်စောင့်ကြည့်ပြီး ထဲထဲဝင်ဝင်ဆောင်ရွက်တာမျိုးအပြင် မီးသတ်တပ်ဖွဲ့ဝင်တွေ မီးငြိမ်းသတ်ရေးအတွက် အဆင်ပြေအောင် ကူညီဆောင်ရွက်ပေးတဲ့အပိုင်းတွေကို လူအင်အားနဲ့ စက်ယန္တရားတွေ သုံးပြီးတော့လည်း ဆောင်ရွက်ပေးခဲ့ပါတယ်။ အားလုံးရဲ့ အင်တိုက်အားတိုက် ပူးပေါင်းပါဝင်ဆောင်ရွက်မှုတွေကြောင့် မီးကိုအခုလို ငြိမ်းသတ်နိုင်ခဲ့တာဖြစ်ပါတယ်။ အဲဒီလို ပူးပေါင်းဆောင်ရွက်ခဲ့မှုတွေအပေါ် နိုင်ငံတော်အနေနဲ့ အသိအမှတ်ပြုတဲ့အတွက် အတိုင်းမသိဝမ်းသာပါတယ်။ ဂုဏ်လည်းယူပါတယ်။

**ဒုတိယညွှန်ကြားရေးမှူး ဦးကိုကိုစိုး**
**(မီးသတ်သုတေသနနှင့် မီးဘေးလုံခြုံရေး အသိပညာပေးရေးဌာန)**

လှိုင်သာယာမြို့နယ် ထိန်ပင်အမှိုက်ပုံမီးလောင်မှုကို ၁၂ ရက်အကြာမှာ အောင်အောင်မြင်မြင် ငြိမ်းသတ်နိုင်တာကတော့ မီးသတ်တပ်ဖွဲ့ဝင်တွေသာမက တပ်မတော်သားတွေ၊ ရဲတပ်ဖွဲ့ဝင်တွေ၊ ကြက်ခြေနီတွေ အပါအဝင် ဌာနဆိုင်ရာအသီးသီးနဲ့ ပြည်သူတွေ တညီတညွတ်တည်း ပူးပေါင်းပါဝင် လုပ်ဆောင်မှုကြောင့်ပါ။ အားလုံးရဲ့ ပူးပေါင်းပါဝင်မှု အင်အားတစ်ရပ်ကြောင့် အခုလိုအောင်မြင်ခဲ့တာပါ။ မီးသတ်တပ်ဖွဲ့ဝင်တွေအနေနဲ့လည်း အဆင့်ဆင့် ကွပ်ကဲမှုနဲ့ ကြိုးစားဆောင်ရွက်ခဲ့တယ်။ အဲဒီလိုဆောင်ရွက်တဲ့အခါမှာလည်း ပူးပေါင်းပါဝင်ဆောင်ရွက်တဲ့ အဖွဲ့အစည်းတွေရဲ့ အင်အားနဲ့လုပ်အားဟာ တပ်ဖွဲ့ဝင်တွေအတွက် စိတ်ဓာတ်ခွန်အားကိုဖြစ်စေခဲ့ပါတယ်။ ဒ့ါကြောင့် အခုဖြစ်စဉ်ဟာ အဖွဲ့အစည်းအသီးသီးနဲ့အတူ ပြည်သူတွေရဲ့ ပူးပေါင်းဆောင်ရွက်မှုတစ်ခုပါ။ အဲဒီအပေါ်မှာ နိုင်ငံတော်က အသိအမှတ်ပြုတဲ့အတွက် ဝမ်းသာဂုဏ်ယူပါတယ်။ မီးသတ်တပ်ဖွဲ့အနေနဲ့လည်း သမိုင်းဝင်တဲ့ မှတ်တမ်းတစ်ခုဖြစ်မှာပါ။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့ အသိအမှတ်ပြုမှုဟာ ကျွန်တော်တို့တပ်ဖွဲ့ဝင်တွေအနေနဲ့ အဲဒီမှာပင်ပန်းခဲ့သမျှကို ပြေပျောက်စေတဲ့အပြင် စိတ်ဓာတ်ခွန်အားတစ်ရပ်ကိုလည်း ဖြစ်စေခဲ့ပါတယ်။ နောင်မှာလည်း ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းတွေနဲ့ မီးငြိမ်းသတ်ရေးဆိုင်ရာ လုပ်ငန်းတွေမှာ အခုထက်ပိုပြီး အာရုံစူးစိုက်မှုတွေနဲ့ လုပ်ဆောင်သွားဖို့ တပ်ဖွဲ့ဝင်တွေရဲ့ ရင်ထဲမှာရှိနေပါတယ်။

**တွေ့ဆုံမေးမြန်း-ဇော်ကြီး(ပဏ္ဍိတ)**
**ဓာတ်ပုံ-ဖေဇော်**



မှုခင်းကျဆင်းရေးအသိပညာပေးဟောပြောပွဲကို မေ ၁၁ ရက်က လှိုင်မြို့နယ်(၁၂)ရပ်ကွက် ပဋ္ဌာန်းဓမ္မာရုံ၌ ပြုလုပ်ရာ လှိုင်မြို့မရဲစခန်းမှူး ဒု-ရဲမှူး သိန်းဆွေမြင့် ရပ်ကွက်နေပြည်သူများအား မှုခင်းကျဆင်းရေး အသိပညာပေး ဟောပြောစဉ်။ **ကြေးမုံ**

## International Lifetime Contribution Award ရရှိ

**ရန်ကုန်  မေ  ၁၅**

Japan Society of Civil Engineering (JSCE) အဖွဲ့ကြီးက ၁၉၉၅ ခုနှစ်မှ စတင်၍ ကမ္ဘာတစ်ဝန်းလုံးရှိ မြို့ပြအင်ဂျင်နီယာများထဲမှ နှစ်စဉ် တစ်ဦးကျစီ ရွေးချယ်၍ International Lifetime Contribution Award ကို ဆုချီးမြှင့်ခဲ့ရာ ယခု ၂၀၁၈ ခုနှစ်အတွက် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း (MES)၏ အဆိုပြုတင်ပြချက်၊ ဂျပန်နိုင်ငံ Ministry of Land, Infrastructure, Transport and Tourism (MITT)ဝန်ကြီးဌာန၏ ထောက်ခံချက်၊ Japanese Infrastructure Partnership (JIP)၏ ထောက်ခံချက်၊ Ocaji အဖွဲ့အစည်း၏ ထောက်ခံချက်တို့ဖြင့် ၂၀၁၈ ခုနှစ်အတွက် International Lifetime Contribution Award ကို မြန်မာနိုင်ငံ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်း ရွေးချယ်ခံရကြောင်း သိရသည်။

အဆိုပါဆုကို ဂျပန်နိုင်ငံ တိုကျိုမြို့ JSCE ဌာနချုပ်၌ ၂၀၁၈ ခုနှစ် ဇွန် ၈ ရက်တွင် တက်ရောက်ယူရမည်ဖြစ်ကြောင်း သိရသည်။

**ခရမ်းစိုးမြင့်**

## ကမ္ဘာ့ဖလားပြိုင်ပွဲတွင် နာမည်ကြီးအသင်းအချို့ ဝင်ခွင့်ဆုံးရှုံးခဲ့ရပြီး နာမည်ကြီးကစားသမားအချို့လည်း လွဲချော်ခဲ့ရ

ရုရှားနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမယ့် ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ နာမည်ကြီးကစားသမားအချို့ မထင်မှတ်ဘဲ လွဲချော်ခဲ့ရတာတွေ ရှိခဲ့ပါတယ်။ အဲဒီကစားသမားတွေထဲမှာ တိုက်စစ်မှူး အလက်ဇစ်ဆန်းချက်ဇ်လည်း တစ်ဦးအပါအဝင်ဖြစ်ပါတယ်။ ဆန်းချက်ဇ်ဟာ ချီလီအသင်း ကမ္ဘာ့ဖလားဝင်ခွင့်နဲ့ လွဲခဲ့ရတာကြောင့် ပါဝင်ကစားခွင့်ဆုံးရှုံးခဲ့တာ ဖြစ်ပါတယ်။ တိုက်စစ်မှူး အီဘရာဟီမိုဗစ်ကတော့ ဆွီဒင်အသင်း ကမ္ဘာ့ဖလားဝင်ခွင့်ရရှိခဲ့ပေမယ့် နိုင်ငံလက်ရွေးစင်ကစားသမားဘဝကနေ အနားယူခဲ့တာကြောင့် ကမ္ဘာ့ဖလားနဲ့ လွဲခဲ့တာဖြစ်ပါတယ်။

အီတလီဟာ ကမ္ဘာ့ဖလားကို တိုက်ရိုက်ဝင်ခွင့်ဆုံးရှုံးခဲ့ရတဲ့အပြင် play-offs ကစားချိန်မှာလည်း ဆွီဒင်အသင်းကို ရှုံးနိမ့်ခဲ့ရတာကြောင့် ကမ္ဘာ့ဖလားဝင်ခွင့်နဲ့ လွဲခဲ့ရတဲ့ နာမည်ကြီးအသင်းတစ်သင်းဖြစ်ပြီး အဲဒီလို ဝင်ခွင့်ဆုံးရှုံးခဲ့ရတာဟာ ဂိုးသမားဘတ်ဖွန်ရဲ့ အီတလီအသင်းနဲ့အတူ ဒုတိယအကြိမ် ကမ္ဘာ့ဖလားချန်ပီယံဆုကို ဆွတ်ခူးဖို့ မျှော်လင့်ချက်ကုန်ဆုံးခဲ့ရတာဖြစ်ပါတယ်။ တိုက်စစ်မှူး ဂါရတ်ဘေးလ်ဟာလည်း ဝေးလ်လက်ရွေးစင်အသင်း ကမ္ဘာ့ဖလားဝင်ခွင့်မရခဲ့တာကြောင့် ပါဝင်ကစားခွင့်ဆုံးရှုံးခဲ့ရသလို နယ်သာလန်အသင်း၊ အမေရိကန်အသင်းတို့လည်း ကမ္ဘာ့ဖလားဝင်ခွင့်နဲ့ လွဲခဲ့ရပါတယ်။ **ငွေကြယ်**

## ဘောလုံး လောကသတင်းတိုများ

**တိုနီခရူးစ်အား နည်းပြ ဇွဲဒီယိုလာ ခေါ်ယူမည်**

နည်းပြ ဂွါဒီယိုလာဟာ ရီးယဲလ်မက်ဒရစ်အသင်း ကွင်းလယ်ကစားသမား တိုနီခရူးစ်ကို အခုနွေရာသီအပြောင်းအရွှေ့ကာလမှာ ခေါ်ယူဖို့ စီစဉ်နေတယ်လို့ သိရပါတယ်။ တိုနီခရူးစ်ကို လက်ရှိမှာ မန်ယူအသင်းနည်းပြ မော်ရင်ဟိုကလည်း ပစ်မှတ်ထားနေတာဖြစ်ပြီး နည်းပြ ဂွါဒီယိုလာကတော့ တိုနီခရူးစ်ကို ခေါ်ယူမယ့် အခွင့်အရေးတစ်ရပ်ကို လက်လွှတ်ဆုံးရှုံးမခံဘူးလို့လည်း ဆိုထားပါတယ်။

**ကစားသမားငါးဦးအထိ စပါးရောင်းချမည်**

စပါးအသင်းနည်းပြ ပိုချက်တီနိုဟာ နွေရာသီအပြောင်းအရွှေ့ဈေးကွက်မှာ ရန်ပုံငွေလိုအပ်မှုများရှိနေခြင်းကြောင့် အသင်းရဲ့ အားထားရတဲ့ ကစားသမားငါးဦးအထိ ရောင်းချဖို့စီစဉ်နေပါတယ်။ အဲဒီကစားသမားငါးဦးကတော့ အယ်လ်ဒါဝီးလ်၊ ဒန်နီရို့စ်၊ ဒမ်ဘီလီ၊ လော်ရန်တီနဲ့ ဆစ်ဆိုကိုတို့ပဲ ဖြစ်ပါတယ်။

**ပရီမီယာလိဂ်အပြောင်းအရွှေ့ဈေးကွက် ပုံမှန်ထက် စောဖွင့်မည်**

ပရီမီယာလိဂ် အပြောင်းအရွှေ့ဈေးကွက်ကို ပုံမှန်ဖွင့်လှစ်သည့်အချိန်ထက် သီတင်းနှစ်ပတ်စောပြီး ဖွင့်လှစ်မယ်လို့ သိရပါတယ်။ အရင်က နွေရာသီအပြောင်းအရွှေ့ဈေးကွက်ကို ဩဂုတ် ၃၁ ရက်ရောက်မှ ပိတ်သိမ်းလေ့ရှိသော်လည်း ယခုနှစ်တွင်မူ ဩဂုတ် ၉ ရက်မှာ ပိတ်မယ်လို့လည်း သိရပါတယ်။

**ဆမ်အလာဒိုက်စ်ကို နှစ်ရက်အတွင်း ထုတ်ပယ်မည်**

အဲဗာတန်အသင်းဟာ နည်းပြ ဆမ်အလာဒိုက်စ်ကို နှစ်ရက်အတွင်း ထုတ်ပယ်ဖို့ရှိနေပြီး အခုတစ်ပတ်ထဲမှာ အဲဗာတန်အသင်းမှ တာဝန်ရှိသူနှင့်တွေ့ဆုံမည်ဖြစ်ကာ အဲဒီတွေ့ဆုံမှုအပြီးမှာ နည်းပြတာဝန်များကို ရပ်ဆိုင်းမှာဖြစ်တယ်လို့လည်း သိရပါတယ်။ ဆမ်အလာဒိုက်စ်ကို အသင်းနည်းပြအဖြစ်ကနေ ထုတ်ပယ်ပြီး မာကိုဆေးလ်ဗားကို အစားထိုးခန့်အပ်မယ်လို့ ဆိုထားပါတယ်။ **ငွေကြယ်**

# တိုင်းရင်းဆေးပညာကို မြန်မာ့တိုင်းရင်းဆေး သဘောသဘာဝနဲ့သာ ခွဲခြမ်းစိတ်ဖြာသင့်

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မြန်မာ့တိုင်းရင်းဆေးဖွံ့ဖြိုးရေးကို ပံ့ပိုးကူညီပေးနေတဲ့အတွက် မကြာမီကာလမှာ အာဆီယံအဆင့်မီ မြန်မာ့တိုင်းရင်းဆေးများစွာ ပေါ်ထွန်းလာတော့မှာ ဖြစ်တဲ့အကြောင်း၊ ပြီးခဲ့တဲ့နှစ်က တိုင်းရင်းဆေးလောက ဂယက်ထခဲ့တဲ့အကြောင်း စတာတွေကို တိုင်းရင်းဆေးဝန်ထမ်းဟောင်း (တိုင်းရင်းဆေးပညာရှင်)နဲ့ ဆွေးနွေးခဲ့ပါတယ်။ အဆိုပါ ဆွေးနွေးခဲ့တာတွေကို ပြန်လည်ဖောက်သည်ချလိုက်ပါတယ်-**



ဦးအောင်မြတ်ကျော်(တိုင်းရင်းဆေးဝန်ထမ်းဟောင်း)

**မေး။ ။ သကြ်ံန်မတိုင်ခင်က လူမှုကွန်ရက်စာမျက်နှာရဲ့ မြန်မာ့တိုင်းရင်းဆေးလိမ်းဆေးတစ်ခုမှာ အာဆင်းနစ်ဓာတ်တွေ သတ်မှတ်ပမာဏထက် ပိုပြီးပါနေတယ်လို့ နိုင်ငံခြား သတင်းစာဖြတ်ပိုင်းတစ်ခုတွေ့လိုက်ရတယ်။ တိုင်းရင်းဆေးမှာ ဝန်ထမ်းအကြာကြီးလုပ်ခဲ့တော့ ရှင်းပြပေးပါဦး။**

ဖြေ။ ။ တို့တိုင်းရင်းဆေးရဲ့ သဘောသဘာဝကို နိုင်ငံခြားတိုင်းပြည်က သူတို့လက်ခံထားတဲ့ သိပ္ပံပညာရပ်နဲ့ယှဉ်ပြီး တိုက်ရိုက်ချိန်ထိုးကြည့်ရင် မှန်ကန်တဲ့အဖြေရမှာ မဟုတ်ဘဲ ဟုတ်သယောင်ယောင် ထင်ယောင်ထင်မှား အဖြေတွေ တွေ့ရတတ်တယ်၊ တို့မြန်မာ့တိုင်းရင်းဆေးဟာ အင်မတန်သိမ်မွေ့နက်နဲ ကျယ်ပြန့်ပြီး ဆေးပညာရပ်ထဲမှာ မြတ်စွာဘုရားဟောကြားခဲ့တဲ့ဒေသနာတွေ၊ နက္ခတ်ပညာတွေ၊ ဝိဇ္ဇာဓရပညာရပ်တွေ၊ အာယုဗေဒပညာရပ်တွေနဲ့ မိရိုးဖလာ ဆေးပညာရပ်တွေ ပေါင်းစပ်ပါဝင်တယ်။ ရှေးနှစ်ပေါင်းများစွာကတည်းက တိုင်းရင်းဆေးသမားတော်ကြီးတွေ ရှာဖွေဖော်ထုတ်ခဲ့တဲ့ ဆေးပညာ၊ ဆေးဝါးတွေနဲ့ တို့ဘိုးဘွားတွေ သက်ရှည်ကျန်းမာလာခဲ့တာ ဒီနေ့အထိပဲ မဟုတ်လား။

**မေး။ ။ အခုလိုရှင်းပြမှပဲ သတိထားမိတော့တယ်။ အဘိုး၊ အဘွားတွေ ခေတ်တုန်းက အခုလို အနာရောဂါ မထူပြောဘဲ သက်ရှည်ကျန်းမာကြတာ မြန်မာ့တိုင်းရင်းဆေးကြောင့်ဆိုတာ ငြင်းမရဘူး။ ဆက်ပြီး ရှင်းပြပါဦး။**

ဖြေ။ ။ တို့ရဲ့ လုပ်ဖော်ကိုင်ဖက် သိပ္ပံပညာရှင်ရဲ့ပြောစကားအရ ပြောရရင် လိမ်းဆေး အချို့ထဲမှာ သုံးတဲ့ Heavy Metal ခေါ်နိုင်တဲ့ ဆေးဒါန်း၊ ကျောက်ဆေးဒါန်း၊ စိန်နီမြင်းသွား (Arsenic-Compound)၊ ဟင်းရိုင်း၊ ဟင်းရိုင်းနီ၊ (Mercury Compound) နာလို့ခေါ်တဲ့ (Lead Compound) တွေကို တွေ့နိုင်တယ်။ အဲဒီအထဲကမှ ဥပမာဆေးဒါန်းလို့ခေါ်တဲ့ ကုန်ကြမ်းကို ဓာတ်ခွဲကြည့်ရင် အာဆင်းနစ်ဓာတ်ကို တွေ့ရတယ်။ အာဆင်းနစ်ဟာ ပင်ကိုအားဖြင့်တော့ အဆိပ်အာနိသင်ရှိတာတွေ့ရမှာပေါ့။ ဒါပေမယ့် မြန်မာ့တိုင်းရင်းဆေးသဘောမှာတော့ အခြားဆေးကုန်ကြမ်းတွေနဲ့ ဓာတ်ပြုတဲ့အခါ အန္တရာယ်မရှိတော့ဘဲ ဆေးအာနိသင်ကို ရတယ်ဆိုတဲ့ သဘောကိုတွေ့ရမယ်။ အဲဒါမြန်မာ့တိုင်းရင်းဆေးပဲ။ နောက်ပြီး အဲဒီဆေးဒါန်းကို တိုင်းရင်းဆေးဌာန သုံးဆေးနည်းဖြစ်တဲ့ ခုနစ်ပါးဆေးဝါလေး ဆေးနည်းမှာလည်း တွေ့နိုင်တယ်လို့ ဆိုပါတယ်။ ဆိုလိုတာက သူတို့ပြောသလို အန္တရာယ်ပေးတဲ့ လိမ်းဆေးတွေ မဟုတ်ဘူးလို့ ပြောချင်တာ၊ ဌာနသုံးဆေးနည်းထဲက ခုနစ်ပါးဆေးဝါလေးဆိုတာ နှစ်ပေါင်းများစွာ အန္တရာယ်ကင်းရှင်းစွာသုံးခဲ့တဲ့ တိုင်းရင်းဆေးပါ။

**မေး။ ။ ဒါဆိုရင် ဆေးထဲမှာ ဆေးဒါန်းသုံးတာ အန္တရာယ်မရှိနိုင်ဘူးလို့ ဆိုချင်တာလား။**

ဖြေ။ ။ မေးသင့်တဲ့ မေးခွန်းပါ၊ တိုင်းရင်းဆေးဆိုတာ တစ်မည်တည်းနဲ့ ဖော်စပ်တဲ့ ဆေးတော့ရှိတယ်၊ နည်းပါတယ်။ ဆေးပင်ဆိုရင် တစ်ပင်တည်း ဖော်တာရှိတတ်တယ်။ ဓာတ်ဆေးတွေ ပါဝင်ဖော်စပ်ရင် ဆေးကုန်ကြမ်းတစ်မည်တည်းနဲ့ ဖော်စပ်ကြတာ မဟုတ်ဘူး။ ဆေးတွေမှာ ဆေးကုန်ကြမ်း အနည်းဆုံး ငါးမျိုးကနေ အမျိုး ၂၀ လောက်ထိထည့်ပြီး ဖော်စပ်ကြတယ်။ အဲဒီလိုပညာနဲ့ ပေါင်းစပ်ဖော်စပ်ခြင်းဖြင့် အန္တရာယ်ကင်းတဲ့ တိုင်းရင်းဆေးတစ်မျိုးကို ရရှိနိုင်တာပေ့ါ။ ဒါကြောင့် အစပိုင်းက ရှင်းပြခဲ့သလို မြန်မာ့တိုင်းရင်းဆေးဆိုတာ သိမ်မွေ့နက်နဲကျယ်ဝန်းတယ်ဆိုတာကို အများပြည်သူသိစေချင်တာပါ။ ဒီနေ့အချိန်မှာဆိုရင် ပျောက်ကွယ်လုနီးပါးဖြစ်နေတဲ့ နန်းတွင်း လျှာပွတ်ဆေးကြီးဆိုရင် အဆိပ်တွေ အများကြီး ပါဝင်ဖော်စပ်ထားတာ၊ အရေးကြီးဆုံးအချက်က ဖော်စပ်နည်းပဲ။ အင်္ဂလိပ်လိုပြောရရင် Preparation and Processing ပဲ၊ ဆေးကုန်ကြမ်းတွေကို အချိုးမျှတရောစပ်ခြင်းနဲ့ ဆေးအဖြစ် ပြောင်းလဲပုံနည်းပညာတွေဟာ မြန်မာ့တိုင်းရင်းဆေးရဲ့ အဓိကဖြစ်တယ်။ သိသလောက်ပြောရရင် ဆေးဝါးဖော်စပ်ရာမှာ အဆိပ်အာနိသင်နဲ့ ပါဝင်ဆေးကုန်ကြမ်းများကို သန့်ရှင်းစင်ကြယ်အောင် ပြုလုပ်တာကို သုဒ္ဓိပြုတယ်လို့ ခေါ်တယ်။ ဒါတွေဟာ အကြမ်းဖျင်းလောက်သာဖြစ်ပြီး လက်တွေ့မှာ အင်မတန် နက်နဲပညာသားပါတာတွေ့ရလိမ့်မယ်၊ အဲဒီလို စနစ်တကျဖော်စပ်ရင် အဆိပ်အာနိသင် မဖြစ်စေတော့ဘူး။

**မေး။ ။ ရှင်းပြတာ စိတ်ဝင်စားဖို့ကောင်းပါတယ်၊ ဆက်ပြီး ပြောပြပါဦး။**

ဖြေ။ ။ ပိုပြီး စိတ်ဝင်စားစရာကောင်းတာကလည်း မြန်မာ့တိုင်းရင်းဆေးဖော်စပ်သူများဟာ မြန်မာ့ဆေး ဆရာများကိုယ်တိုင်ဖြစ်တယ်ဆိုတာပဲ။ ဆိုလိုတာက အခြားနိုင်ငံက ထုတ်လုပ်တဲ့ ဆေးတွေက ဆေးကုသူနဲ့ ဆေးထုတ်သူ မတူကြဘူး။ တို့ဆီမှာတော့ ဆေးကုသူတွေ ကိုယ်တိုင်ဆေးဖော်စပ်ထုတ်လုပ်ကြတယ်။ တိုင်းရင်းဆေးဆရာများဟာ ရောဂါဆိုင်ရာ ကုသမှုပညာနဲ့ကုသတဲ့ဆေးဝါးကို နားလည်ဖော်စပ်နိုင်တဲ့ ပညာနှစ်မျိုး တတ်ကျွမ်းသူလို့ ဆိုလိုခြင်းဖြစ်တယ်။

**မေး။ ။ ဒါဆို ဆေးကုသသူကိုယ်တိုင် ထုတ်လုပ်ထားတော့ အတွေ့အကြုံပေါ်မူတည်ပြီး ဆေးအာနိသင်တွေ ပိုကောင်းနိုင်တယ်ဆိုလိုတာလား။**

ဖြေ။ ။ ဒါလည်း ပါတာပေ့ါ၊ နောက်ရှိသေးတယ်။အရေးကြီးတာက တိုက်ကျွေးရမယ့် ဆေးပမာဏ၊ တန်ဆေးလွန်ဘေး မဟုတ်လား။ ဆေးညွှန်းသေချာဖတ်ကြည့်ရင် သောက်ရမယ့် ဆေးပမာဏတွေ့ရမယ်။ လိုသလောက်သောက်ရင်ဆေး၊ လိုသည်ထက် ပိုသောက်ရင် အန္တရာယ်ရှိတာပေ့ါ။

**မေး။ ။ ဒါဆိုရင် တိုင်းရင်းဆေးတွေကို ယုံကြည်စွာနဲ့ သောက်သုံးလို့ ရပြီပေ့ါ။**

ဖြေ။ ။ ဟုတ်ပါတယ်။ ဒါပေမယ့် အရေးအကြီးဆုံးတစ်ချက်ကျန်သေးတယ်။ အဲဒါက တိုင်းရင်းဆေးဝါး မှတ်ပုံတင်ရှိ၊ မရှိ အရေးကြီးတယ်။ သောက်မယ့်ဆေးဘူးကို စစ်ကြည့်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနက စစ်ဆေးပြီး မှတ်ပုံတင်အမှတ်၊ ဆေးဝါး သက်တမ်းကုန်၊ မကုန်၊ ဒါတွေကို စစ်ပြီး မှန်ကန်ရင် ယုံကြည်စိတ်ချစွာနဲ့ အာနိသင်ရှိတဲ့ မြန်မာ့တိုင်းရင်းဆေးကို သောက်သုံးလို့ရပြီလေ။

**မေး။ ။ အခုရှင်းပြတော့ သိသလောက်တော့ သိသွားပါပြီ။ ရှင်းပြချင်တာရှိသေးရင် ပြောပြပေးပါဦး။**

ဖြေ။ ။ရှင်းပြခဲ့တာတွေက အကြမ်းသဘောပဲ ရှိသေးတယ်။ ဒီထက် အသေးစိတ်ပညာရပ်ပိုင်းဆိုင်ရာတွေ ကျန်သေးတယ်။ ဖြည့်စွက်ပြောချင်တာကတော့ တိုင်းရင်းဆေးကို ပြည်ပကတစ်ခုခု ပြောလိုက်တာနဲ့ မှန်တယ်လို့ အဆုံးအဖြတ် မစောချင်စေလိုဘူး။ ဟိုတလောက အန္တရာယ်ရှိတဲ့ ဓာတ်တွေပါတယ်လို့ နိုင်ငံခြားက သတင်းတွေဆိုတာရော ဘယ်သူတွေ ဘယ်လောက်သုံးလို့ ဘေးဆိုးဖြစ်သွားသလဲ။ မြန်မာနိုင်ငံမှာရော အဲဒီဆေး သုံးလို့ ဘယ်သူတွေ ဘယ်လိုဖြစ်တယ်ဆိုတဲ့ သတင်းကော ကြားဖူးလား၊ တကယ်အန္တရာယ်ကြုံတွေ့လာရင် တာဝန်ရှိသူတွေကလည်း လျစ်လျူရှုထားမှာ မဟုတ်ပါဘူး။ ဒါကြောင့် မြန်မာ့တိုင်းရင်းဆေးကို နိုင်ငံခြားပေတံနဲ့တိုင်းပြီး လွယ်လွယ်ကူကူ လက်ခံဆုံးဖြတ်ဖို့ မဖြစ်သင့်ဘူးလို့ ထင်တယ်။ တစ်ချက်ရှိသေးတယ်။ ဈေးကွက်ထဲရောက်တဲ့ တိုင်းရင်းဆေးတစ်မျိုးမျိုးကို နည်းမျိုးစုံနဲ့ စွပ်စွဲကြတဲ့အခါမှာ လုပ်ကြံမှုမျိုးလည်း ဖြစ်နိုင်ပါတယ်။ ဓာတ်ခွဲအဖြေ လွဲမှားမှုဆိုတာလည်း ဖြစ်နိုင်တာပဲ၊ ဒါကြောင့် အဲဒီဆေးကို သုံးပြီးတကယ်ဒုက္ခ ဖြစ်တဲ့သူတွေ ရှိလာပြီဆိုရင်တော့ တကယ်ဖြေရှင်းရတော့မှာပေ့ါ။ တို့မြန်မာ့တိုင်းရင်းဆေးဆိုတာလည်း တို့လူမျိုး ယုံကြည်မှုရရှိလို့ သုံးစွဲတာဖြစ်တယ်။ အများက ယုံကြည်ကြလို့ ဆေးဝါးထုတ်လုပ်သူတွေကလည်း ထုတ်လုပ်နိုင်တာဖြစ်တယ်။ အထူးသဖြင့် မြန်မာ့ဆေးကို လုပ်ငန်းကြီး၊ စက်ရုံကြီးတွေအဆင့် တည်ထောင်ကြပြီး လုပ်ကိုင်ကြပြီဆိုရင် ဒါယုံကြည်၊ လက်ခံမှုအရ ခွင့်ပြုချက် လိုင်စင်တွေနဲ့ လုပ်ကြတာဖြစ်တယ်။ ဒါပေမယ့် ဈေးကွက်ထဲမှာတော့ တချို့ဆေးအတုအယောင်တွေ တွေ့နိုင်တာပေ့ါ၊ မြန်မာ့တိုင်းရင်းဆေးအမည်ခံ လိုင်စင်မရှိ၊ မှတ်ပုံတင်မရှိ တချို့လိပ်စာတောင် မပါဘူး။ အဲဒါမျိုးတွေကတော့ ပိုက်ဆံရပြီးရော မြန်မာ့တိုင်းရင်းဆေးကို ခုတုံးလုပ်ပြီး ကိုယ်ကျိုးရှာကြတဲ့သူတွေပေ့ါ၊ အဲလို ဆေးမျိုးတွေဆိုရင် တွေ့တာနဲ့ သက်ဆိုင်ရာတာဝန်ရှိတဲ့သူကလည်း အရေးယူ၊ ပြည်သူဘက်ကလည်း ရှောင်ကြဉ်ကြမှပေ့ါ။

**မေး။ ။ နောက်ဆုံးရှင်းပြတာ တော်တော်ကောင်းတယ်၊ သိသင့်တာလေးတွေပါလာတယ်။ မှတ်သားထားပါမယ်။ နောက်ဆုံးတစ်ခုလောက် ပြောပါဦး။**

ဖြေ။ ။ နောက်ဆုံးပြောပြချင်တာတော့ တိုင်းရင်းဆေးကို တိုင်းရင်းဆေးအမြင်နဲ့ပဲ လေ့လာ သုံးသပ်သင့်ပါတယ်၊ တကယ်လို့ ရှုပ်ထွေးမှုဖြစ်လာရင်လည်း တိုင်းရင်းဆေးပညာရှင်များရဲ့ သဘောထားကိုရယူပြီး ဆုံးဖြတ်မှသာလျှင် တိကျမှန်ကန်တဲ့ အဖြေကိုရမှာပါ၊ ဒါကြောင့် မြန်မာ့တိုင်းရင်းဆေးကို မြန်မာ့တိုင်းရင်းဆေးသဘောသဘာဝနဲ့မှသာလျှင် ခွဲခြမ်းစိတ်ဖြာသင့်ကြောင်း ပြောချင်ပါတယ်

ကျေးဇူးတင်ပါတယ်။ ။

**ထွန်းမြင့်ကျော်(မြန်မာ့တိုင်းရင်းဆေး)**

# ရေရှည်တည်တံ့သော စိုက်ပျိုးရေးဆိုင်ရာ နည်းစနစ်များအသိပညာပေးဟောပြောပွဲ တာလေမြို့၌ပြုလုပ်

**တာချီလိတ် မေ ၁၅**

ရာသီဥတုပြောင်းလဲခြင်းနှင့်အတူ ရေရှည်တည်တံ့သော စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို မေ ၁၃ ရက်က တာလေမြို့ တာကြန့်ကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးလှဝင်းက ရာသီဥတုပြောင်းလဲခြင်းနှင့် ရေရှည်တည်တံ့သော စိုက်ပျိုးရေးနည်းစနစ်များ၊ ရာသီဥတုဖောက်ပြန်ခြင်းကို ဖြစ်ပေါ်စေသော အဓိကအချက်များ၊ ရေရှည်တည်တံ့သော စိုက်ပျိုးရေး၏ မဏ္ဍိုင်သုံးရပ်နှင့် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကိုလည်းကောင်း၊ ခရိုင်သီးနှံကာကွယ်ရေး တာဝန်ခံဒေါ်ငွေးက ပိုးသတ်ဆေး စနစ်တကျကိုင်တွယ်အသုံးပြုနည်းနှင့် ဆေးဖျန်းရာတွင် ဘေးအန္တရာယ်ကင်းရှင်းစေရေးကိုလည်းကောင်း၊ ဒုတိယဦးစီးမှူး ဒေါ်မြသန္တာဝင်းက စိုက်ခင်းများတွင် ကြွက်အန္တရာယ်ကင်းဝေးရေး ကာကွယ်နှိမ်နင်းနည်းများကိုလည်းကောင်း အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

ထို့နောက် တောင်သူများက ဒေသနှင့်ကိုက်ညီသော တစ်ပိုင်တစ်နိုင်မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးထုတ်လုပ်နိုင်ရေးနှင့် သိလိုသည်များကို မေးမြန်းဆွေးနွေးရာ ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

**ဝေယံလင်း(ပြန်/ဆက်)**

# အရှေ့တောင်အာရှအားကစားပြိုင်ပွဲအဖွဲ့ချုပ်ကောင်စီအစည်းအဝေး တက်ရောက်ရန် ပြည်ပထွက်ခွာ

**ရန်ကုန် မေ ၁၅**

ဖိလစ်ပိုင်သမ္မတနိုင်ငံ မနီလာမြို့၌ မေ ၁၆ ရက်မှ ၁၇ ရက်အထိ ကျင်းပမည့် အကြိမ်(၃၀)မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ကျင်းပရေးဆိုင်ရာ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအဖွဲ့ချုပ် ကောင်စီအစည်းအဝေး (South East Asia Games Federation Council Meeting)သို့ တက်ရောက်ရန် အဖွဲ့ခေါင်းဆောင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး ဦးမျိုးလှိုင်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးကျော်ဦး၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးခင်မောင်လွင်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခွန်ဂျာအောင်၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာထက်ဝေနှင့် မိုင်အိုလီဗာ ယင်းဗှာ ထောင်းလွှယ် တို့သည် မေ ၁၅ ရက် နံနက်ပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ထွက်ခွာသွားရာ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များက ပို့ဆောင်နှုတ်ဆက်ခဲ့ကြသည်။

**ကြေးမုံ**



# ကမ္ဘာ့ကြက်ခြေနီနေ့အခမ်းအနား တောင်ကြီးတွင် ကျင်းပ



ရှမ်းပြည်နယ်ကြက်ခြေနီအသင်းအတွက် အလှူငွေပေးအပ်သော ကမ္ဘောဇဘဏ်လပ်မြေစက်ရုံမှ တာဝန်ရှိသူတစ်ဦးအား ရှမ်းပြည်နယ်ကြက်ခြေနီ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာလှအေးက ဂုဏ်ပြုမှတ်တမ်းလွှာကို ပေးအပ်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ခန်းမအတွင်း ခင်းကျင်းပြသထားသော ပြခန်းများကို လှည့်လည်ကြည့်ရှုကြကြောင်းသိရသည်။

မောင်မောင်သန်း(တောင်ကြီး)

**တောင်ကြီး မေ ၁၅**

၂၀၁၈ ခုနှစ် နှစ်(၇၀)မြောက် ကမ္ဘာ့ကြက်ခြေနီနေ့အထိမ်းအမှတ်အခမ်းအနားကို မေ ၁၅ ရက် နံနက် ၉ နာရီက တောင်ကြီးမြို့ မြန်မာနိုင်ငံဆရာဝန်အသင်းရုံး၌ ကျင်းပသည်။

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က ကြက်ခြေနီလူမှုကရုဏာလုပ်ငန်းများကို စတင်မျိုးစေ့ချပေးခဲ့သည့် ဟင်နရီဒူးနန့်ကို ဂုဏ်ပြုသောအားဖြင့် ၎င်းမွေးနေ့ဖြစ်သော မေ ၈ ရက်ကို ကမ္ဘာ့ကြက်ခြေနီနေ့အဖြစ် သတ်မှတ်ခဲ့ကြပြီး ၁၉၄၈ ခုနှစ်မှ စတင်ကာ နှစ်စဉ် မေ ၈ ရက်ရောက်တိုင်း ကမ္ဘာ့ကြက်ခြေနီနေ့ အခမ်းအနားကို ကမ္ဘာတစ်ဝန်းလုံးရှိ အမျိုးသားကြက်ခြေနီအသင်းများက ကျင်းပခဲ့ကြောင်း၊ ကြက်ခြေနီလူမှုကရုဏာလုပ်ရှားမှုများကို မွန်မြတ်သောစိတ်ဓာတ်နှင့် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသော ကြက်ခြေနီ စေတနာလုပ်အားရှင်များကို ဂုဏ်ပြုမှတ်တမ်းတင်ခြင်း၊ ထူးချွန်ဆုများ အပ်နှင်းခြင်းများကို ပြုလုပ်လေ့ရှိပါကြောင်း၊ ရှမ်းပြည်နယ် ကြက်ခြေနီတပ်ဖွဲ့ဝင်များသည် လူထုအခြေပြု ငှက်ဖျားရောဂါတိုက်ဖျက်ရေးလုပ်ငန်းများအပါအဝင် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ကလေးသူငယ်နှင့် သက်ကြီးရွယ်အိုစောင့်ရှောက်ရေး လုပ်ငန်းများ၊ ဘေးဒုက္ခကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ရေးလုပ်ငန်းများ၊ ရှေးဦးပြုစုခြင်းလုပ်ငန်းများနှင့် ဘာသာရေး၊ လူမှုရေးလုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်ပေးနေသည်ကို ဂုဏ်ယူပါကြောင်း ပြောကြားသည်။

၂၀၁၇ ခုနှစ်တွင် ကြက်ခြေနီထူးချွန်ဆုရရှိသူများနှင့် ရခိုင်ပြည်နယ်သို့ သွားရောက်၍ လူမှုကရုဏာ လုပ်ငန်းများကို ထမ်းဆောင်ခဲ့သော တပ်ဖွဲ့ဝင် ၁၀ ဦးတို့အားပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က ဆုချီးမြှင့်ပေးအပ်ပြီး ရာသက်ပန်ကြက်ခြေနီအသင်းဝင် ဂုဏ်ပြုလွှာများကို ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းက ချီးမြှင့်သည်။

## မိတ္ထီလာခရိုင်တွင် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ ကျပ်သန်းပေါင်းသုံးသောင်းကျော် ထုတ်ချေးမည်

**မိတ္ထီလာ မေ ၁၅**

မိတ္ထီလာခရိုင်တွင် မိတ္ထီလာ၊ မလှိုင်၊ ဝမ်းတွင်း၊ သာစည်မြို့နယ် လေးခုမှ ဒေသခံတောင်သူများအား ၂၀၁၈ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ ကျပ်သန်းပေါင်း သုံးသောင်းကျော်ကို မေ ၁၇ ရက်တွင် စတင် ထုတ်ချေးသွားမည်ဖြစ်ကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (မိတ္ထီလာ)ခရိုင်မန်နေဂျာ ဦးဝင်းဇော်ထံမှ သိရသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (မိတ္ထီလာ) ခရိုင်မန်နေဂျာဦးဝင်းဇော်က "မိတ္ထီလာခရိုင်အတွင်းမှာပါဝင်တဲ့ မိတ္ထီလာ၊ မလှိုင်၊ ဝမ်းတွင်း၊ သာစည်မြို့နယ် လေးခုက ဒေသခံ တောင်သူတွေကို ဒီနှစ်မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေကျပ်သန်းပေါင်း သုံးသောင်းကျော်ကို မေ ၁၇ ရက်မှာ စတင် ထုတ်ချေးပေးသွားမှာ ဖြစ်ပါတယ်၊ စပါးစိုက်ပျိုးစရိတ်ချေးငွေ တစ်ဧက ကျပ် ၁၅၀၀၀၀၊ အခြားသီးနှံ တစ်ဧက ကျပ် ၅၀၀၀၀ နှုန်းနဲ့ ထုတ်ချေးသွားမှာဖြစ်ပြီး ခရိုင်တစ်ခုလုံး အနေနဲ့ စပါးနဲ့ အခြားသီးနှံစုစုပေါင်း ၃၃၅၁၀၈ ဧကအတွက် စုစုပေါင်းလျာထားထုတ်ချေးငွေ ကျပ်သန်းပေါင်း ၃၁၃၁၁ ဒသမ ၂၀ သန်းကို ထုတ်ချေးပေးသွားမှာဖြစ်ပါတယ်" ဟု ပြောသည်။

စပါးနှင့်အခြားသီးနှံများအတွက် မြို့နယ်အလိုက် ထုတ်ချေးငွေများကို မိတ္ထီလာတွင် စုစုပေါင်းဧက ၆၃၇၅၀၊ ချေးငွေပေါင်း ငွေကျပ် ၅၁၃၇ ဒသမ ၅၀ သန်း၊ မလှိုင်တွင် စုစုပေါင်း ဧက ၈၈၁၀၀၊ ချေးငွေပေါင်း ငွေကျပ်သန်း ၅၃၀၅ ဒသမ ၀၀ သန်း၊ သာစည်တွင် စုစုပေါင်း ၈၂၇၅၈ ဧက၊ ချေးငွေပေါင်း ၈၇၂၃ ဒသမ ၇၀ သန်း၊ ဝမ်းတွင်းတွင် စုစုပေါင်း ဧက ၁၀၀၅၀၀၊ ချေးငွေပေါင်း ငွေကျပ် ၁၂၁၄၅ ဒသမ ၀၀ သန်း အသီးသီး လျာထားထုတ်ချေးမည်ဖြစ်သည်။

ယခုနှစ်မိုးရာသီစိုက်ပျိုးစရိတ်ထုတ်ချေးငွေများအားလုံးကို မေ ၁၇ ရက်မှ ဇွန် ၃၀ ရက်အတွင်း ပြီးစီးအောင် ထုတ်ချေးပေးသွားမည်ဖြစ်သည်။ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးရာတွင် ယခင်က ဝိုင်းကြီးချုပ်စနစ်ဖြင့် တစ်ဦးကိုတစ်ဦး အပြန်အလှန် အာမခံ၍ ထုတ်ချေးခြင်းဖြစ်သော်လည်း ယခုနှစ်မှစတင်၍ တောင်သူတစ်ဦးချင်းအား စာချုပ်ချုပ်ဆို၍ ထုတ်ချေးမည်ဖြစ်ကာ ချေးငွေထုတ်ယူသူတောင်သူများအနေဖြင့် ၎င်း၏ လယ်မြေယာမြေလုပ်ပိုင်ခွင့်လက်မှတ် ပုံစံ ၇ ကို ချေးငွေအာမခံအဖြစ် ဘဏ်သို့ပေးအပ်ထားရမည်ဖြစ်ပြီး ချေးငွေ၊အတိုးငွေနှင့် ဒဏ်တိုးငွေများ ကျေအောင်ပေးဆပ်ပြီးမှသာ ပုံစံ ၇ ကို ပြန်လည်ပေးအပ်မည်ဖြစ်သည်။

ယခင်နှစ်က မိတ္ထီလာခရိုင်အတွင်း စပါးနှင့် အခြားသီးနှံစုစုပေါင်း ၃၂၀၂၁၆ ဧကအတွက် စုစုပေါင်း မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေကျပ်သန်းပေါင်း ၃၀၃၁၉ ဒသမ ၅၀သန်းကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)

## မန္တလေးတိုင်းဒေသကြီးအတွင်း သဘာဝဘေးကြောင့် ပတ်ဝန်းကျင်ထူးခြားမှုရှိပါက မီးသတ်ဦးစီးဌာန Hot Line ဖုန်းနံပါတ်များသို့ဆက်သွယ်နိုင်

**မန္တလေး မေ ၁၅**

မန္တလေးတိုင်းဒေသကြီးအတွင်း လေပြင်းတိုက်ခတ်ခြင်း၊ မိုးသီးကြွေခြင်း၊ သစ်ပင်ပြိုလဲခြင်း စသည့် သဘာဝဘေးကြောင့် ပတ်ဝန်းကျင်တွင်ထူးခြားမှုရှိပါက မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန Hot Line ဖုန်းနံပါတ်များသို့ ဆက်သွယ်အကူအညီတောင်းခံနိုင်ကြောင်းသိရသည်။

မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနသည် သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လာပါက အချိန်နှင့်တစ်ပြေးညီ ကယ်ဆယ်ပေးနိုင်ရန် ဇာတ်တိုက်လေ့ကျင့်မှုများ ဆောင်ရွက်လျက်ရှိသည်။ မေ ၁၃ ရက်ကလည်း ချမ်းမြသာစည်မြို့နယ် အရိုးအထူးကုဆေးရုံကြီးတွင် ငလျင်ဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အရပ်ဘက်အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ဇာတ်တိုက်လေ့ကျင့်ခဲ့သည်။

ပြည်ထောင်စုအစိုးရဘတ်ဂျက်အပြင် တိုင်းဒေသကြီးအစိုးရဘတ်ဂျက်ဖြင့်ပါ သဘာဝဘေးအတွက်ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးထားကြောင်း၊ အကြောင်းကြားလာလျှင် ချက်ချင်းသွားရောက်ကူညီနိုင်ရန် တပ်ဖွဲ့ဝင်များကို အသင့်ဖွဲ့စည်းထားကြောင်း မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းဇော်ဦးက ပြောသည်။

မေလဆန်းက မန္တလေးခရိုင်အတွင်း မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် သစ်ပင်များ၊ ဓာတ်တိုင်များပြိုလဲမှုဖြစ်စဉ်များတွင် မီးသတ်တပ်ဖွဲ့ဝင်များက အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း ၎င်းကထပ်လောင်းပြောကြားသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း သဘာဝဘေးကြောင့် ထူးခြားမှုများရှိပါက ဗဟိုမီးသတ်စခန်းဖုန်း ၁၉၁၊ ၀၂-၄၀၆၀၇၃၉၊ ၀၂-၄၀၆၀၇၃၈၊ ၀၂-၄၀၆၀၇၄၀ နှင့်ဗဟိုအော်ပရေတာ ဖုန်း ၀၉-၃၃၃၆၆၇၀၁ တို့သို့ ၂၄ နာရီဆက်သွယ်အကူအညီ တောင်းခံနိုင်ကြောင်း သိရသည်။

သီဟကိုကို(မန္တလေး)

## တာချီလိတ်ခရိုင် ပြည်သူ့ဆေးရုံသို့ ကျောက်ကပ်ဆေးစက်နှစ်လုံးလှူဒါန်း

**တာချီလိတ် မေ ၁၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ အပါအဝင် မြို့မီးလင်းရေးကော်မတီနှင့် မြို့မီးလင်းရေးရုံးခွဲတို့ ပူးပေါင်း၍ ခရိုင်ပြည်သူ့ဆေးရုံကြီးသို့ ငွေပဒေသာပင် မတည်ရန်ပုံငွေကျပ်သိန်း ၆၀၀၊ ကျောက်ကပ်ဆေးစက်နှစ်လုံးဝယ်ယူတပ်ဆင်ရန်နှင့် မီးသဂြိုဟ်စက် တည်ဆောက်ရန်အတွက် အလှူငွေများပေးအပ်ပွဲကို မေ ၁၄ ရက် နံနက်ပိုင်းက မြို့မီးလင်းရေးကော်မတီရုံး၌ ကျင်းပခဲ့ကြောင်း သိရသည်။

ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကော်မတီက ထောက်ပံ့နေမှုများ၊ ဆက်လက်ဆောင်ရွက်သင့်သည့် အစီအစဉ်များ၊ ခရိုင်ပြည်သူ့ဆေးရုံသို့ ထာဝရငွေပဒေသာပင်အတွက် ရန်ပုံငွေမတည်စိုက်ထူပေးခြင်းနှင့် သုံးစွဲစေလိုသည့် အစီအစဉ်များကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေမှ ငွေကျပ်သိန်း ၁၀၀၊ မြို့မီးလင်းရေးကော်မတီမှ ငွေကျပ်သိန်း ၅၀၀၊ တာချီလိတ်မြို့တိုင်းရင်းသားပေါင်းစုံ မီးသဂြိုဟ်စက်အတွက် ထိုင်းဘတ်ငွေ တစ်သန်းနှင့် ကျောက်ကပ်ဆေးစက်ဝယ်ယူရန် ငွေကျပ်သိန်း ၂၀၀၊ မြို့မီးလင်းရေးရုံးခွဲမှ ကျောက်ကပ်ဆေးစက် ဝယ်ယူရန် ငွေကျပ်သိန်း ၂၀၀ တို့ကို မြို့မီးလင်းရေးကော်မတီ နာယကနှင့် အဖွဲ့ဝင်များက ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်း သိရသည်။



အလှူငွေပေးအပ်ပွဲသို့ မြို့မီးလင်းရေးကော်မတီ နာယကများ၊ကော်မတီဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေနှင့် အဖွဲ့ဝင်များ၊ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး၊ ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာရွှေဝင်းနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဝေယံလင်း(ပြန်/ဆက်)

## စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဓာတ်အားခွဲရုံ သုံးရုံထပ်မံတည်ဆောက်ပေးသွားမည်

**မုံရွာ မေ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကျေးလက်ဒေသနေပြည်သူများအား လျှပ်စစ်မီး တိုးချဲ့ဖြန့်ဖြူးပေးနိုင်ရန်အတွက် 33KV,10MVA ဓာတ်အားခွဲရုံ သုံးရုံအား ဧပြီလမှစက်တင်ဘာလအတွင်း ထပ်မံတည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာမှူးရုံးမှ သိရသည်။

ပြည်ထောင်စု ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ချောင်းဦးမြို့နယ် အမြင့်ကျေးရွာနှင့် ကောလင်းမြို့နယ် ရွှေတွင်းကျေးရွာအနီးတွင် တည်ဆောက်မည့် 33KV,10MVA ဓာတ်အားခွဲရုံ၊ စစ်ကိုင်းမြို့နယ် မင်းကွန်းတွင်တည်ဆောက်မည့် 33KV,10MVA ဓာတ်အားခွဲရုံတို့အား ဧပြီလမှ စက်တင်ဘာလအတွင်း တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ 33KV,10MVA ဓာတ်အားခွဲရုံများ တည်ဆောက်ပြီးစီးပါက ချောင်းဦးမြို့နယ် အမြင့်ကျေးရွာအနီးဝန်းကျင် ကျေးရွာ ၂၅ ရွာနှင့် အိမ်ထောင်စု ၂၅၀၀ သို့လည်းကောင်း၊ ကောလင်းမြို့နယ် ရွှေတွင်းကျေးရွာ အနီးဝန်းကျင် ကျေးရွာ ၂၄ ရွာနှင့် အိမ်ထောင်စု ၄၃၂၀ သို့လည်းကောင်း၊ စစ်ကိုင်းမြို့နယ် မင်းကွန်းနှင့်အနီး ဝန်းကျင်ကျေးရွာ ၂၅ ရွာနှင့် အိမ်ထောင်စု ၆၂၅၀ သို့လည်းကောင်း လျှပ်စစ်ဓာတ်အားတိုးချဲ့ဖြန့်ဝေပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဝင်းဦး(ဓေယျာတိုင်း)

## မြစ်ကြီးနားမြို့တွင် နွေစပါးစံကွက်ရိတ်သိမ်း၊ အခြောက် တင်း ၁၅၀ ထွက်ရှိ

**မြစ်ကြီးနား မေ ၁၅**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်အတွင်း နွေစပါးစိုက်ရာသီတွင် မေ ၁၅ ရက်က စံကွက်ရိတ်သိမ်းရာ၌ အထွက်တိုးတရုတ်စပါးမျိုးမှတစ်ဧကလျှင် စပါးတင်း ၁၅၀ (အခြောက်)ထွက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးခင်မောင်အေးထံမှ သိရသည်။

"ကျွန်တော်တို့ မြို့နယ်အတွင်းမှာ နွေစပါးစိုက်ဧက ၂၀ သာစိုက်ပျိုးနိုင်ခဲ့ပေမယ့် စပါးစိုက်တောင်သူတွေအတွက် စိုက်ပျိုးရေးအသိပညာတိုးပွားရေး၊ စိုက်နည်းစနစ်မှန်ကန်ရေးနဲ့ မျိုးကောင်းမျိုးသန့် စပါးမျိုးများအသုံးပြုနိုင်ရေးတို့ကို မြေပြင်အထိ ကွင်းဆင်းအသိပညာပေးမှုတွေ ဆောင်ရွက်ပေးခဲ့ပါတယ်" ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူးက ရှင်းလင်းပြောကြားသည်။

အဆိုပါ နွေစပါးစံကွက်ရိတ်သိမ်းပွဲကို မေ ၁၅ ရက် နံနက် ၈ နာရီခွဲက မြစ်ကြီးနားမြို့ တပ်ကုန်းရပ်ကွက်ရှိ တောင်သူဦးဘောမ်ယော်၏ ကွင်းအမှတ်(၆၂)၊ဦးပိုင်အမှတ် (၅၆/၅၈)တွင် ကျင်းပရာ အထွက်တိုး တရုတ်စပါးမျိုး (Long-8)အား ခြောက်ပေ ခြောက်လက်မရှိ စံကွက်တွင် ရိတ်သိမ်းရာ စပါးတစ်ဧကလျှင် အစို ၁၇၁ တင်းထွက်ရှိပြီး အခြောက်တင်း ၁၅၀ ထွက်ရှိကြောင်း သိရသည်။

ဦးလေးကြီး

# ရေတာရှည်မြို့နယ်အတွင်း စစ်တောင်းမြစ်ကူးတံတားတစ်စင်း တည်ဆောက်မည့်နေရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ကွင်းဆင်းကြည့်ရှု

**ရေတာရှည် မေ ၁၅**

ရေတာရှည်မြို့နယ် ကျွဲရိုင်းပြင်ကျေးရွာအနီး၌ စစ်တောင်းမြစ်ကူးတံတားတစ်စင်း တည်ဆောက်မည့်နေရာသို့ မေ ၁၄ ရက် မွန်းလွဲပိုင်းက ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့သည်။

ပဲခူးတိုင်းဒေသကြီး လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ) ဦးဇော်ထွန်းက ရေတာရှည်မြို့နယ် ကျွဲရိုင်းပြင်ကျေးရွာနှင့် တောင်ငူမြို့နယ် ကရင်ချောင်းကျေးရွာတို့အား ဖြတ်သန်းပြီး စစ်တောင်းမြစ်ကူးတံတားတစ်စင်း ဆောက်လုပ်ရန် စီစဉ်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က စစ်တောင်းမြစ်ကူးတံတား တည်ဆောက်ခြင်းသည် စစ်တောင်းမြစ် အရှေ့ဘက်ကမ်းရှိ တိုင်းရင်းသားပြည်သူများ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးများ ဖွံ့ဖြိုးတိုးတက်လာစေရန် ဖြစ်ကြောင်း၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ခြင်းအားဖြင့် စီးပွားရေးကူးလူးဆက်ဆံမှုများမှ တစ်ဆင့် တစ်ဒေသနှင့် တစ်ဒေသ၊ လူမျိုးတစ်မျိုးနှင့် တစ်မျိုး ယုံကြည်မှုများ ပိုမိုရရှိလာကာ အစိုးရမှ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား အထောက်အကူ



ပြုရာလည်းရောက်ကြောင်း၊ တံတားတည်ဆောက်ရေးနှင့်ပတ်သက်၍ သတ်မှတ်စံချိန်စံညွှန်းများနှင့် အညီ တည်ဆောက်သွားရန် လိုအပ်ကြောင်း၊ လမ်းအူကြောင်းနှင့် တံတားချဉ်းကပ်လမ်းများ ဖောက်လုပ်ရာတွင် လမ်းအတွက် လိုအပ်သည့် ဧရိယာကိုသာ အသုံးပြုရန်နှင့် ဒေသခံပြည်သူများကိုလည်း သေချာစွာ အသိပေးရန်မှာကြားခဲ့သည်။

ရေတာရှည်မြို့နယ်အတွင်းတည်ဆောက်သည့် စစ်တောင်းမြစ်ကူးတံတားသစ်သည် ရေတာရှည်မြို့နယ် ကျွဲရိုင်းပြင်ကျေးရွာဘက်မှ တံတားချဉ်းကပ်လမ်း တစ်မိုင် နှစ်ဖာလုံ၊ တောင်ငူမြို့နယ် ကရင်ချောင်းကျေးရွာဘက်မှ တံတားချဉ်းကပ်လမ်း တစ်မိုင် နှစ်ဖာလုံနှင့် တံတားအရှည်မှာ ပေ ၅၀၀ ရှိမည်ဖြစ်သည်။ ရေတာရှည်-ကရင်ချောင်း-လိပ်သိုလမ်းပေါ်တွင်ရှိပြီး ဆောက်လုပ်ပြီးစီးပါက ကရင်ပြည်နယ်၊ ကယားပြည်နယ်တို့နှင့် တိုက်ရိုက်ချိတ်ဆက်၍ နေပြည်တော်နှင့်အနီးဆုံး ဖြတ်လမ်းတစ်ခုလည်း ဖြစ်လာနိုင်မည်ဖြစ်သည်။

**တင်စိုး(ပဲခူး)**

# ဘားအံခရိုင်နှင့် ဖာပွန်ခရိုင်ချင်းဆက်သွယ်ပေးသော ချောင်းညီနောင် ချောင်းကူးတံတားသစ် တည်ဆောက်နေမှု ၉၀ ရာခိုင်နှုန်းပြီးစီး

**ကမမောင်း မေ ၁၅**

ကရင်ပြည်နယ် ဘားအံခရိုင်နှင့် ဖာပွန်ခရိုင်အား ဆက်သွယ်ပေးထားသော ဝါးဘိုးတော-ကမမောင်း-ဖာပွန်ကားလမ်းမိုင်တိုင် (၃၀/၆-၃၀/၇) တွင်တည်ရှိသော တံတားအမှတ်- ၂/၃၀ ချောင်းညီနောင် ချောင်းကူးသစ်သားဘေလီတံတားအမျိုးအစားသည် နှစ်ကာလကြာမြင့်လာ၍တံတားခံနိုင်ဝန်အင်အားကျဆင်းလာသည့်အတွက် ယင်းတံတား၏ဘေးတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တံတားအထူးအဖွဲ့ ၁၄ မှ ချောင်းညီနောင်တံတားစီမံကိန်းအဖြစ် သံကူကွန်ကရစ်+ Plate Girderတံတားအမျိုးအစားကို တည်ဆောက်ပေးလျက်ရှိသည်။

ချောင်းညီနောင်တံတားစီမံကိန်းသည် သံကူကွန်ကရစ်တံတားအရှည် ၉၁ ဒသမ ၄၄မီတာ (၃၀၀ပေ)တံတားခန်းဖွင့်ဖွဲ့စည်းပုံ ၃၆ ဒသမ ၅၈ မီတာ × ၁ခန်း + ၁၈ ဒသမ ၂၉ မီတာ × ၃ခန်း၊ တံတားအကျယ် ၉ ဒသမ ၁၄မီတာ၊ ယာဉ်သွားလမ်း အကျယ် ၇ ဒသမ ၃၂ မီတာ၊ လူသွားလမ်းအကျယ် တစ်ဖက်လျှင် သုည ဒသမ ၉၁ မီတာ၊ ရေလမ်းကင်းလွတ် အကျယ် ၃၁ ဒသမ ၃၉မီတာ၊ အမြင့် သုည ဒသမ ၉၁ မီတာဖြစ်ပြီး ခွင့်ပြုယာဉ်အလေးချိန်မှာ တန် ၆၀ ဖြစ်သည်။ အဆိုပါ ချောင်းညီနောင် ချောင်းကူးတံတားအား တည်ဆောက်လျက်ရှိရာ ၉၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်သည်။

သံကူကွန်ကရစ်အမျိုးအစား ချောင်းညီနောင်တံတားသစ်တည်ဆောက်ပြီးစီးတော့မည်ဖြစ်သည့်အတွက် ဝါးဘိုးတော-ကမမောင်း-ဖာပွန်ကားလမ်းကို ဒေသခံတိုင်းရင်းသားပြည်သူများ အချိန်မရွေး၊ ရာသီမရွေးဖြတ်သန်းသွားလာနိုင်ကြတော့မည်ဖြစ်ရာ ဒေသ၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးတို့ကို အဘက်ဘက်မှအထောက်အကူပြုစေမည့် ချောင်းကူးတံတားသစ်တစ်စင်းဖြစ်ကြောင်း သိရသည်။

**ကမမောင်း(ပြန်/ဆက်)**



# ဝေန်မြစ်ရေကာတာတမံအနီး မြစ်ကမ်းပါးရေတိုက်စားမှု မြစ်ကမ်းထိန်းသိမ်းခြင်း လုပ်ငန်းများဆောင်ရွက်

**လေးမျက်နှာ မေ ၁၅**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ် ဝေန်မြစ်ရေကာတာတမံ ၃၂/၁-၃၂/၂+၅၂၀ ပေတွင် မြစ်ကမ်းပါးရေတိုက်စားမှုကြောင့် ကမ်းပါးအက်ကွဲကြောင်းများဖြစ်ပေါ်လာပြီး တာတမံနှင့် အလွန်နီးကပ်လာမှုကြောင့် မြစ်ကမ်းပါးပြိုခြင်းနှင့် တာတမံထိခိုက်ပျက်စီးမှုမရှိစေရန် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက မြစ်ကမ်းထိန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ထားကြောင်းသိရသည်။

မြစ်ကမ်းထိန်းသိမ်းခြင်းလုပ်ငန်းတွင် ကမ်းပါးအက်ကွဲကြောင်းဖြစ်ပေါ်သည့် နေရာများတွင် ရေလွှဲတန်းများတည်ဆောက်ခြင်း၊ ကမ်းခြေထိန်းတန်း တည်ဆောက်ခြင်း၊ ကွန်ကရစ်ဆူးတိုင်များချခြင်း၊ မြစ်ကမ်းဆင်ခြေလျှောပြုလုပ်ပြီး မြက်စိုက်ခြင်းလုပ်ငန်းဆောင်ရွက်ထားရှိပြီး ဝေန်တာမိုင်၃၂/၁-၃၂/၂+၅၂၀ ပေအတွင်း ပန်းတာအသစ်တည်ဆောက်၍ ရေဘေးကာကွယ်ထားကြောင်း ဟင်္သာတခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

ထိုသို့ဆောင်ရွက်ထားခြင်းကြောင့် ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ်နှင့် ပုသိမ်ခရိုင်အတွင်းရှိ ရေကြည်၊ ငါးသိုင်းချောင်း၊ အသုတ်၊ ကျုံပျော်မြို့နယ်များအား ရေကြီးနစ်မြုပ်မှု ကာကွယ်ပေးနိုင်ရုံသာမက ဆက်သွယ်ရေးလမ်းများနှင့် လယ်မြေ ၃၆၃၃၅ ဧကအား ရေကြီးနစ်မြုပ်ပျက်စီးမှုမှ ကာကွယ်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကျော်ကျော်(ပြန်/ဆက်)**

# မိုးရာသီကာလ သစ်ပင်များစိုက်ပျိုးသွားမည်

**ရေး မေ ၁၅**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန မွန်ပြည်နယ် သစ်တောဦးစီးဌာန အနေဖြင့် ရေးမြို့နယ်အတွင်းရှိ မာန်အောင်သစ်တောကြိုးဝိုင်းတွင် ဧကပေါင်း ၂၀၀ ၌ သစ်မာ၊ သက်န်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ သစ်ပင် ပျိုးပင်များ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သစ်တောဦးစီးအရာရှိ ဦးစိုးဝင်းက ပြောသည်။

“သဘာဝပတ်ဝန်းကျင်တစ်ခွင်လုံး စိမ်းလန်းစိုပြည်ရေး၊ ကမ္ဘာကြီးပူနွေးလာမှု လျော့ကျစေဖို့နဲ့ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်သလို တောရိုင်းတိရစ္ဆာန်တွေ မှီခိုအားထားရာဂေဟာစနစ်တွေ ထိန်းသိမ်းတဲ့အနေနဲ့ နိုင်ငံတော်အစိုးရရဲ့ လမ်းညွှန်ချက်တွေနဲ့အညီ စိုက်ပျိုးရခြင်းဖြစ်ပါတယ်”ဟု သစ်တောဦးစီးအရာရှိ ဦးစိုးဝင်းက ဆက်လက်ပြောကြားသည်။

အံဒင်ကျေးရွာတွင် ဧက ၂၀ အတွင်း သမဲ့ပင်၊ ဗျူးရွှေဝါ၊ ဒီရေတောသစ်ပင် ၂၄၀၀၀ ကျော်ခန့် ထပ်မံစိုက်ပျိုးသွားရန်ရှိနေပြီး သဘာဝတော တန်ဖိုးမြှင့်စိုက်ပျိုးခြင်းအနေဖြင့် ရေးချောင်းသစ်တောကြိုးဝိုင်း ဧက ၅၀ တွင် ပျဉ်းကတိုး၊ သက်န်းပျိုးပင်ပေါင်း ၃၅၀၀ ခန့်စိုက်ပျိုးပေးသွားမည့်အပြင် ပြည်သူလူထု ဖြန့်ဝေပေးခြင်းအစီအစဉ်ကို ကျွန်း၊ ပျဉ်းကတိုး၊ မန်ဂျန်ရှား၊ ယူကလစ်၊ မဟော်ဂနီ၊ ခရေစသည့် ပျိုးပင်ပေါင်း ၂၅၀၀၀ ကျော်ခန့်ကို ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းထွန်း(ရေး)**

# ဝင်းကဒတ်ချောင်းပြန်လည်တူးဖော်ခြင်းကြောင့် ဝေါမြို့နယ်အတွင်းရှိလယ်မြေများ ရေကြီးနစ်မြုပ်မှုလျော့ပါးလာတော့မည်

**ဝေါ မေ ၁၅**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်အတွင်းရှိ ဝင်းကဒတ်ချောင်းသည် လယ်မြေများ ရေကြီးနစ်မြုပ်မှု လျော့ပါး သက်သာစေရေးအတွက် စစ်တောင်းမြစ်အတွင်းသို့ ရေထုတ်နုတ်ပေးလျက်ရှိသော အလျား ၁၃ မိုင်ရှိသည့် အဓိကရေနုတ်မြောင်းတစ်ခုဖြစ်ပြီး စစ်တောင်းမြစ်၏ ဒီရေအတက်အကျနှင့်အတူ ပါဝင်လာသော နုန်းအနည်အနှစ်များကြောင့် စစ်တောင်းမြစ်အတွင်းစီးဝင်သည့် ချောင်းအဝ အလျား ငါးမိုင်ခန့်မှာ တိမ်ကောလာပြီး ရေထုတ်နုတ်နိုင်မှု လျော့နည်းလာကာ လယ်မြေဧရိယာ ၁၀၀၀၀ ခန့်ကို ရေကြီးနစ်မြုပ်မှုများ ဖြစ်ပေါ်စေလျက်ရှိသည်။



ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ မိုးရာသီမတိုင်မီ လုပ်ငန်းပြီးစီးနိုင်ရေးအတွက် စက်ယန္တရားများဖြင့် အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက် ရှိကြောင်း သိရသည်။

ဝေါမြို့နယ် ဝင်းကဒတ်ရွာနေ အဘ ဦးတင်စိန်က “အဘက မိုးစပါး ၁၈ ဧကစိုက်တယ်၊ စစ်တောင်းမြစ်ထဲ ရေမဆင်းနိုင်တော့ နှစ်တိုင်း မိုးစပါးတွေ ရေမြုပ်ပျက်စီးတယ်၊ အခု ဒီလို ချောင်းပြန်တူးပေးတော့ ဝေါမြို့နယ်ထဲက ဘုရားပျို၊ ကတွတ်၊ ဇီးဖြူကုန်း၊တောကြီး၊ ဝင်းကဒတ်၊ ကျုံရဲ့၊ ရှမ်းကိုင်း ကျေးရွာအုပ်စုတွေက လယ်တွေအပြင် သနပ်ပင်ထဲက ကျုံပါ၊ သနပ်တန်းစတဲ့ အုပ်စုထဲကလယ်တွေပါ ရေနစ်တဲ့ဒဏ်က သက်သာသွားမှာ၊ ဆောင်းသီးနှံလည်း အချိန်မီစိုက်လို့ရတော့မှာပါ’ ဟု ဝမ်းပန်းတသာ ပြောသည်။

ဝေါမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးကြည်က “ဝင်းကဒတ်ချောင်းက စစ်တောင်းမြစ်ရဲ့ ဒီရေအတက်အကျနဲ့ပါလာတဲ့ နုန်းတွေကြောင့် ရေစီးရေလာမကောင်းတော့ဘဲ ၂၀၁၆ ခုနှစ်က စပြီး မိုးစပါးတွေ ရေကြီးနစ်မြုပ်မှုဖြစ်ခဲ့တယ်၊ ဒါကြောင့် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနနဲ့အတူ ကွင်းဆင်းစစ်ဆေးပြီး တိုင်းဒေသကြီး အစိုးရရန်ပုံငွေနဲ့ ဝင်းကဒတ်ချောင်း ပြန်လည်တူးဖော်ပေးဖို့ လွှတ်တော်မှာ တင်ပြခဲ့ပါတယ်၊ ယခုလို ဆောင်ရွက်ပေးမှုကြောင့် မိုးစပါးဧက တစ်သောင်းခန့် ရေကြီးနစ်မြုပ်တာကို လျော့ပါးသက်သာစေမှာဖြစ်ပါတယ်”ဟု ပြောသည်။

ဝင်းကဒတ်ချောင်းသည် စုစုပေါင်း အလျား ၁၃ မိုင် ရှိပြီး ယခုနှစ်မိုးရာသီမတိုင်မီ နုန်းဝင်ရောက်မှုများပြားသည့် စစ်တောင်းမြစ်နှင့်ဆက်စပ်နေသည့် အဆုံးပိုင်း ငါးမိုင်ကို ဦးစားပေးတူးဖော်သွားမည်ဖြစ်သည်။ အောက်ခြေအကျယ် ၂၂ ပေ၊ ပျမ်းမျှအနက် ငါးပေနှင့် မြေကြီးလုပ်ငန်းပမာဏ ၃၇၆၈၇ ကျင်းကိုဆောင်ရွက်ရမည်ဖြစ်ပြီး ၂၀၁၈ ခုနှစ် မေလ တတိယပတ်အတွင်း ပြီးစီးအောင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သူရိန်ထွန်း(ပဲခူး)**

# ထူးခြားမှုများနဲ့ဝေဆာခဲ့တဲ့ ပရီမီယာလိဂ်ရာသီသိမ်းပြီ




ကမ္ဘာပေါ်မှာ လူစိတ်ဝင်စားမှု အမြင့်ဆုံးလိဂ်တွေထဲက တစ်ခုဖြစ်တဲ့ ပရီမီယာလိဂ်ပြိုင်ပွဲဟာ ပြီးခဲ့တဲ့ မေ ၁၃ ရက်မှာ ၁၀ပွဲလုံး တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ယှဉ်ပြိုင်ပြီး ပြီးဆုံးသွားခဲ့ပြီဖြစ်ပါတယ်။ ဒီနှစ်ပရီမီယာလိဂ်ဟာ ရာသီမသိမ်းခင်ကတည်းက ချန်ပီယံအသင်းစောစောစီးစီး ထွက်ပေါ်ခဲ့ပြီး ချန်ပီယံမန်စီးတီးအသင်းဟာ ရမှတ် ၁၀၀ နဲ့ အမှတ်ပေးဖလားကို ရရှိခဲ့တယ်ဆိုတဲ့ မှတ်တမ်းကိုပါ ရယူသွားနိုင်ခဲ့တာဖြစ်ပါတယ်။ ဒီရာသီမှာ အမှတ်ပေး ဖလားပထမနဲ့ ဒုတိယနေရာကို မန်ချက်စတာမြို့ခံအသင်းဖြစ်တဲ့ မန်စီးတီး၊ မန်ယူတို့က ရယူခဲ့သလို မန်စီးတီးက ပရီမီယာလိဂ်ဖလားနဲ့ လိဂ်ဖလားနှစ်လုံးကို ရယူထားပြီး မန်ယူအသင်းကလည်း မေ ၁၉ ရက်မှာ အက်ဖ်အေဖလား ဗိုလ်လုပွဲအဖြစ် ချယ်လ်ဆီးအသင်းနဲ့ ဖလားလုရမှာဖြစ်ပါတယ်။ ဒါကြောင့် ဒီနှစ်ဘောလုံးရာသီ အောင်မြင်မှုကို မန်ချက်စတာ မြို့ခံအသင်းတွေက ပိုင်စိုးထားပြီး မန်ယူအသင်းသာ မေ ၁၉ ရက် ဗိုလ်လုပွဲမှာ ဗိုလ်စွဲခဲ့မယ်ဆိုပြည်တွင်းဖလားသုံးလုံးစလုံး မန်ချက်စတာမြို့မှာပဲ ကွန်းခိုတဲ့ ပထမဦးဆုံးအကြိမ် ဖြစ်လာတော့မှာပါ။ လန်ဒန်မြို့ခံအသင်းတွေဖြစ်တဲ့ အာဆင်နယ်၊ ချယ်လ်ဆီး၊ စပါးအသင်းတို့ရဲ့ ယခုနှစ်အောင်မြင်မှုဟာ မန်ချက်စတာအသင်းတွေရဲ့ အောင်မြင်မှုနဲ့ နှိုင်းယှဉ်ရင် အတော်လေး အားပျော့နေပြီး ချယ်လ်ဆီးနဲ့ မန်ယူအားပြိုင်မှုမှာ ဘယ်အသင်းအသာရမလဲဆိုတာ စိတ်ဝင်စားစရာဖြစ်လာခဲ့ပါတယ်။

စပါးတိုက်စစ်မှူး ဟယ်ရီကိန်းဟာ ပြီးခဲ့တဲ့ နှစ်ရာသီဆက်က သွင်းဂိုး ၂၅ ဂိုးနဲ့ ၂၉ ဂိုး သွင်းယူပြီး ပရီမီယာလိဂ် တစ်နှစ်တာသွင်းဂိုးအများဆုံး ကစားသမားဆု (ရွှေဖိနပ်ဆု)ကို ရရှိခဲ့ပေမယ့် ဒီနှစ်ဘောလုံးရာသီ သွင်းဂိုး ၃၀ ပြည့်အောင်သွင်းယူနိုင်သော်လည်း ရွှေဖိနပ်ဆုနဲ့ လွဲချော်သွားခဲ့ပါတယ်။

ဟယ်ရီကိန်းက ရာသီအစမှာ ခြေစွမ်းအနည်းငယ် ကျဆင်းနေပေမယ့် ရာသီဝက်နောက်ပိုင်း တောက်လျှောက် ခြေစွမ်းပြလာနိုင်ခဲ့သလို သူ့အနေနဲ့ ရွှေဖိနပ်ဆုအတွက် ယုံကြည်မှု အပြည့်ရှိကြောင်း ပြောကြားခဲ့တဲ့အတိုင်း တကယ်လည်း ခြေစွမ်းပြနိုင်ခဲ့တာကိုတွေ့ရပါတယ်။ ဟယ်ရီကိန်းဟာ ပရီမီယာလိဂ်ရာသီသိမ်း လက်စတာနဲ့ပွဲမှာ သွင်းဂိုးနှစ်ဂိုးသွင်းယူနိုင်ခဲ့ပေမယ့် ပရီမီယာလိဂ်ရွှေဖိနပ်ဆုကိုတော့ ဆာလာထံ လက်လွှဲခဲ့ရတာဖြစ်ပါတယ်။

လီဗာပူးတိုက်စစ်မှူး ဆာလာကတော့ ယခုနှစ်ဘောလုံးရာသီအတွင်း သွင်းဂိုး ၃၂ ဂိုးနဲ့ ပရီမီယာလိဂ် ရွှေဖိနပ်ဆုရှင်ဖြစ်ခဲ့ရာ အရင်က ပရီမီယာလိဂ်ရွှေဖိနပ်ဆုရှင်တွေဖြစ်တဲ့ အလန်ရှီးယား၊ စီရိုနယ်လ်ဒို၊ ဆွာရက်ဇ်တို့ရဲ့ တစ်ရာသီသွင်းဂိုး ၃၁ ဂိုးဖြင့် သွင်းဂိုးအများဆုံး ရရှိခဲ့သည့် မှတ်တမ်းတစ်ရပ်ကိုပါ ချိုးဖျက်နိုင်ခဲ့တာဖြစ်ပါတယ်။ ဒီနှစ်ရဲ့ ထူးခြားတဲ့ မှတ်တမ်းတွေကတော့ ပရီမီယာလိဂ်မှာ တစ်ရာသီအတွင်း သွင်းဂိုး ၃၀နဲ့အထက် သွင်းယူနိုင်တဲ့ ကစားသမားနှစ်ဦး ပေါ်ပေါက်ခဲ့ခြင်း၊ ချန်ပီယံဖြစ်ခဲ့တဲ့ မန်စီးတီးက ရမှတ် ၁၀၀ စုဆောင်းနိုင်ခဲ့ခြင်း၊ သွင်းဂိုး ၃၀အထိ သွင်းယူနိုင်ခဲ့တဲ့ တိုက်စစ်မှူးတစ်ဦး ရွှေဖိနပ်ဆုကို မရရှိတဲ့ ပထမဦးဆုံးအကြိမ်ဖြစ်လာခဲ့ခြင်း၊ ယခုနှစ် ရွှေဖိနပ်ဆုရှင် ဆာလာက သွင်းဂိုးစံချိန်တင်ပြီး ဂိုးသွင်းဘုရင်ဖြစ်ခဲ့ခြင်းဆိုတဲ့ ထူးခြားချက်တွေ ရရှိခဲ့တဲ့ ရာသီလို့ ဆိုရမှာဖြစ်ပါတယ်။

# အတည်ပြုဖို့ခက်တဲ့ဝင်းဂါးရဲ့ အနာဂတ်အစီအစဉ်



နည်းပြဝင်းဂါးဟာ ဟက်ဒါဖီးလ်ဒ်နဲ့ ပွဲစဉ်ကို ကိုင်တွယ်အပြီးမှာ ၂၂ နှစ်သက်တမ်းရှိတဲ့ အာဆင်နယ်နည်းပြဘဝကို အဆုံးသတ်လိုက်ပြီဖြစ်ပါတယ်။ အဲဒီပွဲအပြီးမှာ ဝင်းဂါးက လေယာဉ်ပေါ်မှာ တံခွန်တပ်ပြီး "ခရွန်ကီရေ ခင်ဗျားက နောက်အလှည့်ပဲ"လို့ ဖော်ပြချက်တွေဟာ မှားယွင်းတယ်လို့ ဆိုခဲ့ပေမယ့် "ဒါက စေ့ဆော်မှုကြောင့်ဖြစ်ပါတယ်၊ ပရိသတ်တွေအနေနဲ့ စိတ်ပျက်မယ်ဆိုတာ ကျွန်တော်နားလည်ပါတယ်၊ သူတို့က သူတို့မှာရှိတဲ့ငွေပိုငွေလျှံတွေကိုသုံးပြီး ခရီးဝေးထိ လိုက်ပါအားပေးကြရတာဖြစ်ပါတယ်၊ တံခွန်တပ်ပြီး လုပ်တဲ့ကိစ္စက မှားယွင်းပါတယ်၊ ကျွန်တော့်စိတ်ထဲမှာ ပျော်ရွှင်တဲ့ ခံစားချက်သာ ရရှိချင်တာကြောင့် နေ့တိုင်း ကျွန်တော် အနားယူပါတော့မယ်လို့ ကြေညာသင့်ပါတယ်၊ ဘာလို့လဲဆိုရင် ကျွန်တော်အဲလို ကြေညာပြီးကတည်းက သူတို့ရဲ့ အပြုအမူကောင်းတွေ မြင်လာရပါတယ်" လို့ ပြောကြားခဲ့ပါတယ်။

နည်းပြ အာစင်ဝင်းဂါးက လွန်ခဲ့တဲ့ ရက်ပိုင်းက သူ့အနေနဲ့ သူမျှော်လင့်ထားတာထက် ကမ်းလှမ်းမှုအများအပြား ရရှိထားပေမယ့် ပရီမီယာလိဂ်အသင်းတစ်သင်းကို ကိုင်တွယ်ဖို့ဆိုတာတော့ မဖြစ်နိုင်လောက်ဘူးလို့ ပြောကြားထားပါသေးတယ်။ ဝင်းဂါးက အာဆင်နယ်တစ်သင်းတည်းကို ၂၂ နှစ်တာ ကိုင်တွယ်ခဲ့ပြီး ပြီးခဲ့တဲ့ဧပြီလအတွင်းက ရာသီကုန်မှာ နည်းပြဝင်းဂါးနဲ့ လမ်းခွဲတော့မှာဖြစ်ကြောင်းကို အာဆင်နယ်အသင်းဘက်က ကြေညာခဲ့တာဖြစ်ပါတယ်။

ဝင်းဂါးကို အဲဗာတန်အသင်းက ကမ်းလှမ်းထားတယ်ဆိုတဲ့ သတင်းထွက်နေပြီး ဒီကိစ္စရပ်ကို မေးမြန်းခံရချိန်မှာ ဝင်းဂါးက " လောလောဆယ်မှာတော့ ဒါက မဖြစ်နိုင်လောက်ပါဘူး"လို့ ငြင်းဆိုသွားခဲ့တာဖြစ်ပါတယ်။ ဝင်းဂါးကို ပီအက်စ်ဂျီ၊ အဲဗာတန်၊ ပြင်သစ်လက်ရွေးစင်အသင်း၊ အင်္ဂလန်လက်ရွေးစင်အသင်း၊ ဂျပန်လက်ရွေးစင်အသင်းတို့က ကမ်းလှမ်းထားတယ်လို့ ပြင်သစ်ကလာတဲ့ သတင်းရင်းမြစ်တွေက ဖော်ပြခဲ့ကြပါတယ်။

ဒီကိစ္စနဲ့ပတ်သက်ပြီး ဝင်းဂါးက " မျှော်လင့်ထားတာထက်တောင် ပိုများနေပါသေးတယ်၊ ဒါပေမယ့် ကျွန်တော်က ဒါကို စဉ်းစားပြီး သုံးသပ်နေခြင်းတော့ မရှိပါဘူး၊ ကျွန်တော်စာချုပ်ရှိတဲ့ နောက်ဆုံးနေ့အထိ ဒီနေရာမှာ အကောင်းဆုံး လုပ်ဆောင်နိုင်ဖို့ပဲ ဆန္ဒရှိပါတယ်၊ ကျွန်တော်က အမြဲတက်ကြွနေမှာဖြစ်ပါတယ်၊ ကျွန်တော့်ရဲ့ ဦးနှောက်ကလည်း အလုပ်ရဲ့တောင်းဆိုမှုတွေနဲ့ပဲ အမြဲတမ်းတက်ကြွနေပါလိမ့်မယ်၊ ကျွန်တော်က ဒီစီမံခန့်ခွဲမှုအပိုင်းမှာ အတွေ့အကြုံတွေ အများကြီး ရှိပါတယ်၊ အားလုံးကို ခြုံပြီး ပြောရရင်တော့ ကျွန်တော် အလုပ်ဆက်လုပ်ဦးမှာပါ" လို့ ဆိုခဲ့သေးပေမယ့် တစ်ပတ်မပြည့်ခင်မှာပဲ သူ အနားယူမှုသာ ပရိသတ်တွေ အပြုအမူကောင်းတွေ ရှိလာတာကြောင့် နေ့ရက်တိုင်း အနားယူဖြစ်နေမယ်လို့ စကားဦးသမ်းခဲ့ပြန်တာကြောင့် ဝင်းဂါးရဲ့ အနာဂတ်ကို မှန်းဆဖို့ ခက်နေတာဖြစ်ပါတယ်။

ဝင်းဂါးအနေနဲ့ လုံးဝအနားယူဖို့ထက် စီမံခန့်ခွဲရေး ရာထူးတစ်နေရာကို ရယူသွားဖွယ်ရှိနေပြီး အဖြစ်နိုင်ဆုံးကတော့ ပီအက်စ်ဂျီအသင်းက ကမ်းလှမ်းထားတဲ့ အားကစားဒါရိုက်တာရာထူးဖြစ်ကာ ပီအက်စ်ဂျီနည်းပြတာဝန်ကိုတော့ ဒေါ့မွန်နည်းပြဟောင်း တူချယ်လ်က ရယူသွားမယ်လို့ သိရပါတယ်။ ဝင်းဂါးလက်အောက် အာဆင်နယ်အသင်းဟာ ၂၀၁၈ခုနှစ်အတွင်း အင်္ဂလန်မှာ အဝေးကွင်း ရလဒ်အဆိုးဆုံး အသင်းတစ်သင်းအဖြစ် မှတ်တမ်းဝင်သွားပေမယ့် ပရီမီယာလိဂ်ရာသီသိမ်းပွဲစဉ်မှာ ဟက်ဒါဖီးလ်ဒ်အသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ကစားပြီး ၂၀၁၈ခုနှစ်အတွင်း ပထမဦးဆုံး အဝေးကွင်းနိုင်ပွဲကို ရယူနိုင်ခဲ့ပါတယ်။

# ပိုချက်တီနိုအတွက် လွန်ဆွဲကြမယ်

"လာမယ့်ရာသီ ကွင်းသစ်ကြီးမှာ စပါးအသင်းကို ကျွန်တော်ပဲ ဦးဆောင်မှာဖြစ်ပါတယ်"လို့ ပိုချက်တီနိုဆိုခဲ့ပေမယ့် ရီးယဲလ်မက်ဒရစ်၊ ချယ်လ်ဆီးတို့လို ဘဏ္ဍာရေးအင်အားတောင့်တင်းတဲ့ အသင်းကြီးတွေက ကမ်းလှမ်းနေတာကြောင့် ပိုချက်တီနိုဟာ လက်ရှိဥရောပမှာ အသင်းကြီးတွေရဲ့ အလိုရှိခံရဆုံး နည်းပြဖြစ်နေပါတယ်။

ချယ်လ်ဆီးပိုင်ရှင် အေဗရာမိုဗစ်ရဲ့ ထိပ်တန်းပစ်မှတ်က လန်ဒန်မြို့ခံ စပါးအသင်းနည်းပြ ပိုချက်တီနိုဖြစ်တယ်လို့ သတင်းတွေတောက်လျှောက်ထွက်နေပြီး ပိုချက်တီနို စပါးအသင်းမှာ ရရှိနေတဲ့ တစ်နှစ်လလုပ်ခလစာ ပေါင် ၅ ဒသမ ၄၆သန်းရဲ့ နှစ်ဆလောက်ပေးချေဖို့ ဝန်လေးမှာ မဟုတ်ဘူးလို့ သိရပါတယ်။ စပါးအသင်း ဥက္ကဋ္ဌ လီဗိုင်းက အသင်းအတွက် အင်မတန်အရေးပါတဲ့ နည်းပြ ပိုချက်တီနိုကို လက်လွှတ်ခံမှာ မဟုတ်ဘဲ လာမယ့်နွေဈေးကွက် ကစားသမားအပြောင်းအရွှေ့အတွက် ပေါင်သန်း ၁၅၀ ထုတ်ပေးမယ်လို့ ကတိကဝတ်ပြုခဲ့ပါတယ်။

ဒါပေမယ့် ရီးယဲလ်မက်ဒရစ်၊ ချယ်လ်ဆီးအသင်းတို့ဆိုတာက လိုချင်တဲ့နည်းပြကို ကြိုက်ဈေးပေးပြီး ခေါ်နိုင်တဲ့ အစဉ်အလာရှိတာကြောင့် ပိုချက်တီနိုကို ရအောင် ခေါ်ယူပြမယ်ဆိုရင်လည်း ဒါက ထူးဆန်းတဲ့ ကိစ္စရပ်တော့ မဟုတ်ပါဘူး။ ရီးယဲလ်မက်ဒရစ်ကတော့ ချန်ပီယံလိဂ်အောင်မြင်မှုကို ဆက်ထိန်းနိုင်မယ်ဆို ဇီဒန်းကိုသာ ဆက်လက်ကိုင်တွယ်ခိုင်းမယ့် ပုံရှိပေမယ့် ချယ်လ်ဆီးကတော့ ချန်ပီယံလိဂ်ဝင်ခွင့်လွဲချော်ခဲ့တာကြောင့် နည်းပြကွန်တီကို ထုတ်ပယ်ပြီး ပိုချက်တီနိုကို အစားထိုးဖို့ အသင့်ပြင်နေတာဖြစ်ပါတယ်။

ပိုချက်တီနိုဟာ ဆောက်သမ်တန်မှာလည်း အကောင်းဆုံးလူစာရင်းကို ချန်ထားပေးနိုင်ခဲ့သလို စပါးကို ပြောင်းလဲကိုင်တွယ်ရာမှာလည်း ဟယ်ရီကိန်း၊ အယ်လီ၊ ဆွန်ဟောင်မင်တို့လို ကစားသမားတွေကို ဥရောပဘောလုံးစင်မြင့်အထိ ရောက်အောင်တွန်းပို့ပေးနိုင်ခဲ့တဲ့အထိ အကွက်မြင်သူဖြစ်ပါတယ်။ ဒီတော့ ချန်ပီယံဖြစ်ရင်ဖြစ်၊ မဖြစ်တဲ့နှစ်တွေမှာ ရလဒ်ပိုင်း အတက်အကျ ကြမ်းတတ်တာကြောင့် အေဗရာမိုဗစ်က ရလဒ်ပိုင်းတည်ငြိမ်အောင် ဖန်တီးနိုင်စွမ်းမြင့်မားတဲ့ ပိုချက်တီနိုကို မျက်စိကျလာခဲ့တာဖြစ်ပါတယ်။

စပါးအသင်းဟာ ပရီမီယာလိဂ်အသင်းကြီးတွေထဲမှာ ငွေသုံးစွဲနိုင်မှု အားအနည်းဆုံးဖြစ်သလို ပြီးခဲ့တဲ့ နွေဈေးကွက်ဘောလုံးရာသီအတွင်း အသင်းရဲ့အဓိကကစားသမားတွေကို မန်စီးတီးတို့လို ပြိုင်ဘက်အသင်းတွေဆီ ထုတ်ရောင်းခဲ့ရတာကြောင့် ချယ်လ်ဆီးနည်းပြကွန်တီကတောင် ငွေသုံးနိုင်မှုနဲ့ ချန်ပီယံဆု ရယူနိုင်မှု တိုက်ရိုက်အချိုးကျတာ စပါးသိသင့်တယ်လို့ သတိပေးခဲ့ဖူးပါတယ်။ စပါးဟာ လတ်တလောမှာ ကွင်းသစ်တည်ဆောက်နေပြီး ဒီကွင်းသစ်စီမံကိန်းကြောင့် စပါးအသင်း ဘဏ္ဍာရေး အကျပ်အတည်းကြုံရဦးမယ်လို့ ဒီလိုအတွေ့အကြုံရှိခဲ့တဲ့ အာဆင်နယ်နည်းပြ ဝင်းဂါးက မှတ်ချက်ချသွားခဲ့ပါသေးတယ်။

မေလှဲ့သင်း–ရေးသားသည်

# အကောင်းဆုံးနည်းပြဆုရရှိပြီး နာရီပိုင်းအတွင်း အသင်းတန်းဆင်းရတဲ့ဖြစ်ရပ်

ဝက်စ်ဘရွန်းအသင်းယာယီနည်းပြအဖြစ် တာဝန်ယူထားတဲ့ ဒါရင်းမိုးဟာ ဧပြီလအတွက် တစ်လတာ အကောင်းဆုံးနည်းပြဆုကို မေ ၈ ရက်က ဆွတ်ခူးရရှိခဲ့ပြီးနောက် နာရီပိုင်းအကြာမှာပဲ သူကိုင်တွယ်နေတဲ့ ဝက်စ်ဘရွန်းက တန်းဆင်းသွားခဲ့ရပါတယ်။ ဒါရင်းမိုးဟာ ဒီဆုကို လက်ခံရယူပြီး ခြောက်နာရီ မပြည့်မီမှာပဲ ဝက်စ်ဘရွန်းက တန်းဆင်းဖို့ သေချာသွားခဲ့တာဖြစ်ပါတယ်။ ဒါရင်မိုး ဆုလက်ခံရယူချိန်က ညနေ ၄ နာရီဝန်းကျင်ခန့်ဖြစ်ပြီး အဲဒီနေ့ ည ၉ နာရီ မိနစ် ၄၀ အချိန်မှာ ဆောင်သမ်တန်နဲ့ ဆွမ်ဆီးတို့ ယှဉ်ပြိုင်ခဲ့တဲ့ ပွဲစဉ်မှာ ဆောက်သမ်တန်အသင်းက တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိသွားခဲ့ပြီး အနိုင်အရှုံးအဖြေပေါ်သွားခဲ့တာကြောင့် ဝက်စ်ဘရွန်းအသင်း တန်းဆင်းဖို့ သေချာသွားခဲ့တာဖြစ်ပါတယ်။

ဒါရင်းမိုးဟာ ထုတ်ပယ်ခံလိုက်ရတဲ့ နည်းပြအလန်ပါဂျူးနေရာမှာ ယာယီနည်းပြအဖြစ် ဆောင်ရွက်နေသူဖြစ်ပြီး သူ့လက်ထက်အတွင်း ဝက်စ်ဘရွန်းအသင်းရဲ့ ရလဒ်တွေ သိသိသာသာကောင်းမွန်နေတာဖြစ်ပါတယ်။ ဒါရင်းမိုးဟာ ဝက်စ်ဘရွန်းကို ငါးပွဲကိုင်တွယ်ခဲ့ရာမှာ သုံးပွဲနိုင်၊ နှစ်ပွဲသရေနဲ့ ရှုံးပွဲမရှိခဲ့တာဖြစ်ပါတယ်။ ဧပြီလအတွင်းကိုင်တွယ်ခဲ့တဲ့ လေးပွဲမှာ နှစ်ပွဲနိုင်၊ နှစ်ပွဲသရေ ရလဒ်ထွက်ပေါ်ခဲ့ပြီး အဲဒီအထဲမှာ မန်ယူအသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့နိုင်၊ လီဗာပူး အသင်းကို နှစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်အောင် ဦးဆောင်နိုင်ခဲ့တာပါ။

တစ်လတာ အကောင်းဆုံးနည်းပြဆုကို ဆွတ်ခူးခဲ့တဲ့ ဒါရင်းမိုးဟာ လေ့ကျင့်ရေးကွင်းမှာ ကစားသမားတွေ၊ နည်းပြအဖွဲ့ဝင်တွေနဲ့အတူ အောင်ပွဲခံခဲ့သေးပေမယ့် နောက်ထပ်ခြောက်နာရီ မပြည့်ခင်မှာပဲ သူ့အသင်းက တန်းဆင်းဖို့ သေချာသွားခဲ့တာဖြစ်ပါတယ်။ တန်းဆင်းဖို့ သေချာသွားတဲ့နောက် ရာသီသိမ်းပွဲစဉ်အဖြစ် ယှဉ်ပြိုင်ခဲ့တဲ့ ခရစ္စတယ်ပဲလေ့စ်အသင်းနဲ့ ယှဉ်ပြိုင်ခဲ့တဲ့ ပွဲစဉ်မှာတော့ နှစ်ဂိုးပြတ်နဲ့ ရှုံးနိမ့်ခဲ့ပြီး ဒါရင်းမိုးလက်ထက် ပထမဦးဆုံး ရှုံးပွဲဖြစ်ခဲ့ပါတယ်။

■



# ဒုဋ္ဌဝတီကို လွန်၍

ဆွေဇင်နေမင်း

လတ်တလော မြန်မာ့ရုပ်ရှင် ရုံတင်ဇာတ်ကားများ အနက်မှ ပရိသတ်စိတ်ဝင်စားမှုကို အမြင့်ဆုံးရရှိထားသည့်"ဒုဋ္ဌဝတီကို လွန်၍"ရုပ်ရှင်ကို ရွေးချယ်ကြည့်ရှုဖြစ်သည်။ "ဒုဋ္ဌဝတီကို လွန်၍" ရုပ်ရှင်သည် Golden Hour Entertainment မှ ပွဲဦးထွက်တင်ဆက်လာသည့် ရုပ်ရှင်ဇာတ်ကားဖြစ်ပြီး ဒါရိုက်တာ အာကာ၏ ဖန်တီးမှုလက်ရာဖြစ်သည်။

"ဒုဋ္ဌဝတီကို လွန်၍" ရုပ်ရှင်ကို ကြည့်ရှုပြီးသောအခါ ရုပ်ရှင်ချစ်ပရိသတ်တစ်ဦးအနေဖြင့် ဦးစားပေးရေးသားလိုသည်က ဇာတ်ဆောင်များ ရွေးချယ်နေရာချထားမှု ဖြစ်သည်။ နိုင်းနိုင်းနှင့် ဇော်ဇော်အောင် တွဲဖက်မှုအပြင် သရုပ်ဆောင် ဆန်းထွန်းကို ရဲအရာရှိအဖြစ်မြင်တွေ့ရသည်က စိတ်ကျေနပ်ဖွယ်ရာ ရွေးချယ်မှုဟု ဆိုရပေမည်။ လူကြမ်းသရုပ်ဆောင်ဘက်ခြမ်းတွင် Joe Moreiraနှင့် နော်အောင်တို့နှစ်ဦး၏ တွဲဖက်မှုကို မြင်တွေ့ရသည်။

သရုပ်ဆောင်များအကြောင်း ရွေးထုတ်ပြောရပါလျှင် Joe Moreira နှင့် နော်အောင်တို့တွဲဖက်မှုတွင် နော်အောင်၏ သရုပ်ဆောင်ချက်များနှင့် ပုံရိပ်များက ပရိသတ်ကို ပိုမိုဆွဲဆောင်နိုင်ခဲ့သည်။ အဘယ်ကြောင့်ဆိုသော် Joe Moreira ၏ သရုပ်ဆောင်ဟန်များနှင့် စကားပြောဟန်များတွင် ဟာကွက်များစွာရှိနေသည်။ အသံပိုင်း သရုပ်ဆောင်မှုတွင် ခံစားသက်ဝင်မှုနှင့် အသံပီသ ရှင်းလင်းမှုအားနည်းသည်ဟု ထင်မိသည်။

ထို့ကြောင့် လူကြမ်းဘက်ရှိ တွဲဖက်သရုပ်ဆောင်နှစ်ဦးကို နှိုင်းယှဉ်မိသောအခါ Joe Moreira ၏ သရုပ်ဆောင်ဟန်များထက် နော်အောင်သရုပ်ဆောင်မှုကိုသာ ပိုမိုနှစ်သက်မိသည်။ ထို့ပြင် နောက်ဆုံးဇာတ်ဝင်ခန်းများထဲမှ အရေးကြီးဇာတ်ဝင်ခန်းဖြစ်သည့် နိုင်းနိုင်းနှင့် နော်အောင်၏ အက်ရှင်ဇာတ်ဝင်ခန်းသည် ပရိသတ်၏အာရုံကို ဖမ်းစားနိုင်ခဲ့သော ဇာတ်ဝင်ခန်းဖြစ်ခဲ့သည်။

ထပ်မံ၍ ဤဇာတ်လမ်း၏ အကြိုက်ဆုံး တွဲဖက်မှုကို ဖော်ပြရလျှင် အဓိကသရုပ်ဆောင် နိုင်းနိုင်းနှင့် သရုပ်ဆောင်ဇော်ဇော်အောင်တို့၏ တွဲဖက်မှုဖြစ်သည်။ လိုက်ဖက်ညီသော တွဲဖက်မှုအဖြစ် ဇာတ်လမ်းတောက်လျှောက်တွင် ကြည့်ရှုခံစားကြခြင်းကြောင့် ပရိသတ်များအတွက် စိတ်ကျေနပ်ဖွယ်ရာ ဖြစ်ခဲ့သည်။

တစ်ဦးချင်းအကြောင်းကို ထပ်မံရွေးချယ်ပြောရလျှင် သရုပ်ဆောင် နိုင်းနိုင်းအကြောင်းကို ဦးစွာဖော်ပြလိုပါသည်။ ဇာတ်ကားရိုက်ကူးမှုများ အနားယူထားရာမှ အနုပညာလမ်းကြောင်းပေါ်သို့ ပြန်တက်လာသော မင်းသားတစ်ဦးအနေဖြင့် နိုင်းနိုင်း၏ တစ်ကျော့ပြန်ခရီးသည် အောင်မြင်သည်ဟု အကြမ်းဖျင်းယူဆနိုင်သည်။ နိုင်းနိုင်း၏ ဇာတ်ကောင်ရွေးချယ်မှုသည် မှန်ကန်သော အခြေအနေတစ်ခုဖြစ်ခဲ့ရုံမက တစ်ခေတ်တစ်ခါက ဗီဒီယိုဈေးကွက်များတွင် အတွေ့ရများခဲ့သော နိုင်းနိုင်း၏ သွင်ပြင်များ ပျောက်ကွယ်သွားသည်အထိ ဤဇာတ်လမ်းထဲတွင် သူ့အရှိန်အဝါကို ခံစားမိစေခဲ့သည်။ ယခင်မြင်တွေ့ခဲ့ဖူးသော ဇာတ်ကောင်ပုံစံများမှ ခွဲထွက်၍ နိုင်းနိုင်းကို ပုံစံသစ်ဖြင့် တွေ့မြင်ရသည်။ ထို့ကြောင့် ကာလရှည် အနုပညာသက်တမ်းတစ်ခုကို ဖြတ်သန်းပြီးသောအခါ နိုင်းနိုင်းသည် သူနှင့်လိုက်ဖက်သော ဇာတ်ကောင်ပုံစံတစ်ခုကို ဤရုပ်ရှင်မှတစ်ဆင့် ပရိသတ်ထံသို့ ရွေးချယ်ချပြနိုင်ခဲ့ပြီဟု ဆိုချင်သည်။

ထပ်မံဖော်ပြပေးရမည့်သူက အောင်မင်းအဖြစ် သရုပ်ဆောင်ခဲ့သော သရုပ်ဆောင်ဇော်ဇော်အောင်ဖြစ်သည်။ ဇော်ဇော်အောင်၏ အနုပညာသက်တမ်းတစ်လျှောက်တွင် လုပ်ပိုင်ခွင့်အရဆုံး ဇာတ်ကောင်တစ်ခုကို "ဒုဋ္ဌဝတီကို လွန်၍" ရုပ်ရှင်တွင် လုပ်ခွင့်ရခဲ့သည်ဟု ထင်မိသည်။ အောင်မင်းအဖြစ် ဇာတ်ကောင်စရိုက်ခိုင်မာရုံသာမက ဇာတ်လမ်းတွင် ပါဝင်ပတ်သက်မှုအနေအထားအရ အရေးပါသော ဇာတ်ကောင်တစ်ခုဖြစ်သည်။ ထို့ပြင် ချီးကျူးရမည့်အချက်က ဇော်ဇော်အောင်သည် ရရှိလာသော အခွင့်အရေးတွင် သူ၏သရုပ်ဆောင်ပညာကို ကောင်းစွာအသုံးချနိုင်ခဲ့ခြင်းဖြစ်သည်။ မြင်တွေ့နေကျ ဇော်ဇော်အောင်၏ပုံရိပ်များမှ ကွဲထွက်သည်အထိ ဤရုပ်ရှင်တွင် အောင်မင်း၏ ဇာတ်ရုပ်ကို အမိအရ ဖမ်းယူပြခဲ့သည်။ ထက်ပိုင်နှင့် ဆောင်းနန္ဒာကြားတွင် မောပန်းနေရသော ရုပ်ရှင်ကြည့်ပရိသတ်များအတွက် အောင်မင်း၏ အလွဲများသည် စိတ်အပန်းဖြေစရာ ဖြစ်လာသည်။ ရုပ်ရှင်ကြည့်ရင်း လေးလံလာသော ပရိသတ်၏အာရုံကို အောင်မင်းဇာတ်ကောင်နေရာမှ ဇော်ဇော်အောင်က လှုပ်နှိုးပေးနိုင်ခဲ့သည်။

ထပ်မံ၍ ဤရုပ်ရှင်တွင် အဓိကဇာတ်ဆောင် အဖြစ် ပါဝင်ထားသော သရုပ်ဆောင် အမွန်းအကြောင်း ဝေဖန်ရေးသားမှုပြုလိုပါသည်။ အမွန်းသည် ဤရုပ်ရှင် တွင် အဓိကဇာတ်ကောင် ဆောင်းနန္ဒာအဖြစ် သရုပ်ဆောင်ရပြီး ဇာတ်လမ်း၏ဇာတ်ကြောင်း ပြောသူနေရာအပြင် ဇာတ်လမ်းအကြောင်းအရာကို အဓိကဖော်ထုတ်သူ ဇာတ်ကောင်အဖြစ်ပါ သရုပ်ဆောင်ရသည်။ ဇာတ်ကောင် ဆောင်းနန္ဒာ တစ်ဖြစ်လဲအမွန်း၏ နောက်ခံစကားပြောများသည် ဇာတ်လမ်းအရွေ့ကို သယ်ဆောင်ပေးခြင်းဖြစ်ရုံမက ဇာတ်ရှိန် အတက်၊ အကျနှင့် ပရိသတ်အာရုံကိုပါ ဆွဲခေါ်ရမည့် တာဝန်ဖြစ်နေသည်။

သို့သော် သရုပ်ဆောင်အမွန်း၏ ခံစားသက်ဝင်မှု အားနည်းသော စကားပြောဟန်များ၊ အနိမ့်၊ အမြင့်၊ အတက်၊ အကျ သဘောမရှိသော အသံပိုင်းသရုပ်ဆောင်ချက်များက ဇာတ်လမ်း၏ ဇာတ်ရှိန်ကို မမြှင့်တင်ပေးနိုင်သည့်အပြင် ဇာတ်လမ်း၏အရသာကိုပါ လျော့ကျစေခဲ့သည်။

ထို့ကြောင့် ဒါရိုက်တာအာကာ၏ ဇာတ်ဆောင်ရွေးချယ်မှုတွင် သရုပ်ဆောင်အမွန်းကို ရွေးချယ်အသုံးပြုမှုသည် အကြီးမားဆုံးသော လွဲချော်မှုဟု သုံးသပ်မြင်မိသည်။ သရုပ်ဆောင်အသစ်တစ်ဦးအနေဖြင့် အမွန်းသည် သရုပ်ဆောင်ပိုင်းတွင် ကြိုးစားလုပ်ဆောင်ခဲ့သော်လည်း မနိုင်ဝန်ထမ်းသည့် အနေအထားမျိုး ဖြစ်ခဲ့ရပြီး တွဲဖက်သရုပ်ဆောင်ရသည့် ဝါရင့်သရုပ်ဆောင်နှစ်ဦးကြားတွင် တွဲစပ်မရတဲ့အခြေအနေ ဖြစ်ခဲ့ရသည်။

ဆက်လက်၍ ရေးသားရလျှင် "ဒုဋ္ဌဝတီကို လွန်၍" ရုပ်ရှင်မှ ဒါရိုက်တာအာကာ၏ ဖန်တီးတင်ဆက်မှုများအကြောင်း ဖြစ်ပါသည်။ ဇာတ်လမ်းဖော်ပြမှုတွင် ရုပ်၊ သံအရည်အသွေး လိုအပ်ချက်များစွာ ရှိနေသည်။ ထို့ပြင် ဇာတ်လမ်းပိုင်းတွင် ချဲ့ကားဖော်ပြမှုများကိုလည်း ရုပ်ရှင်ကြည့်ရင်း ခံစားမိသည်။ ဥပမာအားဖြင့် တံတားပေါ်တွင် ဗုံးပေါက်သော ဇာတ်ဝင်ခန်းသည် ဖော်ပြချက်အပိုဟုသာမြင်မိသည်။ ထို့ပြင် နော်အောင်နှင့် နိုင်းနိုင်းတို့၏ အက်ရှင်ဇာတ်ဝင်ခန်းတွင် ဒိုင်း၊ လက်နက်များကို ထည့်သွင်းအသုံးပြုထားခြင်းသည် လိုအပ်ခြင်း ရှိ၊ မရှိ အတွေးပွားစရာ ဖြစ်လာသည်။ သရုပ်ဆောင်နှစ်ဦး၏ အနေအထားအားဖြင့် ဇာတ်ရှိန်မြင့်တက်နေချိန်တွင် မလိုအပ်သော အပိုအသုံးချမှုများဟု ထင်မိသည်။ မပီပြင်သော ဖန်တီးမှုများကြားတွင် အမှားများ ဖောင်းပွလာခြင်းကလွဲ၍ ဇာတ်လမ်းအပေါ် အထောက်အပံ့ မပြုနိုင်သော အသုံးပြုမှုတချို့အဖြစ် ထိုအရာများကို ရှုမြင်မိသည်။

ဤနေရာတွင် ဇာတ်လမ်းနှင့်ပတ်သက်၍ ချီးကျူးမှုတစ်ခု ရွေးထုတ်ရေးရပါလျှင် ဇာတ်လမ်းနှင့် လိုက်ဖက်သော ဇာတ်ဝင်တေးများ အသုံးပြုနိုင်မှုသည် ဤရုပ်ရှင်၏ အကောင်းဆုံး ဖော်ပြချက် ဖြစ်သည်။

မည်သို့ပင်ဆိုစေ "ဒုဋ္ဌဝတီကို လွန်၍" ရုပ်ရှင်သည် လက်ရှိမြန်မာ့ရုပ်ရှင် ဇာတ်ကားများကြားတွင် ပုံစံသစ်ဖြင့် ဖောက်ထွက်လာသည်မှာ အမှန်ပင်ဖြစ်သည်။ အားသာချက်များနှင့် အားနည်းချက်များ ဒွန်တွဲရှိနေသော်လည်း ဖန်တီးသူများ၏ ဖြူစင်သော စေတနာအားကိုဖြင့် အသိအမှတ်ပြုရပေလိမ့်မည်။

ထို့ကြောင့် ရုပ်ရှင်ပိတ်ကားပေါ်တွင် အောင်မြင်စွာ နေရာယူခဲ့ပြီဖြစ်သော ဒုဋ္ဌဝတီ၏ စီးဆင်းမှုအလှကို ပရိသတ်များဘက်က ခံစားကြည့်ရှုပေးရန် လိုအပ်ပါကြောင်း ညွှန်းဆိုရပေသည်။ ။



# ကော်ဇောနီပေါ် ပထမဆုံးအကြိမ် လျှောက်လှမ်းခဲ့တဲ့ ဂျိုးအော်ဝင်န်

ဗြိတိန်သရုပ်ဆောင်မင်းသား ဂျိုးအော်ဝင်န်ဟာ နိုင်ငံတကာရုပ်ရှင်ပွဲတော်ဖြစ်တဲ့ ကန်းစ်ရုပ်ရှင်ပွဲတော်ရဲ့ ကော်ဇောနီပေါ် ပါဝင်လျှောက်လှမ်းခဲ့တာ တွေ့ရပါတယ်။ ဒီလို ရုပ်ရှင်နဲ့ပတ်သက်တဲ့ နိုင်ငံတကာပွဲတော်တစ်ခုရဲ့ ကော်ဇောနီပေါ် ပါဝင်လျှောက်လှမ်းတာဟာ တက်သစ်စသရုပ်ဆောင်တစ်ဦးဖြစ်တဲ့ ဂျိုးအော်ဝင်န်အတွက်တော့ ပထမဆုံးဖြစ်တယ်လို့ အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ မေ ၁၄ ရက် ညနေခင်းမှာတော့ ဂျိုးအော်ဝင်န်ဟာ ယင်းရုပ်ရှင်ပွဲတော်ရဲ့ အခမ်းအနားတစ်ခုကိုတက်ရောက်ကာ အမှတ်တရ ဂုဏ်ပြုဆုကို လက်ခံရယူခဲ့တာဖြစ်ပါတယ်။ အသက် ၂၇ နှစ်အရွယ်ရှိပြီဖြစ်တဲ့ မင်းသားဟာ အနာဂတ်မှာ ငွေရောင်ပိတ်ကားထက်ဝယ် တောက်ပလာနိုင်ပြီး အလားအလာရှိတဲ့ မျိုးဆက်သစ်ကြယ်ပွင့်တွေကို ရွေးချယ်ပေးအပ်တဲ့ ဂုဏ်ပြုဆုတံဆိပ်ကို လက်ခံရယူခဲ့ကြောင်းလည်း သိရပါတယ်။

ဂုဏ်ပြုဆုလက်ခံရယူအပြီး အမှတ်တရစကား ပြောကြားချိန်မှာတော့ သူ့ကို ပွဲတော်ရက်အတွင်း ထောက်ပံ့ကူညီခဲ့ကြတဲ့သူတွေကို ကျေးဇူးအထူးတင်ရှိကြောင်း ထည့်သွင်းပြောကြားခဲ့တာကိုလည်း တွေ့ရပါတယ်။ ဂျိုးအော်ဝင်န်က တစ်ချိန်က ဒီလိုဂုဏ်ပြုဆုမျိုးကို လက်ခံရယူခဲ့ကြဖူးသူတွေဟာ အနုပညာလောကမှာ အောင်မြင်တဲ့သူတွေဖြစ်နေကြတာကို သိရတဲ့အတွက် သူ့ရဲ့ အနုပညာခရီးအစပျိုးချိန်မှာ ဒီလိုဆုလက်ခံရရှိခဲ့တာဟာ သူ့အတွက်တော့ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုဖြစ်စေပြီး ရှေ့ဆက်လျှောက်လှမ်းဖို့ရာ တကယ့်ကို ကောင်းမွန်တဲ့ တွန်းအားတစ်ရပ်ဖြစ်ခဲ့ကြောင်းလည်း မင်းသားက ပြောကြားခဲ့ပါတယ်။ ဂျွန်ဘိုရေဂါဟာလည်း တစ်ချိန်က ဒီလိုဂုဏ်ပြုဆု ပေးအပ်ခံခဲ့ရပြီး အလွန်ကိုအောင်မြင်တဲ့ မင်းသားတစ်ဦး ဖြစ်လာခဲ့တာတွေ့ရပါတယ်။

ဂျိုးအော်ဝင်န်ကိုတော့ ပေ့ါပ်တေးဂီတ ချစ်မြတ်နိုးကြသူပရိသတ်တွေက သတိထားမိကြမှာဖြစ်ပါတယ်။ သူဟာ ပေ့ါပ်ကြယ်ပွင့် တေလာဆွစ်ရဲ့ လက်ရှိချစ်သူဖြစ်ပြီး သူတို့နှစ်ဦးရဲ့ အချစ်ရေးကိုတော့ တိတ်တဆိတ်နဲ့ ရှေ့ဆက်နေကြတာဖြစ်ပါတယ်။

ဂျိုးအော်ဝင်န်ဟာ ရုပ်ရှင်ဇာတ်ကားပေါင်းများစွာကို လက်ခံရိုက်ကူးပေးနေတာဖြစ်ပြီး အဲဒီထဲကမှ ကျော်ကြားတဲ့ ရုပ်ရှင်တစ်ကားကတော့ ဘုရင်မကြီး အယ်လိဇဘတ် ၂ အကြောင်း ရိုက်ကူးထားတဲ့ "Mary Queen of Scots" ဖြစ်ပါတယ်။ ဒီရုပ်ရှင်မှာတော့ ဂျိုးအော်ဝင်န်ဟာ ဘုရင်မကြီးရဲ့ ချစ်သူအဖြစ် ပါဝင်သရုပ်ဆောင်သွားမှာဖြစ်ပြီး လာမယ့် ၂၀၁၉ ခုနှစ် အတွင်း စတင်ရုံတင်သွားဖို့ရာ စီစဉ်ထားကြောင်းလည်း သိရပါတယ်။

အေးပြည့်

# ကျေးဇူးတင်ဂုဏ်ပြုလွှာ

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့ကျက်သရေဆောင်
ရှုဋ္ဌာမုနိလောကချမ်းသာစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏ နာယကကြီးဖြစ်သော
**ဝဏ္ဏကျော်ထင် စည်သူ ဦးအောင်ကိုဝင်း** သည်
ယခုလက်ရှိ ရှုဋ္ဌာမုနိလောကချမ်းသာစေတီတော်မြတ်ကြီး ပွင့်ထွန်းပေါ်ပေါက်စေရန်
ဤ သီရိပုညဝဖုန ကုန်းတော်ပေါ်တွင် လူမှုစီးပွားဆိုင်ရာ အဆောက်အဦများ ဆောက်လုပ်ခြင်းငှာ
မသင့်တော်ပါကြောင်း၊ မြို့ဝင်မြို့ထွက်၊ မြို့ဦးမြို့ထိပ်မှာ အောင်အတိတ် အောင်နိမိတ်ဆောင်နိုင်မည့်
အနယ်နယ်အရပ်ရပ်မှ လာရောက်ကြသော ခုနစ်ရက်သားသမီးများ
ကြည်ညိုသဒ္ဓါ ပွားနိုင်စေဖို့ ဘုရားစေတီကိုသာ တည်ထားကိုးကွယ်သင့်ပါကြောင်း၊
ကောင်းမြတ်သော အကြံဉာဏ်ကို ကုသိုလ်စိတ်ယှဉ်လျက်
ထိုခေတ် ထိုအခါက တာဝန်ရှိအကြီးအကဲများအား အချိန်မီ တင်ပြပေးနိုင်ခဲ့သည့် ဂုဏ်ကျေးဇူး၊
ရှုဋ္ဌာမုနိလောကချမ်းသာ စေတီတော်မြတ်ကြီး လိုဏ်ဂူအတွင်းရှိ
ကောဏဂုံရုပ်တော်မူမြတ်စွာဘုရား ရုပ်ပွားတော်တစ်ဆူ သွန်းလုပ်လှူဒါန်းရာတွင် ကျသင့်အလှူငွေအပြင်
မျက်နှာတော်သက်သက် သွန်းလုပ်မှုအတွက် ရွှေစင်ရွှေသား (၁) ပိဿာ (၅)ကျပ်သား တိတိကို
မိသားစုအလိုက်သဒ္ဓါထက်သန်စွာ လှူဒါန်းခဲ့သည့် ဂုဏ်ကျေးဇူး၊
ရှုဋ္ဌာမုနိလောကချမ်းသာ စေတီတော်မြတ်ကြီး စတင်တည်ဆောက်စဉ်က
ရင်ပြင်တော်တစ်ခုလုံးအား လှူဒါန်းခဲ့သည့် ဂုဏ်ကျေးဇူး၊
ရှုဋ္ဌာမုနိလောကချမ်းသာ စေတီတော်မြတ်ကြီး၏ အဝင်အထွက်၊ အတက်အဆင်း
မုခ်ဦးကြီးများကို မိသားစုအလိုက် ဆောက်လုပ်လှူဒါန်းခဲ့သည့် ဂုဏ်ကျေးဇူး၊
ရှုဋ္ဌာမုနိလောကချမ်းသာ စေတီတော်၊ ဇေတဝန် သာသနာ့ဗိမာန်တော်ကြီးတွင် စံပျော်လျက်ရှိသော
ဗုဒ္ဓမြတ်စွာ ကြေးဆင်းတုတော်ကြီးတစ်ဆူ လှူဒါန်းပူဇော်ပေးသည့် ဂုဏ်ကျေးဇူး၊
ယခုအခါ (၂၀၁၈ ခုနှစ်)တွင် ထပ်မံ၍ ရှုဋ္ဌာမုနိလောကချမ်းသာ စေတီတော်မြတ်ကြီး၏
ရင်ပြင်တော်တစ်ခုလုံး ဘက်စုံပြုပြင်မွမ်းမံမှုအတွက်
**အလှူတော်ငွေ (၂၄၀၂၈၇၀၀၀)**
**ကျပ်သိန်းပေါင်း နှစ်ထောင့်လေးရာ နှစ်သိန်း ရှစ်သောင်း ခုနစ်ထောင် တိတိကို**
မိသားစုအလိုက် သဒ္ဓါတရားထက်သန်စွာ ကုသိုလ်ပြု လှူဒါန်းခြင်း ဂုဏ်ကျေးဇူး စသည့် စသည့်
များမြတ်လှသော ကျေးဇူးဂုဏ် အထွေထွေအတွက် ဝမ်းမြောက်နမော် သာဓု အကြိမ်ကြိမ် ခေါ်ဆိုအပ်ပါသည်။
နာယကကြီး ဝဏ္ဏကျော်ထင် စည်သူ ဦးအောင်ကိုဝင်း
ဇနီး သီဟသုဓမ္မသိင်္ဂီ၊သီရိ သုဓမ္မသိင်္ဂီ၊ အဂ္ဂမဟာ သီရိ သုဓမ္မသိင်္ဂီ ဒေါ်နန်းသန်းထွေး (လူမှုထူးချွန်ပထမ ဆင့်)
သမီး နန်းလိုင်းခမ်း၊ နန်းခမ်းနောင့်၊ နန်းမိုဟွမ်တို့ မိသားစု ကိုယ်ရောစိတ်ပါ ကျန်းမာချမ်းသာကြပါစေ၊
လောကီလောကုတ္တရာ နှစ်ဖြာသော ကောင်းကျိုးကို ဆထက်တိုးပြီး သယ်ပိုးဆောင်ရွက်နိုင်ကြပါစေဟု
ဆုမွန်ကောင်းတောင်းလျက် ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

စေတီတော် ဂေါပကအဖွဲ့
စုဋ္ဌာမုနိလောကချမ်းသာစေတီတော်
တောင်ကြီးမြို့


MAB
Myanma Apex Bank
VISA
FIFA WORLD CUP RUSSIA 2018
worldwide partner
EMBRACE YOUR LIFESTYLE
FIRST VERTICAL VISA CARD IN MYANMAR
COURTESY OF VISA
VISA PLATINUM CREDIT CARD
VISA CLASSIC CREDIT CARD
MAB VISA FIFA WORLD CUP™ CREDIT CARD
Visa နှင့် MAB Bank မှပေးသော Discount နှင့် အကျိုးခံစားခွင့်များ ရရှိနိုင်ခြင်း
ကတ်အခမဲ့လျှောက်ထားနိုင်ခြင်း
MAB iBanking အကောင့်ကိုအခမဲ့ဖွင့်ပေးခြင်း
Get MAB CARD
APPLY NOW!
Available at Any MAB Branches
(While Stock Last)
CALL CENTER : 01 8610612
Scan QR Code with your Smart Phone to Find MAB Branches

## ပိုင်ဆိုင်မှုခိုင်မာသည့် ဂရန်မြေကွက်ကျယ်ကြီးရောင်းမည်

(၀၉-၂၀၃၉၅၆၆၊ ၄၄၈၅၄၈၇၇၈၊ ၈၃၀၀၄၄၂)

နေပြည်တော်၊ မြို့မဈေးအနီး၊ ရွှေနံ့သာတန်ဖိုးနည်းအိမ်ရာအနီး၊ ငလိုက်ကန်သာအပန်းဖြေစခန်းအနီး၊ ငလိုက်ကန်သာ ဆင်စခန်းအနီး၊ မင်းကုန်းအုတ်စက်ရုံအနီး၊ ပတ်ကားခြံခတ်ပြီး (11KVA)ဓာတ်အားလိုင်း သွယ်တန်းပြီး၊ ပေ(60x40) (RC) တစ်ထပ်အဆောက်အအုံ အသစ်တစ်လုံးပါပြီး၊ မြေပြင်ရန်မလို၊ ရေမီးအပြည့်အစုံရပြီး၊ (ပျဉ်းမနား-တောင်ညိုကားလမ်းမကြီးဘေးမေးတင်)၊ (KLO) စက်သုံးဆီဆိုင်ရှေ့တွင်ရှိသော နေရာအလွန်ကောင်း၊ နှစ်ကိုးဆယ် ဂရန်ကြီးကျပြီး၊ ငါးဧကခန့်အပြင် (၁၀၅/၁၀၆)ရပြီး၊ တစ်ဆက်တစ်စပ်တည်းရှိ ကျန်လေးဧကနီးပါးခန့်၊ စုစုပေါင်းကိုးဧကခန့်ရှိ မြေကွက်ကျယ်ကြီးရောင်းမည်။ ခွဲ၍မရောင်းပါ။ ဈေးနှုန်း(ညှိနှိုင်း)




### ဖခင်အမည်မှန်

ပန်းတောင်းမြို့နယ် အထက (ဂုံညင်းတန်း) နဝမတန်းမှ မောင်ပိုင်သူထွန်းနှင့် ဆဋ္ဌမတန်းမှ မအိမ့်နေခြည်ခင်တို့၏ ဖခင်အမည်မှန်မှာ ဦးအောင်ကိုကို [၇/ပတန(နိုင်)၁၂၂၅၅၄] ဖြစ်ပါကြောင်း။

### လှည်းကူးမြို့မြေကွက်များ ရောင်းရန်ရှိသည်။

လှည်းကူးမြို့အထွက်၊ Main လမ်းမအနီး၊ ရေ၊ မီးအပါ မြေကွက်များပေ(၄၀×၆၀) (၄၅သိန်းမှ ၆၅ သိန်းအထိ)**ဖုန်း၀၉-၇၆၁၃၄၂၁၃၄ ၀၉-၇၆၉၈၂၃၆၁၈**

### ဂိုဒေါင်ငှားမည်

သံသုမာလမ်းမပေါ်
၂၀'×၆၀'
သွားကောလိပ်နီး
**ဖုန်း-၀၉ ၅၀၅၇၈၇၃**

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
### ပညာရေးဝန်ကြီးဌာန
### အဆင့်မြင့်ပညာဦးစီးဌာန
### မုံရွာတက္ကသိုလ်
### တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၈ ခုနှစ် (ဧပြီလမှ စက်တင်ဘာလအထိ) မုံရွာတက္ကသိုလ်တွင် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

(က) (၃)ထပ်စာသင်ဆောင် (၂)လုံး ဆောက်လုပ်ခြင်း (၂၁၆'×၃၈'×၃၆') RC (ရေမီး အပါအဝင်) (၂၄၆၂၄၈/ပေ)

(ခ) (၄)ခန်းတွဲ (၂)ထပ်ဝန်ထမ်းအိမ်ရာ (၁)လုံးဆောက်လုပ်ခြင်း၊ (၁၀၀'×၂၅') RC (ရေမီး အပါအဝင်)

(ဂ) ဘွဲ့နှင်းသဘင်ခန်းမအတွင်းပိုင်း Air-Con မီးလိုင်းသွယ်တန်းခြင်း (270m) 44, 35mm2, 2-25mm2, 270m အတွင်းမီးလိုင်း 1C-6mm2, 1C-4mm2,C-16mm2(57Coin) အတွင်းမီးလိုင်း MCCB, MCB, (၁၄)လုံး တပ်ဆင်ခြင်း၊ Air-Con တပ်ဆင်ခြင်း(ကြေးပိုက်) ၃၀၀၀'၊ ရေပိုက် ၃၀၀၀' တပ်ဆင်ခြင်း၊ဘွဲ့နှင်းသဘင်ခန်းမ 300KVA 120mm2 (150m)မီးစက်တပ်ဆင်ခြင်း၊ အပြင်မီးလိုင်း Chain Over 400A သွယ်တန်းခြင်း၊ Air-Con (Ceiling Type) (14 Nos), Aircon (Floor Standing Type) (14Nos), Aircon (Split Type) (4Nos) တပ်ဆင်ခြင်းအပါအဝင်

၂။ တင်ဒါလျှောက်လွှာပုံစံစတင်ရောင်းချမည့်ရက် - ၁၄-၅-၂၀၁၈ ရက် (ရုံးချိန်အတွင်း)
တင်ဒါပိတ်မည့်ရက် - ၂၈-၅-၂၀၁၈ ရက် (ညနေ ၄း၃၀ နာရီထိ)

၃။ အသေးစိတ်သိရှိလိုပါက မုံရွာတက္ကသိုလ်၏ ဘဏ္ဍာဌာန ဖုန်းနံပါတ် ၀၇၁-၂၁၂၆၁ ကို ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးအဖွဲ့**
**မုံရွာတက္ကသိုလ်**



















### ကန့်ကွက်နိုင်ကြောင်းကြေညာချက်

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ပတ္တမြား/တောင်၊ မြေကွက်အမှတ်- ၇၀၄၊ (၀. ၀၃၄)ဧက၊ မြေကွက်တည်နေရာအမှတ်-(၇၀၄) မြစံပယ် (၂) လမ်း၊ ပုလဲ(၃)ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ဒေါ်ယဉ်ယဉ်လတ် [၁၂/အစန(နိုင်) ၀၅၉၉၆၆] အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်ယဉ်ယဉ်လတ်ကိုယ်တိုင်မှ ၂၃-၈-၂၀၁၇ရက်တွင် ဘဏ်ချေးရန် မြေပုံလျှောက်ထားခဲ့ပါကြောင်း၊ မြေကွက်အား မိမိပိုင်ဆိုင်ပါကြောင်း၊ အဆိုပါ ဘဏ်ချေးမြေပုံအား အခြားဘဏ်သို့ ချေးငှားထားခြင်း၊ ပေါင်နှံခြင်းတို့မရှိပါကြောင်း၊ ဘဏ်ချေးမြေပုံ စာရွက်စာတမ်းမူရင်းပျောက်ဆုံးသွားသည်မှာ မှန်ကန်ပါကြောင်းပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက တာဝန်ယူဖြေရှင်းမည်ဖြစ်ပါကြောင်း (၃/၅၅၉) (၉-၃-၂၀၁၈)ရက် ကျမ်းကျိန်လွှာ နှစ်(၆၀)ဂရန် မူရင်းတို့ကို တင်ပြ၍ ဘဏ်ချေးရန်လျှောက်ထားလာရာ တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှု မရှိပါကလုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **ဌာနမှူး**

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**







မင်္ဂလာပါ
အိမ်ပြောင်း၊ အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေးများအတွက်
စျေးနှုန်းချိုသာစွာဖြင့်
Box ကားမျိုးစုံဖြင့်
အလုပ်သမားစီစဉ်ပေးသည်။
09-450042704
09-250095116
09-420096296

Khine ကိုရီးယားဘာသာသင်တန်းကျောင်း
(ကျောင်းခွဲမရှိပါ)
ကိုရီးယားနိုင်ငံတွင်လစာသိန်း(၂၀)ဝန်းကျင်ဖြင့်အလုပ်လုပ်ရန်
• လုပ်ငန်းအတွေ့အကြုံ ပညာအရည်အချင်းမလိုပါ၊
• E.P.S (TOPIK) စာမေးပွဲအောင်မြင်ရန်သာလိုပါသည်၊
• စာမေးပွဲ Form တင်ခြင်း၊ ပတ်စပို့စ်လျှောက်ခြင်း၊ ဆေးစစ်ခြင်းအားလုံးကျောင်းမှ စီစဉ်ပေးပါမည်၊
• တစ်ကြိမ်တည်းဖြေဆိုအောင်မြင်ရန် အထူးတန်းခွဲများဖြင့် ထိရောက်စွာသင်ကြားပေးပါသည်၊
• နယ်ကျောင်းသားများ အဆောင်နေ/စား စီစဉ်ပေးမည်၊
အမှတ်-(၁၁၁)၊ ၁၅လမ်း(အလယ်)၊ ၃-ထပ်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့
Ph : 09-73026940, 09-250641687
09-5162790
သင်တန်းဖွင့်မည့်ရက် - ၂၃.၅.၂၀၁၈

အမြန်ဝယ်ငှားလိုသည်
မင်္ဂလာဒုံ၊ မ/ဒဂုံ၊ လသာ၊ လမ်းမတော်
စမ်းချောင်း၊ လှိုင်၊ ကမာရွတ်ရှိ မြေကွက်၊
လုံးချင်း၊ ကွန်ဒိုတိုက်ခန်းများဝယ်ငှားလိုပါသည်
09-795517415, 09-964310584, 09 43105844

ဆင်ဖြူတော်
အိမ်ခြံမြေအကျိုးဆောင်
လူကြီးမင်းတို့ပိုင်ဆိုင်သောကွန်ဒို၊ လုံးချင်း၊ မြေကွက်၊ လမ်းမတန်းမြေညီထပ်၊
ရောင်း/ဝယ်/ငှား အမြန်ပြုလုပ်လိုပါက ပိုင်ရှင်မှ တိုက်ရိုက်ဆက်သွယ်အပ်နှံနိုင်ပါသည်။
(ရုံးချိန်) Ph: 09260593388, 09260593399



# ကုန်စည်များ ပိုမိုတင်ဆောင်နိုင်သည့် သင်္ဘောကြီးများ ဝင်ရောက်နိုင်ရန် ရန်ကုန်မြစ်ကြောင်း တူးဖော်



**ရန်ကုန် မေ ၁၅**

မြန်မာနိုင်ငံ၌ သွင်းကုန်ပို့ကုန်များ သယ်ယူပို့ဆောင်ရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် ကုန်စည်များ ပိုမိုတင်ဆောင်နိုင်သည့် ရေဆူးကိုးမီတာရှိ သင်္ဘောကြီးများ နေ့စဉ်နှင့်အမျှ ဝင်၊ ထွက်သွားလာနိုင်ရန် ရန်ကုန်မြစ်ကြောင်း သောင်တူးဖော်ရေးလုပ်ငန်းများကို စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

"အရင်က ရေဆူး ကိုးမီတာရှိတဲ့ သင်္ဘောတွေ ရေအလွန်တက်မှ ဝင်လို့ရတယ်၊ အဲဒါကြောင့် ၁၀ ရက်လောက်ပဲ ဝင်နိုင်တယ်၊ ရေလမ်းကြောင်းဟာ အရင်ထက် ပိုနက်လာမယ်ဆိုရင် ရန်ကုန်မြစ်ထဲကို ရေဆူးကိုးမီတာရှိတဲ့ သင်္ဘောကြီးတွေ နေ့စဉ်နီးပါး ဝင်နိုင်မယ်၊ အဲဒီသင်္ဘောကြီးတွေက ကုန်စည်တွေ အများကြီးတင်နိုင်ပါတယ်" ဟု မြန်မာ့ဆိပ်ကမ်း အာဏာပိုင် ရေကြောင်းဌာနမှ ဌာနမှူး ဦးအောင်ကျော်ထူးက ပြောသည်။

**စာမျက်နှာ ၆ ကော်လံ ၄ သို့** ❖

## သတင်းစာရှင်းလင်းပွဲ ကျင်းပမည်

**နေပြည်တော် မေ ၁၅**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့၏ ဒုတိယ (၁)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို မေ ၁၇ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော် ရုံးအမှတ်(၇) ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး စုပေါင်းစည်းဝေးခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## AFC Cup ပြိုင်ပွဲ အာဆီယံဇုန်ဆီမီးဖိုင်နယ် ဒုတိယအကျော့ ရန်ကုန်နှင့် ဆီရက်စ်အသင်း ယနေ့ကစားမည်




**ရန်ကုန် မေ ၁၅**

၂၀၁၈ ရာသီ AFC Cup ပြိုင်ပွဲ အာဆီယံဇုန် ဆီမီးဖိုင်နယ် ဒုတိယအကျော့အဖြစ် ရန်ကုန်အသင်းနှင့် ဆီရက်စ်အသင်းသည် မေ ၁၆ ရက်(ယနေ့)ညနေ ၃ နာရီခွဲတွင် သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာကလပ် ရန်ကုန်အသင်းနှင့် ဖိလစ်ပိုင်ကလပ် ဆီရက်စ်အသင်းတို့၏ ပွဲကြိုသတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲပိုင်းက သုဝဏ္ဏဘောလုံးကွင်း သတင်းစာရှင်းလင်းပွဲခန်းမ၌ ကျင်းပသည်။

ရန်ကုန်ယူနိုက်တက်အသင်း နည်းပြချုပ် ဦးမျိုးမင်းထွန်းက "ပထမအကျော့ရလဒ်ကြောင့် ဒုတိယအကျော့မှာ ၂-၀၊ ၃-၁ ဂိုးနဲ့ အနိုင်ရဖို့လိုအပ်နေပေမယ့် ဒီပွဲက မြန်မာကလပ်အသင်းတွေ၊ ကစားသမားတွေနဲ့ နည်းပြတွေအတွက် စိန်ခေါ်မှုတစ်ခုဖြစ်ပါတယ်၊ မြန်မာနည်းပြတွေနဲ့ မြန်မာကလပ်အသင်းတွေ ဘယ်လောက်ထိလုပ်ပြနိုင်လဲဆိုတာ သက်သေပြရမှာပါ၊ ဒါကြောင့် ရလဒ်ကိုမေ့ထားပြီး စိန်ခေါ်မှု တစ်ခုအနေနဲ့ ဒီပွဲကို ယှဉ်ပြိုင်ကစားမှာပါ၊ ဒေးဗစ်ဒန်းနဲ့ ဆောင်လမန်တို့မရှိတော့ပေမယ့်

**စာမျက်နှာ ၆ ကော်လံ ၄ သို့** ❍

